ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ ရက် စတင်တည်ထောင်သည်
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ (20-1-2014) (၇၇၃၁)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ပူတာအို	၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၆ ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၈ ဒီဂရီစင်တီဂရိတ်
ဟားခါး	၈ ဒီဂရီစင်တီဂရိတ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပလျက်ရှိသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ သက်ဆိုင်ရာအားကစားရုံများတွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားရုံ(အေ)၌ ကျင်းပသော အမျိုးသမီးထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့်ထိုင်းနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းနှင့် ဖိလစ်ပိုင်နိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအသင်းက ထိုင်းနိုင်ငံအသင်းကို ရမှတ် ၂၅-၁၉၊ ၂၅-၂၁၊ ၂၅-၂၀ တို့ဖြင့်သုံးပွဲပြတ်အနိုင်ရရှိကာ ပထမရွှေတံဆိပ်ရရှိခဲ့ပြီး အမျိုးသမီးထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံအသင်းက အိမ်ရှင်မြန်မာနိုင်ငံအသင်းကို အနိုင်ရရှိသွားခြင်းကြောင့် အိမ်ရှင်မြန်မာနိုင်ငံအမျိုးသမီးအသင်းက ဒုတိယ ငွေတံဆိပ်ဆု ရရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကွမ်းခြံကုန်း၌ တည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း တည်ဆောက်မည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်သော ပတ်ဝန်းကျင်ထိခိုက်မှု၊ ဒေသတွင်း အကျိုးပြုမှုနှင့်လိုအပ်ချက်များ၊ လိုလားချက်များကို ကောင်းမြတ်သောမြေ ကုမ္ပဏီလီမိတက်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာ မေယဝတီဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့ဆွေးနွေးပွဲကျင်းပသည်။

လူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးပါသော ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံလူဦးရေသုံးပုံတစ်ပုံနှင့် ကျေးလက်နေပြည်သူ၏ ၁၆ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သေးရာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များမှာ များစွာကြီးမားလျက်ရှိကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ တစ်စိတ်တစ်ဒေသဖြည့်ဆည်းနိုင်ရန်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း

မြို့ကြီးရေလှောင်တမံမှာ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော ဘက်စုံစီမံကိန်းတစ်ခုဖြစ်ပါသည်။ ယင်းစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစား (ဇုန်အမျိုးအစား)ဖြစ်ပြီး တမံအလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၃၅၉၅၁၀ ဧကပေဖြစ်သည်။

၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်၍ အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ဆက်စပ်သောလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့ကြီးမြောင်းမတော် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

ယနေ့ မာတိကာ

လူမှုဘဝ မြင့်မားတိုးတက်ရေး
စာမျက်နှာ - ၂

စင်ကာပူဆီးဂိမ်းပြိုင်ပွဲအတွက် ဘိုးလင်းပြိုင်ပွဲ ကျင်းပမည်
စာမျက်နှာ - ၃

ပဲခူးမြို့မှ မီးတိုင်အိုများ
စာမျက်နှာ - ၅

အွန်လိုင်းအဝေးသင် ပညာရေး ဆောင်ရွက်နေသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်
စာမျက်နှာ - ၁၀

ကြေးမုံ စာတည်းရှုထောင့်   ၂၀-၁-၂၀၁၄၊ တနင်္လာနေ့

လူမှုဘဝ မြင့်မားတိုးတက်ရေး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ခံခဲ့ရသောကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရသည်။ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်သောကြောင့် ဆင်းရဲနွမ်းပါးမှုနှုန်းများခဲ့သည်။

ထိုအကျိုးဆက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခဲ့ရပြီး ဒေသခံပြည်သူများအနေဖြင့် မိမိတို့ နေရင်းအရပ်ဒေသများကို စွန့်ခွာကာ ရွှေ့ပြောင်းလုပ်သားများအဖြစ် မြို့ကြီးများသာမက ပြည်ပနိုင်ငံများအထိ သွားရောက် အလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ကြသူများအနက် အိမ်နီးချင်းနိုင်ငံများတွင် ရရာအလုပ်ကို ပင်ပန်းဆင်းရဲစွာဖြင့် သွားရောက်လုပ်ကိုင်ကြသော မြန်မာအလုပ်သမားများမှာ ယနေ့ကာလအထိ လူဦးရေ သုံးသန်းခန့်ရှိကြောင်း သိရသည်။

လက်ရှိကာလအထိ ကျေးလက်ဒေသများ၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖြစ်သည်။ ချို့တဲ့သူတို့က မြို့ပေါ်ရပ်ကွက်များတွင် အငှားယာဉ်၊ မြင်းလှည်း၊ ဆိုက်ကားနှင့် မော်တော်ဆိုင်ကယ် ကယ်ရီလုပ်ငန်းဖြင့် နေ့စဉ်ဝမ်းစာရှာဖွေကြသည်။

ထို့အပြင် ကျေးလက်တွင် နေထိုင်ကြသော အမျိုးသမီးငယ်အချို့မှာ စက်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသော်လည်း ကိုယ်ပိုင်အပ်ချုပ်စက် မရှိသဖြင့် အငှားစက်ချုပ်သမဘဝဖြင့် စီးပွားရှာကြရသည်။ ထိုသို့ အငှားလုပ်သားဘဝတွင် ရပ်တည်ကြရ၍ ပိုင်ရှင်တစ်ဝက်၊ လုပ်သားတစ်ဝက်ဖြင့် မိမိတို့ လူမှုဘဝအတွက် မလောက်မငဖြစ်ကြကာ ဘေးအန္တရာယ်များသော ရွှေ့ပြောင်းလုပ်သားအဖြစ်သို့ အချို့ကူးပြောင်းသွားကြသည်။

ထို့ကြောင့် ပြည်သူအများစု၏ အခက်အခဲများကို နိုင်ငံတော်က ကူညီဖြေရှင်း၊ စောင့်ရှောက်ပေးသောအားဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အသစ်များရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖော်ဆောင်ရေး၊ ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် ထူထောင်ရေး စသည့် ပြည်သူ့အကျိုးရှေးရှုသည့် လုပ်ငန်းအမျိုးမျိုးကို ရေတို၊ ရေရှည်စီမံကိန်းလုပ်ငန်းအမျိုးမျိုးချမှတ်၍ ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသလို သမဝါယမဝန်ကြီးဌာနက ကျေးလက်နေပြည်သူများ ကုန်ထုတ်အရင်းအနှီးများ ရရှိအောင် ဆောင်ရွက်ပေးနေသည်။ ထို့အပြင် အလုပ်သမားဝန်ကြီးဌာနက အလုပ်အကိုင်အဆင်ပြေရေးနှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသကဲ့သို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ် ဝန်ကြီးဌာနများကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ လုပ်ငန်းများ အောင်မြင်အောင် အားတက်ဖွယ် ဆောင်ရွက်နေကြသည်မှာ ပြည်သူလူထုအကျိုးစီးပွားအတွက် ဖြစ်သည်။

ယခုကဲ့သို့ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်နေကြခြင်းသည် နိုင်ငံသားအားလုံး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု နားလည်လက်ခံထားကြပြီးဖြစ်၍ အဆိုပါ အကျိုးစီးပွားအောင်မြင်ဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ ညီနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့နိုင်ငံတော်က စီမံကိန်းများချမှတ်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်ပေးနေခြင်းသည် မိမိတို့ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေသည်ကို နားလည်သဘောပေါက်ကြပြီး ဒေသအလိုက် ဦးဆောင်စီမံမှုအောက်တွင် လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူအားလုံး လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် ရှေးရှုပြီး အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းကူညီပါဝင်ဆောင်ရွက်ကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ ကဥ္စနကျွန်းသာဆန်စပါးအထူးပြုကုမ္ပဏီ၏ စက်ရုံအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြန်မာနိုင်ငံ ဆန်စပါးလောကတိုးတက်ဖွံ့ဖြိုးရေး၊ ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွား မြှင့်တင်နိုင်ရေးကိစ္စများဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆန်စပါးသည်မြန်မာနိုင်ငံအတွက် အထူးအရေးကြီးသီးနှံဖြစ်ကြောင်း၊ သို့ပါ၍ ဆန်စပါးဈေးနှုန်းသည် စားသုံးသူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် လိုအပ်သလို စိုက်ပျိုးသူတောင်သူလယ်သမားအများစုအတွက်လည်း တွက်ခြေကိုက်စေမည့် သင့်တင့်မျှတသောဈေးနှုန်းဖြစ်ပေါ်စေရန် လိုအပ်ပါကြောင်း၊ သို့မှသာ လယ်သမားများအနေဖြင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်စေရန် ပိုမိုကြိုးစားစိုက်ပျိုးကြမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝများ မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ မကြာမီ နွေစပါးပေါ်တော့မည်ဖြစ်သလိုမိုးစပါးလက်ကျန်အလုံအလောက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ယခင်ဝယ်ယူသိုလှောင်ထားသည့် အရန်ဆန် လက်ကျန်ရှိနေသည့်အတွက် ဆန်စပါးဈေးနှုန်းများ ထူးခြားစွာမြင့်တက်လာနိုင်ခြေမရှိပါကြောင်း၊ တည်ငြိမ်သော ဆန်ဈေး နှုန်းဖြစ်ပေါ်စေရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် ဆန်စပါးလောကမှလုပ်ငန်းရှင်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ လိုအပ်သည့် ပံ့ပိုးမှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဈေးကွက်ကြိုက်ဆန်စပါးများ ပိုမိုစိုက်ပျိုးနိုင်ရန် အောက်ခြေလယ်သမားများအဆင့်အထိ စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးမူဝါဒ၊ ဆန်စပါးပို့ကုန်မူဝါဒများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆန်စပါးအသင်းချုပ်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ကုမ္ပဏီများပေါ်ထွန်းရေး၊ လယ်သမားများအတွက် သီးနှံအာမခံနှင့် ချေးငွေများပေါ်ထွန်းရေး၊ ဆန်စက်လုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများပေါ်ထွန်းရေးအတွက် သင်တန်းများပို့ချပေးရေး၊ ဆန်စက်နှင့် ဆန်စက်ပစ္စည်းများပြပွဲများကိုလည်း လယ်သမားများ လက်တွေ့ ပါဝင်ဆောင်ရွက်နိုင်ရန် ဆန်စပါးအဓိကစိုက်ပျိုးသည့်နေရာများ၌ ပြုလုပ်ပေးနိုင်ရေးများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကဥ္စနကျွန်းသာဆန်စပါးအထူးပြုကုမ္ပဏီ၏ တစ်နေ့လျှင် တန် ၁၅၀ ကျခေတ်မီဆန်စက်ဖြင့် ဥရောပဈေးကွက်သို့ တင်ပို့မည့်တန်းမြင့် Export ဆန်များကြိတ်ခွဲထုတ်လုပ်နေမှုများ ရွှေဝါဟင်္သာဆန်စပါးအထူးပြု ကုမ္ပဏီမှ တည်ဆောက်ထားသော တစ်နေ့ တန် ၂၇၀ ကျ ခေတ်မီဆန် ပြန်လည် ကြိတ်ဖွပ်သန့်စင်စက်ရုံနှင့် အနော်ရထာစက်မှုဇုန်ရှိ ဧရာဟင်္သာ ဆန်စပါးအထူးပြုကုမ္ပဏီမှ တည်ဆောက်ထားသော တစ်နေ့တန် ၂၄၀ ကို Satake ခေတ်မီဆန်ပြန်လည်ကြိတ်ဖွပ်စက်နှင့် တစ်နေ့တန် ၂၄၀ ကျ ခေတ်မီဆန် ပြန်လည်ကြိတ်ဖွပ်သန့်စင်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် လန်ဒန်မြို့သို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ဗြိတိန်နိုင်ငံလန်ဒန်မြို့၌ ကျင်းပမည့် ပညာရေးဝန်ကြီးများအတွက် ကမ္ဘာ့ပညာရေးညီလာခံ ၂၀၁၄ (Education World Forum 2014) တက်ရောက်ရန် အဖွဲ့ဝင်အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မြင့်နှင့်အတူ ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၈၀ ကျော်မှ ပညာရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပညာရေးစနစ်များ အကောင်အထည်ဖော်ပုံ၊ တွေ့ကြုံရသော အခက်အခဲများ ကျော်လွှားပုံတို့ကို လေ့လာသိရှိနိုင်မည်ဖြစ်သည့်အပြင် ဗြိတိန်နိုင်ငံတွင်ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးမြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပထမရရှိသော မြန်မာနိုင်ငံအသင်းမှ အားကစားသမားများအား ဆုတံဆိပ်များချီးမြှင့်ပြီး တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေဖုံးမှ

အဆိုပါပြိုင်ပွဲအပြီးတွင် အောင်ပွဲရအိမ်ရှင်မြန်မာအမျိုးသားထိုင်လျက်ဘော်လီဘောအသင်းမှ အားကစားသမားများက အထူးတန်းပွဲကြည့်စင်သို့လာရောက်၍ တက်ရောက်အားပေးသော ဧည့်ပရိသတ်များအား ဂါရဝပြုနှုတ်ဆက်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောင်ပွဲရမြန်မာအသင်းအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ အားပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အိမ်ရှင်မြန်မာနိုင်ငံအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆုတံဆိပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက အမှတ်တရ အရုပ်များအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အလံတင်အခမ်းအနားကို ကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းကို သံပြိုင်ရွတ်ဆိုကာ နိုင်ငံတော်အလံအား အလေးပြု၍ ဂုဏ်ပြုကြသည်။ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့အပြင် အမျိုးသမီး ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အိမ်ရှင်မြန်မာအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (စင်ကာပူ) အတွက် လူရွေးချယ်ပွဲနှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘိုးလင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ပဏာမလူရွေးချယ်ပွဲနှင့် (၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလွတ်တန်းဘိုးလင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)နံနက် ၉ နာရီခွဲတွင် Asia Point Bowling Center (ရွှေခင်းသာဘိုးလင်းအားကစားရုံ)၌ အမျိုးသားနှင့် အမျိုးသမီး နှစ်တန်းခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆု ကျပ်တစ်သိန်း၊ ပဉ္စမဆု ကျပ်ငါးသောင်းနှင့် High Game အဖြစ် ကျပ်ငါးသောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်ခံရပါက နေပြည်တော်၌ စခန်းဝင်လေ့ကျင့်နိုင်သူများဖြစ်ရမည်ဖြစ်ပြီး ဦးဝင်းကြည် ဖုန်း-၀၁-၅၄၂၅၀၉၊ မြန်မာနိုင်ငံကျွမ်းဘားလေ့ကျင့်ရေးရုံ ကျိုက္ကဆံအားကစားကွင်း ရန်ကုန်မြို့၊ ဦးစိုးမိုးအောင် ဖုန်း-၀၉-၈၅၇၃၀၃၇၊ ၀၉-၄၄၄၀၂၃၃၂၊ ချမ်းသာနှင့်သားများဆောက်လုပ်ရေးကုမ္ပဏီ (C & S) သပြေကုန်း (ပ -၈၆-၈၆) ပွဲရုံတန်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ရွှေခင်းသာဘိုးလင်းအားကစားရုံတို့သို့ ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပရာ၌ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နွေးထွေးစွာကူညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များနှင့်ဗိုလ်လုပွဲများကို ယနေ့ နံနက် ၈ နာရီခွဲမှစ၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ သက်ဆိုင်ရာအားကစားရုံများ၌ ဆက်လက်ကျင်းပရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံများမှ အားကစားအဖွဲ့များ၊ မသန်စွမ်းပွဲကြည့်ပရိသတ်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အားကစားသမားများ၊ မသန်စွမ်းပွဲကြည့်ပရိသတ်များ၊ လာရောက်ကြည့်ရှုအားပေးသည့်ပြည်သူများ အဆင်ပြေစိတ်ချမ်းမြေ့မှုရှိစေရေးအတွက် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နွေးထွေးစွာကြိုဆိုပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ရဲပြန်ကြား)

အခြေခံဥပဒေသစ်အား ထောက်ခံနေသည့် အီဂျစ်ပြည်သူများအား တွေ့ရစဉ်။

အခြေခံဥပဒေသစ်ကို အီဂျစ်ပြည်သူ ၉၈ ရာခိုင်နှုန်း ထောက်ခံ

ကိုင်ရို ဇန်နဝါရီ ၁၉

အီဂျစ်နိုင်ငံတွင် အဆိုပြုသည့် အခြေခံဥပဒေကို ဆန္ဒခံယူပွဲကျင်းပရာတွင် မဲပေးသူလူဦးရေ စုစုပေါင်း၏ ၉၈ ဒသမ ၁ ရာခိုင်နှုန်းက ထောက်ခံကြောင်း တာဝန်ရှိသူများကပြောကြားသည်ဟု ဇန်နဝါရီ ၁၉ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မဲပေးနိုင်ခွင့်ရှိသူ ၅၃ သန်းအနက် ၃၈ ဒသမ ၆ သန်းသာမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်ကပြောကြားသည်။အစ္စလာမ္မစ်သမ္မတ မိုဟာမက်မော်စီ သမ္မတရာထူးမှ ဖယ်ရှားခြင်းမခံရမီအချိန်က အတည်ဖြစ်ခဲ့သော အခြေခံဥပဒေအား ဤဥပဒေကြမ်းဖြင့် အစားထိုးမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် ဇူလိုင်လအတွင်း၌ စစ်ဘက်က သမ္မတမော်စီအားဖယ်ရှားခဲ့ခြင်းကို တရားဝင်ဖြစ်စေရန် ဤဆန္ဒခံယူပွဲကို လုပ်ဆောင်ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

အင်္ဂါနှင့်ဗုဒ္ဓဟူးနေ့များ၌ကျင်းပသော ဆန္ဒမဲပေးခြင်းကို မူဆလင်ညီနောင်များအဖွဲ့က သပိတ်မှောက်ကြသည်။ ၎င်းအစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့က မော်စီကို သမ္မတရာထူး ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ကြသည်။

မဲပေးသည့် ပထမနေ့တွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာတွင် မော်စီကိုထောက်ခံသူများပါဝင်ပြီး သေဆုံးသူ အချို့ရှိခဲ့သည်။

သောကြာနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခထပ်မံဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ နာဘီဆာလစ်က ပြိုင်ဘက်ကင်းသော အောင်မြင်မှုဖြစ်ကြောင်း အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ **ဘီဘီစီ။**

မဟာဗျူဟာကျသော ဘိုးရ်မြို့အား တောင်ဆူဒန်အစိုးရတပ် ပြန်လည်သိမ်းယူ

ဂျူဘာ ဇန်နဝါရီ ၁၉

တောင်ဆူဒန်သူပုန်တပ်ဖွဲ့များ သိမ်းယူထားသည့် မဟာဗျူဟာကျသော ဘိုးရ်မြို့အား အစိုးရတပ်ဖွဲ့များက ဇန်နဝါရီ ၁၈ ရက်တွင် ပြန်လည်တိုက်ခိုက်သိမ်းယူလိုက်ကြောင်း တောင်ဆူဒန်အစိုးရစစ်ဘက်ကပြောကြားသည်။

အဆိုပါစစ်ရေးတိုက်ခိုက်မှုတွင် တောင်ဆူဒန်တပ်ဖွဲ့များအား ပါဝင်ကူညီခဲ့ကြောင်း ယူဂန္ဓာစစ်ဘက်ကပြောကြားသည်။ တောင်ဆူဒန်သူပုန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူကမူ ၎င်းတို့၏ တပ်ဖွဲ့များသည် နည်းဗျူဟာမြောက်ဆုတ်ခွာခဲ့သည်ဟု ပြောကြားသည်။

ဂျောင်လိုင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘိုးရ်ကို တောင်ဆူဒန်သူပုန်နှင့် အစိုးရတပ်များအပြန်အလှန်သိမ်းယူမှုများ ပြုခဲ့ကြပြီး လနှင့်ချီကြာမြင့်လာပြီဖြစ်သည့် ယင်းနိုင်ငံတွင်း ပဋိပက္ခများကြောင့် လူထောင်နှင့်ချီကာသေဆုံးခဲ့ပြီဟု ယုံကြည်ရသည်။ တောင်ဆူဒန်နိုင်ငံတွင်း၌ အပစ်အခတ်ရပ်စဲနိုင်ရေး နည်းလမ်းများရှာဖွေရန် ဆွေးနွေးညှိနှိုင်းမှုများကို လတ်တလောတွင်အီသီယိုပီးယားနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိသည်။

ဒုတိယသမ္မတဟောင်းဖြစ်သူ ရီယတ်မာချာက အာဏာသိမ်းယူရန်စီစဉ်သည်ဟု တောင်ဆူဒန်သမ္မတ ဆဲလ်ဗာကီရာကစွပ်စွဲမှုများပြုလုပ်ခဲ့အပြီး အစိုးရနှင့်သူပုန်တပ်ဖွဲ့များ ယမန်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တိုက်ခိုက်မှုများစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တောင်ဆူဒန်သမ္မတ၏ စွပ်စွဲမှုမှာ မဟုတ်မှန်ကြောင်း သူပုန်ခေါင်းဆောင် မာချာက ငြင်းဆိုခဲ့သည်။ **ဘီဘီစီ။**

ဘိုးရ်မြို့အား တောင်ဆူဒန်အစိုးရတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်အပြီး အောင်ပွဲခံနေမှုအား တွေ့ရစဉ်။

ပါကစ္စတန်၌ စစ်ဘက်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင် ၂၀ထက်မနည်း သေဆုံး၊ ၂၄ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကြည်းတပ်ယာဉ်တန်းတစ်ခုအား ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ဇန်နဝါရီ ၁၉ ရက်တွင် ဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ၂၀ ထက်မနည်းသေဆုံးခဲ့ကြောင်း၊ ပါကစ္စတန်လုံခြုံရေး သတင်းအရင်းအမြစ်များ၌ ဖော်ပြသည်။**(အပေါ်ပုံ)**

အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ ဘန်နူမြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၄ ဦးရှိကြောင်းနှင့် သေဆုံးသူအရေအတွက် ထပ်မံတိုးမြင့်လာဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

လောကီဆန်သော အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်တိုက်ခိုက်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုအား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းသို့သော တိုက်ခိုက်မှုများ ပိုမိုများပြားစွာပြုလုပ်မည်ဟု ကတိပေးကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့် စစ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောတပ်ဖွဲ့သည် ခိုင်ဘာပက်ဆွန်ဟွာပြည်နယ် ဘန်နူမြို့မှ မြောက်ဝါဇီရစ္စတန်ပြည်နယ် ရက်ဇ်မက်မြို့သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ယင်းသို့ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယင်းစစ်ဘက်ယာဉ်တန်းအတွင်း ပါဝင်သော မော်တော်ယာဉ်တစ်စင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ အထက်တန်း လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုသည် ပေါက်ကွဲစေသောပစ္စည်းများထောင်ရန် ဖောက်ခွဲခြင်းလော သို့မဟုတ် အသေခံ ဗုံးဖောက်ခြင်းလောဟူသည့် အချက်ကို သေချာစွာ စုံစမ်းဖော်ထုတ်နိုင်ရန် မိမိတို့ကြိုးပမ်းနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဘီဘီစီ။**

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် အတိုက်အခံတို့၏ ဆုံးဖြတ်ချက် အမေရိကန်ချီးကျူး

ဝါရှင်တန် ဇန်နဝါရီ ၁၉

လာမည့်သီတင်းပတ်၌ ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆီးရီးယားအဓိက အတိုက်အခံနိုင်ငံရေးအုပ်စု၏ ဆုံးဖြတ်ချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကကြိုဆိုလိုက်ကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယား အမျိုးသားညွန့်ပေါင်းအဖွဲ့(စီအန်စီ)၏ သတ္တိရှိသောဆုံးဖြတ်ချက်ဖြစ်ကြောင်း ၎င်းက ချီးကျူးသကဲ့သို့ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့ကလည်း ထောပနာပြုသည်။

အဆုံးသတ်ရေး

ဆွစ်ဇာလန်နိုင်ငံ မွန်ထရီယက်၌ ကျင်းပမည့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် ဆီးရီးယားပြည်တွင်းစစ်ပွဲ အဆုံးသတ်ရေးအတွက် ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးနည်းလမ်းများကို စတင်ဆွေးနွေးရန်ဖြစ်သည်။

သုံးနှစ်ကြာ ပြည်တွင်းစစ်ပွဲတွင် လူဦးရေ ၁၀၀၀၀၀ ကျော်သေဆုံးခဲ့ပြီဖြစ်သည်။ ခန့်မှန်းခြေ လူဦးရေနှစ်သန်းခန့်မှာ နိုင်ငံမှထွက်ပြေးကြပြီး ၆ ဒသမ ၅ သန်းခန့်မှာ ပြည်တွင်းမှာပင် ရွှေ့ပြောင်းနေထိုင်ကြသည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့တွင် စီအန်စီ၏ စနေနေ့ဆုံးဖြတ်ချက်ကို ကယ်ရီက တုံ့ပြန်ကြေညာချက် ထုတ်ပြန်ရာတွင် ကြောက်မက်ဖွယ်ပြည်တွင်းစစ်အတွင်း ဒုက္ခပင်လယ်ဝေနေသော ဆီးရီးယားပြည်သူများ၏ အကျိုးစီးပွားအတွက် သတ္တိရှိစွာမဲပေးခဲ့ကြခြင်းဖြစ်သည်ဟု ဖော်ပြသည်။

ရဲရင့်သော ရွေးချယ်မှု

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်ကလည်း စီအန်စီ၏ ဆုံးဖြတ်ချက်သည် ခက်ခဲသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖာဆီယပ်(စ်)ကလည်း ရဲရင့်သော ရွေးချယ်မှုဖြစ်ကြောင်း ငြိမ်းချမ်းသောအဖြေတစ်ခုကို ရှာဖွေရန် ရွေးချယ်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အစ္စတန်ဘူဆွေးနွေးပွဲတွင် စီအန်စီ ကိုယ်စားလှယ်များက ထောက်ခံမဲ ၅၈ မဲ၊ ကန့်ကွက်မဲ ၁၄ မဲ၊ ကြားနေမဲတစ်မဲဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ **ဘီဘီစီ။**

တရုတ်နိုင်ငံ၏ ပထမမြောက် လေယာဉ်တင်သင်္ဘော လျောင်နင်း၏ လေ့ကျင့်ခုတ်မောင်းမှုကို တွေ့ရစဉ်။

ဒုတိယမြောက်လေယာဉ်တင်သင်္ဘော တရုတ်တည်ဆောက်ပြီ

ပေကျင်း ဇန်နဝါရီ ၁၉

တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောလေးစင်း တည်ဆောက်ရန် အစီအစဉ်ရေးဆွဲခဲ့ရာ ဒုတိယမြောက်လေယာဉ်တင်သင်္ဘောကို စတင် တည်ဆောက်နေပြီဖြစ်ကြောင်း အစိုးရ ထိပ်တန်းတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက ဇန်နဝါရီ ၁၈ရက်တွင် ဖော်ပြသည်။

နိုင်ငံ၏အရှေ့မြောက်ပိုင်း ဒါလီယန်ဆိပ်ကမ်းတွင် အဆိုပါ ဒုတိယမြောက်သင်္ဘောကို တည်ဆောက်လျက်ရှိပြီး အချိန်ကာလအားဖြင့် ခြောက်နှစ်ကြာမည်ဖြစ်ကြောင်း လျောင်နင်းပြည်နယ် ကွန်မြူနစ်ပါတီအကြီးအကဲ ဝမ်မင်း၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

ပထမလေယာဉ်တင် သင်္ဘော လျောင်နင်းမှာ ၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ၎င်းသည် ယခင်ဆိုဗီယက်ပြည်ထောင်စု၏ သင်္ဘောဖြစ်ပြီး တရုတ်နိုင်ငံက ဝယ်ယူ၍ မွမ်းမံပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

❒ မြို့ကြီးရေလှောင်တမံမှ

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများမှာ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ဆက်စပ်သောလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့ကြီးမြောင်းမတော်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်များတွင်လဲ စီမံကိန်းအချောသတ်လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လွှတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုမှာ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း ၇၁ ဒသမ ၁၁ ရာခိုင်နှုန်း၊ ရေလွှဲဥမင်ဆောက်လုပ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် ဆက်စပ်သောလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း ၈၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း ၉၈ ဒသမ ၇၈ ရာခိုင်နှုန်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ မြို့ကြီးမြောင်းမတော် တည်ဆောက်ခြင်းလုပ်ငန်း ၉၈ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်ပါသည်။

စီမံကိန်းပြီးစီးပါက တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်အကောင်အထည်ဖော်ပြီးစီးပြီဖြစ်သည့် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်သောရေနှင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံကြားရှိ ရေဆင်းဧရိယာများမှာ စီးဆင်းရေစုစုပေါင်းပမာဏ ၁၁၅၀၉၂၀ ဧကပေခန့်ကို ထိန်းချုပ်သိုလှောင်နိုင်မည်ဖြစ်ပါသည်။ မြို့ကြီးရေလှောင်တမံရေများအား ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ၇၀၅၃၃၀ ဧကပေခန့်နှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ၄၄၅၅၉၀ ဧကပေခန့်ကို ချထားပေးလွှတ်၍ မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ၃၃၀၀၀ ဧကခန့်အား စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်၊ ၁၅ မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅ ဒသမ ၇ ထုတ်လွှတ်နိုင်မည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံစီမံကိန်းမှာ ရပ်စောက်မြို့နယ် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း စီးဆင်းသောရေများကို သိုလှောင်ထားရှိပြီး မိုးရာသီတွင် ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ရေကြီးမှုမှ ကာကွယ်နိုင်မည့်အပြင် ကျောက်ဆည်ခရိုင်အတွင်း ဇော်ဂျီရေသောက်ဧရိယာများ၊ မိတ္ထီလာလွင်ပြင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ပြီး လျှပ်စစ်စွမ်းအားပါ ထုတ်လုပ်နိုင်သော နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးရှိမည့် ဘက်စုံရေလှောင်တမံစီမံကိန်းဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ **လှိုင်ဘွား(စီမံကိန်း)**

မြစ်ကြီးနား မြို့မနာရီစင် ဖျက်သိမ်း

မြစ်ကြီးနား ဇန်နဝါရီ ၁၉

ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းနိုင်ရန် ယခင်က တည်ဆောက်ခဲ့သော သက်တမ်းနှစ် ၂၀ ခန့်ရှိပြီဖြစ်သည့် သခင်နက်ဖေလမ်းနှင့် ဈေးကြီးလမ်းထောင့်ရှိ မြစ်ကြီးနားမြို့ မြို့မနာရီစင်ကို ကချင်ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်ဖြင့် ဖျက်သိမ်းကာ ဇန်နဝါရီ ၁၆ ရက်တွင် မီးပွိုင့်တပ်ဆင်လိုက်ကြောင်း သိရသည်။

"နာရီစင်ဖျက်ရခြင်းသည် မြို့၏အမှတ်တရ၊ အထင်ကရနေရာတစ်ခု ဆုံးရှုံးလိုက်ရသော်လည်း ယာဉ်ကြောကျပ်တည်းမှုကို လျော့နည်းသွားနိုင်သည့်အတွက် တစ်မျိုးတော့ ကောင်းသည်"ဟု မြစ်ကြီးနားမြို့ ဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါ နာရီစင်သည် လမ်းကျဉ်းသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများသည့် နာရီစင်လမ်းဆုံတစ်ခုဖြစ်ပြီး မြစ်ကြီးနားမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ယာဉ်ကြောပိတ်ဆို့မှု နည်းပါးလာအောင် မီးပွိုင့်ခြောက်ခုနှင့် အပိုင်းပတ်နှစ်ခု တည်ဆောက်ထားပြီးဖြစ်သည်။

(ခင်မောင်ထွန်း)

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ လမ်း/တံတားအဆောက်အအုံ ပြုပြင်ထိန်းသိမ်း

နေပြည်တော် ဇန်နဝါရီ ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** သံဖြူဇရပ်-ဘုရားသုံးဆူလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မော်လမြိုင်-ရေး-ထားဝယ် အပိုင်း လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကလော့တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အတူ တနင်္သာရီတိုင်းဒေသကြီး မလွှဲတောင်-ထားဝယ်အပိုင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ တံတားဖြူ တံတားတည်ဆောက်နေမှုနှင့် ကလိန်အောင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



ပဲခူးမြို့မှ မီးတိုင်အိုများ

ပဲခူး ဇန်နဝါရီ ၁၉

ပဲခူးမြို့ မြို့သစ်(င)ရပ်ကွက် ဆန်စက်ဝင်းလမ်းတွင် ဆွေးမြည့်ယိုင်လဲမတတ်ဖြစ်နေသော မီးတိုင်အိုများကို ယနေ့တိုင်အသုံးပြုနေဆဲဖြစ်သည်။ ထိုမီးတိုင်အိုများပေါ်သို့ အိမ်သုံးလျှပ်စစ်ဝါယာကြိုးများ တင်ထားခြင်းကြောင့် ဝါယာကြိုးများပူး၍ရှော့ဖြစ်ပြီး မြေပြင်သို့ မကြာခဏပြုတ်ကျခြင်း၊ မီးလန့်ခြင်းများနှင့် လမ်းသွားလမ်းလာများ၏ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်သောကြောင့် ရပ်ကွက်နေပြည်သူများက သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကူညီမှုကို လိုလားနေကြောင်း သိရသည်။

(ဝ၆ဝ)

❖ ကျောက်မီးသွေးမှ

အတွက် ကောင်းမြတ်သောမြေကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေး လောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်မည်ဖြစ်ရာ စက်ရုံတည်ဆောက်မည့်ဧရိယာနှင့် ဆက်စပ်နယ်မြေများဖြစ်သော သောင်ခုံ၊ ကုန်းကြီး၊ တော်ခလူး၊ တော်ခလိတ်ကျေးရွာများမှ ရွာသူရွာသားများ ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အခြားစိတ်ပါဝင်စားသူများ၊ ပညာရှင်များ တက်ရောက်တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒေသခံများနှင့် ကုမ္ပဏီတာဝန်ရှိသူများက ပတ်ဝန်းကျင်ဂေဟစနစ်ထိန်းသိမ်းမြှင့်တင်ရေး၊ လေထုညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ စက်ရုံထွက်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ အကျိုးပြုမှု၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများအလုပ်အကိုင်များရရှိရေး၊ ရွှေ့ပြောင်းအိမ်ရာများ ဒေသခံများနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုပဏာမအနေဖြင့် ဆွေးနွေးခဲ့ကြသည်။

ကျောက်မီးသွေးသည် ထုတ်လုပ်စရိတ်သက်သာသော စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ၂၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၃၀ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံတွင် ၄၀ ရာခိုင်နှုန်းထုတ်လုပ်သုံးစွဲလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင်အကြမ်းအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းသည် ကျောက်မီးသွေးလောင်စာမှ ထုတ်ယူခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျောက်မီးသွေးလောင်စာမှလျှပ်စစ်စွမ်းအင်ထုတ်ယူမှုသည် သုံးရာခိုင်နှုန်းသာရှိသေးကြောင်း သိရသည်။

(ကိုကိုနေ)



လှိုက်လှဲစွာကျေးဇူးတင်ပါကြောင်း

UMFCCI Conference Hall ... Prof. Dr Aung Tun Thet ... Citizen Leadership Seminar ... 5 NETWORK ...

MAIN SPONSORS

UNITED PAINTS GROUP CO., LTD

Z&A

CO-SPONSOR

CB Insurance

PRINT MEDIA PARTNER

7DAY DAILY

BROADCASTING MEDIA PARTNER

5 PLUS

အမှတ်တရဖြစ်ခဲ့သော ဒဏ်ငွေတစ်ထောင်

ပြည်သူတစ်ဦး

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်က နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သော ပဥ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၄-၂၀၁၅ ခုနှစ်အား အရေးကြီးသည့်နှစ်အဖြစ်သတ်မှတ်ပြီး အခြားကဏ္ဍပေါင်းစုံအားလမ်းညွှန်မှုပေးခဲ့သည့်အပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များကိုပါ ထိထိရောက်ရောက်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှုများအား ဖတ်ရှုရသည့်အတွက် လှိုက်လှိုက်လှဲလှဲဝမ်းသာပီတိဖြစ်မိပါသည်။ ဖော်ပြပါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုအပေါ်ဝမ်းသာကြိုဆိုကြောင်းနှင့် ၎င်း၏ ၂၀၀၉ ခုနှစ်အတွင်း အမှတ်တရဖြစ်ခဲ့သော "ဒဏ်ငွေတစ်ထောင် ဒဏ်တပ်ခံရသော အမှုကိစ္စတစ်ခုအကြောင်း" မိတ်ဆွေတစ်ဦးက ပြောပြခဲ့သည့်အတွက် စာဖတ်သူတို့အား ပြန်လည်ဖောက်သည်ချလိုက်သည်။

ဖြစ်စဉ်မှာ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ (-)ရက်အတွင်း ညနေ (-)နာရီခန့်တွင် ဖော်ပြပါစာရေးသူမိတ်ဆွေ၏ သားချင်းများပိုင်ဆိုင်သော ရန်ကုန်မြို့တွင်းခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ အထူးယာဉ်လိုင်း (-)မှ ယာဉ်အမှတ် (-) သည် အင်းစိန်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် ဘောလုံးကစားရာမှအပြန် အရက်သေစာသောက်စားမူးယစ်လာသော လူငယ်ခုနစ်ဦးစီးနင်းလာသည့် စူဇူကီးအမျိုးအစား အငှားယာဉ်အမှတ်(-)နှင့် လမ်းကြောင်းပေါ်တွင် အငြင်းပွားဖွယ်ရာ ယာဉ်ကျော်တက်မှုကိစ္စဖြစ်ပေါ်ခဲ့ရာ ထိုလမ်းတစ်လျှောက် ဆူပူအော်ဟစ်ရန်ဖြစ်ခဲ့ကြသည်ဟု သိရှိရပါသည်။

အငှားယာဉ်မှာ အင်းစိန်-ရန်ကုန်လမ်းပေါ်ရှိ (-) မှတ်တိုင်ရှေ့အရောက်တွင် ခရီးသည်တင်ယာဉ်အား ကျော်တက်၍ လမ်းလယ်တွင် ကားကိုကန့်လန့်ရပ်လျက် ၎င်းတို့၏ကားနောက်ဖုံးအတွင်း အသင့်ယူဆောင်လာသောဓားရှည်၊ ဓားမြှောင်၊ သံတုတ်တို့အပြင် ဘိုးနပ်ထည့်၍ပစ်ရသောလောက်လေးခွများဖြင့် ခရီးသည် ၆၀ ဦးခန့်တင်ဆောင်ထားသော ဖော်ပြပါအထူးယာဉ်လိုင်းကြီးအား တရစပ်တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ရန်ပြုတိုက်ခိုက်ချိန်မှာ စုစုပေါင်း ခုနစ်မိနစ်ခန့်ကြာမြင့်ခဲ့သည့်အတွက် လမ်းတစ်လျှောက်လုံးယာဉ်ကြောပိတ်ဆို့မှုများပါဖြစ်ပေါ်ခဲ့သည့်အပြင် ခရီးသွားပြည်သူများပါ အထိတ်တလန့်ဖြစ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

အခင်းဖြစ်ပွားရာသို့ မည်သည့်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှရောက်ရှိမလာသည့်အတွက် ကားမှတ်တိုင်အနီးရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီးများထွက်ရှိလာပြီး ဝိုင်းဝန်းဟန့်တားမှသာ ရန်ပြုရမ်းကားနေသော လူငယ်ခုနစ်ဦး အငှားယာဉ်ပေါ်တက်၍ အရှိန်ပြင်းမောင်းနှင်ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါသည်။ ခရီးသည်တင်ယာဉ်ကြီးမှာလည်း ရှေ့လေကာမှန်ကြီးအပါအဝင်ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ယာဉ်မောင်းနှင့် ယာဉ်အကူလုပ်သားတစ်ဦး ခေါင်းနှင့်ခြေထောက်တွင် ထိခိုက်မိသည်မှအပ ကျန်ယာဉ်ပေါ်ပါခရီးသည်အားလုံး တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိသည့်အတွက် စိတ်သက်သာရာရမိပါသည်။

ဤကဲ့သို့ တုတ်၊ ဓား၊ လက်နက်များအား မည်သည့်ရည်ရွယ်ချက်ကြောင့် ကြိုတင်ယူဆောင်သွားလာနေသနည်းဟုပင် စဉ်းစားတွေးခေါ်စရာ ဖြစ်ခဲ့မိပါသည်။ နိုင်ငံခြားရုပ်ရှင်ထဲမှ ဇာတ်ရုပ်မျိုးဆန်ဆန် ၎င်းတို့စီးနင်းလာသောအငှားယာဉ်အား လမ်းလယ်ကောင်တွင် ကန့်လန့်ပိတ်ရပ်ပြီး သွေးအေးအေးဖြင့် ရန်မူတိုက်ခိုက်နေသောကြောင့် သာမန်ရိုးရိုးသားသား ဘောလုံးကစားရာမှ ပြန်လာသော အားကစားသမားများမဟုတ်နိုင်ဘဲ ဤကဲ့သို့ အကြိမ်ရေမည်မျှ လိုက်လံမူးယစ်ရမ်းကားနေသူများဟု ထင်မြင်ယူဆကောင်းယူဆနိုင်ပါသည်။ တိုက်ခိုက်ခံရသော ခရီးသည်တင်ယာဉ်ကြီးနှင့် ဒဏ်ရာအနည်းငယ်ရရှိသွားသော ယာဉ်မောင်း၊ ယာဉ်အကူလုပ်သားနှင့် အသိသက်သေထွက်ဆိုပေးနိုင်မည့် ခရီးသည်အချို့အား မေတ္တာရပ်ခံအကူအညီတောင်း၍ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ခေါ်ဆောင်၍ ဆက်လက်အမှုဖွင့်ရန်ကိစ္စအား ဆောင်ရွက်ခဲ့ရပါသည်။

သက်ဆိုင်ရာအမှုဖွင့်ပေးသည့် အရာရှိ၏ လိမ္မာပါးနပ်စွာဖြင့် ၎င်းတို့အကျိုးမြော်တွေးမှု လွန်စွာအားကောင်းသောကြောင့် အမှုဖွင့်သည့်ရုံးကိစ္စလုပ်ငန်းစဉ်အား ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှုရှိသည့်အတွက် မိမိဘက်မှ မှန်ကန်သော်လည်း ဖြေလျှော့မှုနှင့် နားလည်မှုများ ပေးဆပ်ခဲ့ရသည့်အပြင် ဥပဒေဘက်တွင် ဗဟုသုတအားနည်းခဲ့သော ယာဉ်ပိုင်ရှင်မှာ "၎င်း၏ဒဏ်ရာရ ယာဉ်အကူလုပ်သားအမည်ဖြင့်သာ" အမှုဖွင့်ခွင့်ရရှိခဲ့ပါသည်။ ဤကဲ့သို့ တင်ပြရခြင်းမှာ သက်ဆိုင်ရာမှအမှုဖွင့်ယာဉ်ပိုင်ရှင်နှင့် တိုက်ရိုက်မသက်ဆိုင်အောင် အမြော်အမြင်ရှိရှိကြိုတင်စီမံဆောင်ရွက်ထားမှုအပေါ် နောက်နောင် ပြည်သူများ သတိမူနိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

ပြစ်မှုကျူးလွန်သွားသော လူငယ်ခုနစ်ဦးကိုလည်း ၎င်းတို့စီးနင်းလာသည့် စူဇူကီးအငှားယာဉ်အမှတ်---- အားမှတ်မိလိုက်သည်မှအပ အခင်းဖြစ်ပွားစဉ် တစ်ဦးတစ်ယောက်မျှ ဖမ်းမိခြင်းမရှိခဲ့သည့်အတွက် အမှုဖွင့်ရန်ပင် ခက်ခဲနေသောသက်ဆိုင်ရာအား တရားခံဖမ်းမိချိန်အထိ စောင့်ဆိုင်းနေပါက ပိုမိုကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် ယာဉ်ပိုင်ရှင်ကိုယ်တိုင် ကျူးလွန်သူများအသုံးပြုစီးနင်းလာသော အငှားယာဉ်အမှတ်(-)၏ ကနဦးယာဉ်ပိုင်ရှင်မည်သူဖြစ်သည်ကို သိရှိလို၍ လမ်း(၅၀) ယာဉ်ထိန်းရုံးတွင် သွားရောက်သတင်းပို့စုံစမ်းပြီး နောက်တစ်နေ့တွင် သက်ဆိုင်ရာစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်နှင့် အခြားနယ်ထိန်းတစ်ဦးတို့အား ခေါ်ဆောင်၍ အငှားယာဉ်ပိုင်ရှင်အိမ်သို့ လိုက်လံစုံစမ်းရာ ဖော်ပြပါယာဉ်အား အခင်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သော တရားခံတစ်ဦး၏ ယောက္ခမဖြစ်သူအား လပြတ်(အိမ်ပေး)ယာဉ်ဖြင့် ငှားရမ်းကျူးလွန်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အငှားယာဉ်အား ငှားရမ်းထားသူအိမ်သို့ နယ်ထိန်းတာဝန်ခံဒုရဲအုပ်နှင့် အခြားဒုရဲအုပ်တစ်ဦးအား တရားခံဖမ်းဆီးရမိရေးအတွက် လိုက်လံပြသပေးခဲ့သည်အထိ ယာဉ်ပိုင်ရှင်က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။ တရားခံများဖမ်းမိချိန်တွင် ယာဉ်ပိုင်ရှင်အား သက်ဆိုင်ရာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီလက်အောက်ရှိ ဌာနခွဲ(-) ဌာနခွဲမှူးအဆင့်ရှိသူက ဖော်ပြပါဖြစ်စဉ်နှင့်ပတ်သက်၍ "တရားခံများမှ သက်ဆိုင်ရာစခန်းတွင် ညှိနှိုင်း၍ ပျက်စီးသွားသော ခရီးသည်တင်ယာဉ်ကြီးအတွက် တန်ဖိုးငွေများပေးလျော်၍ ကျေအေးအမှုပိတ်ရန် စည်းရုံးလာပါက" အမှုပိတ်မပေးရန်နှင့် လျော်ကြေးငွေအားလည်း မယူရန် သတိပေးမှုပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ ခရီးသွားပြည်သူများ အထိတ်တလန့်ဖြစ်အောင် မူးယစ်ရမ်းကားတိုက်ခိုက်မှုဖြစ်သောကြောင့် နောက်နောင်ဤကဲ့သို့ အမှုမျိုးမဖြစ်စေရန်အတွက် ထိရောက်ဟန့်တားစေမည့် စံနမူနာပြ ပြစ်ဒဏ်မျိုး ချမှတ်နိုင်အောင် "သက်ဆိုင်ရာအားလုံးအား ညှိနှိုင်းဆောင်ရွက်ပေးမည်"ဖြစ်ကြောင်း လမ်းညွှန်အကြောင်းကြားမှုများပြုလုပ်ခဲ့ပါသည်။ ယာဉ်ပိုင်ရှင်အနေဖြင့် ဖော်ပြပါတာဝန်ရှိသူမှ လမ်းညွှန်မှုပေးလာချိန်အထိ လျော်ကြေးငွေမရရှိသေးသည့်အပြင် အမှုနှင့်ပတ်သက်၍ ငွေကုန်ကြေးကျမှုများပင်ရှိနေပြီဖြစ်ပါသည်။

တရားခံများအား သက်ဆိုင်ရာစခန်းမှ ဖမ်းဆီးအာမခံပေးခဲ့ပြီး ပြစ်မှုဆိုင်ရာပုဒ်မ ၂၉၄၊ ၃၂၅၊ ၄၂၇၊ ၁၁၄ များဖြင့် သက်ဆိုင်ရာမြို့နယ်တရားရုံးသို့ ဆက်လက်တရားစွဲဆို တင်ပို့ပေးခဲ့ကြောင်းသာ သိရှိခဲ့ရပါသည်။ ယာဉ်ပိုင်ရှင်အနေဖြင့် ပြစ်မှုဆိုင်ရာပုဒ်မများအား ဗဟုသုတမရှိသဖြင့် မသိရှိသော်လည်း ပတ်ဝန်းကျင်မှ ဤကဲ့သို့ ဓားရှည်၊ ဓားမြှောင်၊ တုတ်၊ သံတုတ်၊ လေးခွများအား ကြိုတင်ရည်ရွယ်ကိုင်ဆောင်ပြစ်မှုကျူးလွန်သူများအား အထက်ဖော်ပြပါရုံးတော်များသို့တင်ပို့သည့်ပုဒ်မများတွင် လက်နက်နှင့် ပတ်သက်သည့် ပုဒ်မတစ်ခုမျှ မပါဝင်ကြောင်း ဗဟုသုတအဖြစ် ကူညီပြောကြားပေးခဲ့ကြောင်းလည်း သိရှိခဲ့ရပါသည်။ တစ်နှစ်ခန့်အကြာတွင် ပြစ်မှုကျူးလွန်ခဲ့သည့်တရားခံများအား "ရုံးတော်မှ တစ်ဦးလျှင် ဒဏ်ငွေ တစ်ထောင် ဒဏ်တပ်သည့် ပြစ်ဒဏ်များ" ချမှတ်ခဲ့သည့်အတွက် အံ့သြဖွယ်ကောင်းအောင် အမှတ်တရဖြစ်စေခဲ့ပါသည်။

စာရေးသူနားလည်သလောက်တင်ပြရလျှင် အမှန်တကယ် ဥပဒေနှင့်ပတ်သက်၍ ဗဟုသုတရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖြစ်ပေါ်လာသည့် အမှုအသွား/အလာပေါ်တွင်သာကြည့်ရှု၍ ကျူးလွန်သည့်ပြစ်မှုနှင့် ညီမျှသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများဖြင့်သာ ရုံးတော်သို့ ဆက်လက်တရားစွဲဆိုရမည်ဟု နားလည်မိပါသည်။ ပြည်သူတို့၏ဘဝတည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသည့် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရန်အတွက် "ပြည်သူလူထုအမှန်တကယ် ကြည်ညိုလေးစားပြီး အဂတိတရားလေးပါး ကင်းရှင်းသည့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ" ဆောင်ရွက်ရာတွင် "သီလ၊ သမာဓိ၊ ပညာ" ပေါ် အခြေခံပြီးမျှတသော တရားစီရင်မှုများ ဆောင်ရွက်ရန် ကျမ်းသစ္စာကျိန်ဆိုထားသူများဟုလည်း နားလည်မိပါသည်။

ဖြစ်စဉ်တွင် သက်ဆိုင်ရာစခန်းမှ စွဲဆိုတင်ပြလာသော ပုဒ်မများအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သော သက်သေများအား စနစ်တကျစိစစ်၍ ပြန်လည်ဆင့်ခေါ်ခြင်း၊ ပြစ်မှုဆိုင်ရာပုဒ်မများအား ပြင်ဆင်ဖြည့်စွက်စွဲဆိုခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သင်ကြားတတ်မြောက်ထားသော ဥပဒေပညာ၊ ရရှိပိုင်ဆိုင်ထားသော လုပ်ငန်းအတွေ့အကြုံ၊ ကောင်းမွန်သောအတွေးအခေါ်၊ ရုံးတော်သို့ အမှုစွဲဆိုတင်ပို့ချိန်မှ ပြစ်ဒဏ်ချမှတ်သည်အထိကြာမြင့်ခဲ့သော လုံလောက်သောအချိန်များကိုပါ ကောင်းမွန်စွာအသုံးချ၍ ပြည်သူအပေါ်စေတနာမှန်မှန်ဖြင့် အလုပ်အကျွေးပြုခဲ့မည်ဆိုပါက နစ်နာသူယာဉ်ပိုင်ရှင်အနေဖြင့် "အမှတ်တရ" ဖြစ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ရမည် မဟုတ်ပါ။

ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်မှ ဒီမိုကရေစီစနစ်အား အရှိန်အဟုန်ဖြင့် ပြောင်းလဲကျင့်သုံးနေချိန်တွင် ပြည်သူလူထုမှပြောင်းလဲကျင့်သုံးနေသည့်စနစ်အပေါ် ခံယူကျင့်သုံးမှုလွဲမှားပြီး ဥပဒေမဲ့ဆောင်ရွက်မှုများအား ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်နေကြရပါသည်။ ဥပမာ-လိုင်စင်မဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား တရားဝင်သဖွယ်စီးနင်းခြင်း၊ မော်တော်ဆိုင်ကယ်မစီးရန် ကန့်သတ်ထားသော ရန်ကုန်မြို့တော်ကြီးတွင်ပင် မြို့လယ်ကောင်အထိ ဝင်ရောက်စီးနင်းခြင်း၊ သက်ဆိုင်ရာအရေးကြီးပုဂ္ဂိုလ်မှလွဲ၍ တပ်ဆင်စီးနင်းခွင့်မရှိသော စတစ်ကာရောင်စုံများအား ဥပဒေမဲ့တပ်ဆင်မောင်းနှင်စီးနင်းနေခြင်း၊ သက်ဆိုင်ရာမှ တာဝန်အရဖမ်းဆီးအရေးယူရန် ယာဉ်အားရပ်တန့်စစ်ဆေးသည့်အခါ ကိုယ်အမူအရာ၊ နှုတ်အမူအရာရိုင်းပြစွာဖြင့် တာဝန်ထမ်းဆောင်သူအပေါ် ဝတ္တရားနှောင့်ယှက်မှုများ အဆက်မပြတ်ကျူးလွန်နေသည့်အပြင် တပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ထိပါးခြိမ်းခြောက်မှုများကိုလည်း ကြားသိဖတ်ရှုနေရပါသည်။

ကျန်ရှိနေသော အစိုးရ၏သက်တမ်းကာလအတွင်း ပြည်သူများ လက်တွေ့အကျိုးခံစားနိုင်အောင် ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အဆင့်ဆင့်တို့အား လက်တွဲပူးပေါင်းပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကြီးကလမ်းညွှန်မှုပေးရာတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများပါ ထိထိရောက်ရောက်ဆောင်ရွက်ရန် ထည့်သွင်းလမ်းညွှန်ထားပြီး ဖြစ်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အတိတ်မှ အမှတ်တရဖြစ်ခဲ့သော သင်ခန်းစာများကို အနာဂတ်တွင် ပြည်သူများ၏ လက်တွေ့အကျိုးခံစားမှုရရှိအောင် ပုံဖော်ထုဆစ်၍ မျှတသောတရားရေးမဏ္ဍိုင်ဖြစ်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတိကြီးစွာဖြင့်စောင့်ထိန်းသွားကြရန် မွန်မြတ်သောစိတ်စေတနာဖြင့် အပြုသဘောဆောင်ရေးသားတင်ပြအပ်ပါသည်။ ။



ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်သူလူထုနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်စိုးလွင်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှစ်ကြူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် နန်းယွန်းမြို့မှ ပန်ဆောင်မြို့သို့ ရောက်ရှိပြီး ပန်ဆောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တက်ရောက်လာကြသော ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား ထောက်ပံ့ငွေများ၊ ဆိုလာ မီးအိမ်များ၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် များစွာအရေးပါပြီး တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီသည်လည်း နိုင်ငံသားများဖြစ်၍ တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးများ ရရှိနေပြီဖြစ်ကြောင်း၊ ယခုပန်ဆောင်မြို့နယ်ခွဲသည် အိန္ဒိယနိုင်ငံ အာရိုနာချလ်ပရာဒေ့ရ်ပြည်နယ် ချန်လန်းခရိုင်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် လုံခြုံရေး အထူးပင်အရေးကြီးကြောင်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက စိတ်ရင်းစေတနာအမှန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများသည် ပြည်သူလူထုကိုယ်စား တာဝန်ယူဆောင်ရွက်နေသည့်အဖွဲ့များဖြစ်သည်နှင့်အညီ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ပြည်သူလူထုနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ပန်ဆောင်မြို့နယ်ခွဲ တိုက်နယ်ဆေးရုံ အဆောက်အအုံဆောက်လုပ်နေမှု လုပ်ငန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိန္ဒိယနှင့်မြန်မာနယ်စပ်ရှိ နယ်ခြားမှတ်တိုင် BP-173 သို့ရောက်ရှိကာ လုံခြုံရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် နန်းယွန်းမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှစ်ကြူးက ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသအတွက် လိုအပ်သည့် ကျန်းမာရေးကဏ္ဍများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် တရားဥပဒေစိုးမိုးမှုရှိရန်လိုကြောင်း၊ တရားဥပဒေကို လေးစားလိုက်နာမှ တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူများနှင့် အတူတကွ ပူးပေါင်းကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စသည့် ကဏ္ဍများတွင် ဘက်ပေါင်းစုံမှ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဉ်ဘတ်ဂျက်ခွဲဝေချထားပေးမှုများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တစ်ဦးချင်းဝင်ငွေတိုးရေး နှစ်စဉ်ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ်ဆောင်ရွက်သွားကြရန်အရေးကြီးသည်ဟု ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၁-၂၀၁၄ (တနင်္လာနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		(ဒါရိုက်တာ-ကြီးမြင့်)
၆း၃၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ	၂း၄၅	"ပေါင်ပေါ်ကျတဲ့မီး"
၆း၄၀	သံသာချိုအေးမင်္ဂလာတေး	၅း၅၀	(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ		
၇း၃၅	"ရှင်သန်ခြင်း"		
၈း၃၀	"အာခါရိုးရာ (ခါးထောင်းဖား) စုပေါင်းနှစ်သစ်ကူးပွဲ"		
၁၁း၀၀	"မှီခိုရာ" (ဒါန)	၆း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၁၁း၂၀	ရင်ခုန်လက်ကမ်းတေးသစ်လမ်း		
၁၂း၃၀	ဆေးရောင်စုံရုပ်ရှင် "မုန်းရခက်ကြီး" (ကျော်သူ၊ မေဆွိ)	၆း၃၅	ပြည်သူတို့ရဲ့စကားသံများ
		၆း၄၅	ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ

ကွမ်းခြံကုန်း ဇန်နဝါရီ ၁၉

နှစ်ပေါင်းရာကျော်ကတည်းက ဘိုးဘွားများ သုံးစွဲလာခဲ့သော သစ်သားဝင်ရိုးတပ် နွားလှည်းနှင့် ယနေ့ခေတ် ဘက်စုံသုံးတစ်လုံးထိုး ဒီဇယ်အင်ဂျင်တို့ကို ပေါင်းစပ်၍ လယ်ယာလုပ်သား ဦးကြီးတို့ တလင်းပြင်တွင် စပါးနယ်နေသည်ကို ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာတွင် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)** ကျွဲနွားအသုံးပြု၍ စပါးနယ်ထွန်ယက်ခြင်းများ ပြုလုပ်ရာတွင် နေပူချိန်မြင့်လာလျှင် ခိုင်းစေ၍မရနိုင်ပေ။ ယခု နေပူထဲ၌ လုပ်နိုင်ရုံမက ရေသန့်ဘူးခွံတွင် ဒီဇယ်ထည့်၍ မောင်းနှင်နေသည်ကိုကြည့်ခြင်းဖြင့် အချိန်နှင့် ကုန်ကျစရိတ်သက်သာမှုကိုလည်း တွေ့နိုင်ကြောင်း သိရသည်။

(ကိုကိုနေ)

ရှေးရိုးအစဉ်အလာတီထွင်ပြောင်းလဲပြီး အချိန်သက်သာလာသည့် လယ်ယာစနစ်

ဆိုင်ကယ်ဘီးကို မျက်စိပသာဒဖြစ်စေသည့် LED မျက်နှာပြင်ဖန်တီးနိုင်သော နည်းပညာ

ဘာသာပြန် အောဝမ်းစိုး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် World Moto နည်းပညာကုမ္ပဏီက မော်တော်ဆိုင်ကယ်ဘီးတွင် LED မျက်နှာပြင်ဖန်တီးနိုင်သည့် နည်းပညာကို တီထွင်ထုတ်လုပ်လိုက်သည်။ အဆိုပါနည်းပညာတွင် ဆိုင်ကယ်စီးသူများက ဆိုင်ကယ်ရှေ့ဘီးကို ရောင်စုံ LED မျက်နှာပြင်အဖြစ်ပြောင်းလဲပေးနိုင်ပြီး ရွေ့လျား ကြော်ငြာဘုတ်များ၊ ဗီဒီယိုများ၊ ကာတွန်းရုပ်ရှင်များ သို့မဟုတ် စာလုံး၊ စာသားများ စသည်ဖြင့် နှစ်သက်ရာရွေးချယ်ဖန်တီးပြသနိုင်မည်ဖြစ်သည်။

"ဒီနည်းပညာက ဘယ်လိုဘီးမှာပဲဖြစ်ဖြစ် ရောင်စုံကြော်ငြာဘုတ် ဒါမှမဟုတ် ဗီဒီယိုဖန်သားပြင်အဖြစ် ပြောင်းလဲပေးနိုင်မယ့် အလားအလာရှိပါတယ်။ ဒီလိုဖန်တီးနိုင်ဖို့စိတ်ကူးကို မော်တော်ဆိုင်ကယ်စီးသူတွေရဲ့ တောင်းဆိုမှုကြောင့် ဖန်တီးခဲ့ရတာပါ။ မော်တော်ဆိုင်ကယ်ဘီးတွေကနေ တစ်မူထူးခြားပြီး ပျော်ရွှင်မှုရရှိစေမှာပါ။ အခုလောလောဆယ်တော့ ဆိုင်ကယ်ဘီးအတွင်းပိုင်းမှာ စက္ကန့် ၃၀ သာရှိတဲ့ ဗီဒီယိုပဲပြသနိုင်ပါသေးတယ်။ World Moto ကုမ္ပဏီအနေနဲ့ ဗီဒီယိုကားတွေနဲ့ ရုပ်ရှင်ကားကြီးတွေကိုပါပြသနိုင်အောင် ပြောင်းလဲထုတ်လုပ်သွားနိုင်ဖို့ မျှော်လင့်ထားပါတယ်" ဟု World Moto ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ပေါလ်ဂျီလက်စ်က ပြောကြားသည်။

"အရှိန်နဲ့ လည်ပတ်နေတဲ့ဘီးပေါ်မှာကျန်ရှိနေတဲ့ အမြင်အာရုံရုပ်ပုံကို တကယ့်ရုပ်ပုံတွေအဖြစ် စိတ်အာရုံမှာထင်မြင်လာအောင်ဖန်တီးထားတာပါ။ ဆိုလိုချင်တာကတော့ အရုပ်တွေက ဘီးနဲ့အတူ တကယ်လိုက်လည်နေတယ်လို့ ထင်ရပေမယ့် ထွက်ပေါ်လာတဲ့ရုပ်ပုံကတော့ တည်ငြိမ်ရုပ်ပုံတွေပါ။ စပုတ်တိုင် (ဒေါက်) ရှစ်ချောင်းပါပြီး ၄၂၄ LED အလင်းပမာဏရှိတဲ့ ဘီးကို ကွန်ပျူတာတစ်လုံးနဲ့ ချိတ်ဆက်ထားပြီး ဘီးရဲ့လည်ပတ်မှုအားနဲ့ စပုတ်တိုင်တစ်ချောင်းစီရဲ့ အနေအထားကိုဖမ်းယူပြီး LED ရဲ့အလင်းကိုထိန်းချုပ်ကာ ရုပ်ထွက်အောင် ဖန်တီးထားတာပါ။ဒါကို လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က Star Wars ရုပ်ရှင်ကားတစ်ကားမှာ အလင်းရောင် စစ်သုံးဓားရှည်ရဲ့ လည်ပတ်မှုကိုကြည့်ပြီး စိတ်ကူးရခဲ့တာပါ" ဟု World Moto ကုမ္ပဏီ၏ နည်းပညာချုပ် ခရစ်ဇီအွမ်ကိုဝါစကီက ပြောကြားသည်။

World Moto ကုမ္ပဏီက အဆိုပါနည်းပညာကို မကြာသေးမီက ကျင်းပခဲ့သည့် Sign Asia Expo ကုန်စည်ပြပွဲတွင် မိတ်ဆက်ပြသခဲ့သည်။ ကုမ္ပဏီအနေဖြင့် ဘီးများ၏ အရွယ်အစားအပေါ် မူတည်သည့်အတွက် တိကျသည့်ဈေးနှုန်းမသတ်မှတ်နိုင်သေးပေ။ World Moto ကုမ္ပဏီသည် ယခင်ကလည်း တက္ကစီအဖြစ်အသုံးပြုသည့် မော်တော်ဆိုင်ကယ်များအတွက် ကမ္ဘာ့ပထမဆုံး မီတာစနစ်ကို တီထွင်ပေးနိုင်ခဲ့သည်။

မန္တလေးမြို့ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယမန်နေ့ နံနက် ၈ နာရီက မန္တလေးမြို့ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ သာသနာရေးဆိုင်ရာကိစ္စများ ဩဝါဒခံယူသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး (ရွှေကျင်သာသနာပိုင်) ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ (ဝါဆိုဆရာတော်) အား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ ကျင်းပမည့် သံဃာ့အစည်းအဝေးပွဲများနှင့်စပ်လျဉ်း၍ ဩဝါဒခံယူသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက် ဝါးတန်းစာချကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ သီလာစာရာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက် - (၂၄)ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ နေပြည်တော်

လူ့အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကိုညစ်နွမ်းစေမည့် စိတ်ပိုင်းဆိုင်ရာ ညစ်နွမ်းမှုတွေကို ဖယ်ရှားပစ်ဖို့ အားလုံးမှာ လိုအပ်နေဟု သီတဂူဆရာတော်ကြီးမိန့်ကြား

ရန်ကုန် ဇန်နဝါရီ ၁၉

"ဒီနေ့ကမ္ဘာမှာ အမျိုးစုံသော မရောင့်ရဲမတင်းတိမ်နိုင်မှု၊ မကျေနပ်မှု၊ သဘောမတူမှု၊ အငြင်းပွားမှု၊ ခွင့်မလွှတ်နိုင်မှု၊ ဆန္ဒပြမှု၊ အကြမ်းဖက်မှု၊ ကျူးကျော်မှု၊ ရန်လိုမှု၊ တင်းမာမှု စတဲ့ စိတ်ပိုင်းဆိုင်ရာ ညစ်နွမ်းမှုကို ရှင်းရှင်းမြင်တွေ့နေရပါတယ်။ ဒီလို စိတ်ပိုင်းဆိုင်ရာ ညစ်နွမ်းမှုတွေဟာ လူ့အဖွဲ့အစည်းနဲ့ အသိုင်းအဝိုင်းကို အမြဲတမ်း အနှောင့်အယှက်ပေးနေလေ့ရှိပါတယ်။ ဒီအတွက် ကျွန်ုပ်တို့အားလုံး လူ့အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်ကို ညစ်နွမ်းစေမှုတွေကို ရပ်တန့်စေဖို့ လိုအပ်နေပါတယ်။ ဒီလိုစိတ်ပိုင်းဆိုင်ရာ ညစ်နွမ်းမှုတွေကို ဖယ်ရှားပစ်ဖို့ ကျွန်ုပ်တို့အားလုံးမှာ လိုအပ်နေပါတယ်" ဟု သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ယနေ့ Park Royal Hotel ၌ ကျင်းပခဲ့သည့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲတွင် မိန့်ကြားခဲ့သည်။

သီတဂူ ဆရာတော်ကြီးက "တစ်ဦးချင်းစီရဲ့ အတွင်းစိတ်ထဲမှာ ငြိမ်းချမ်းမှုဆိုတာမရှိနေသေးသမျှ ကမ္ဘာမှာ ငြိမ်းချမ်းမှုဆိုတာမရှိနိုင်ပါဘူး။ အကြမ်းဖက်မှုနဲ့ ငြိမ်းချမ်းမှုဆိုတာ ဘယ်တော့မှအတူယှဉ်တွဲတည်ရှိမနေပါဘူး။ အတွင်းစိတ်ခံစားမှုမှာ ငြိမ်းချမ်းမှုကိုရရှိဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ ထိုးထွင်းသိမြင်နိုင်တဲ့ဉာဏ်နဲ့ တရားအားထုတ်ခြင်းပါပဲ။ ဆန္ဒပြင်းပြမှု၊ မနာလိုမှု၊ အမုန်းတရား၊ ဒေါသ၊လျစ်လျူရှုမှု စတဲ့ လူသားတွေရဲ့ စိတ်ထဲမှာ အကောင်းမမြင်တဲ့ ခံစားမှုတွေရှိနေတဲ့ အချိန်တိုင်းမှာ အဲဒီလို မကောင်းတဲ့စိတ်တွေဟာ မနှစ်လိုဖွယ်ရာ ခံစားမှုတွေကို ခန္ဓာကိုယ်ထဲမှာ မီးပွားလိုပဲ အဆင့်ဆင့်ကြီးထွားလာအောင် အစပျိုးစေတတ်ပါတယ်။ အခြားတစ်ဖက်ကလည်း သည်းခံမှု၊ မေတ္တာ၊ ခံစားတတ်မှု၊ စာနာတတ်မှုနဲ့ အမြင်ကျယ်မှု စတဲ့ အကောင်းမြင်မှုတွေကိုလည်း ဖြစ်စေပါတယ်။ အဲဒီအချိန်မှာ စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတွေဟာ ပျော်ရွှင်မှုနဲ့ စိတ်ပိုင်းဆိုင်ရာခံစားရမှုတွေကို ခန္ဓာကိုယ်ထဲမှာ ဖန်တီးလာစေလေ့လည်းရှိပါတယ်"ဟု မိန့်ကြားခဲ့သည်။

ထိုဘာသာပေါင်းစုံ ဆွေးနွေးပွဲကို ဗုဒ္ဓဘာသာတက္ကသိုလ်မှ ဒေါက်တာ ဓမ္မပိယဆရာတော်၊ ကိုလံဘီယာတက္ကသိုလ်မှ Prof.Alfred Stepan, Prof. Robert A.F. Thurman, Ms. Danielle Goldberg၊ အစ္စလာမ်မှ ဟာဂျီဦးအေးလွင်၊ Judson Research Center မှ ဒေါက်တာ စောလိုင်ဘွားတို့လည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ သံတမန် အသိုင်းအဝိုင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီထိ ကျင်းပခဲ့ပြီး ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်နိုင်မည့် လမ်းစဉ်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

(မန်းသားလေး)

(၇၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၂)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဟားခါး ဇန်နဝါရီ ၁၉

သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် UN.Habitat မှ DRR ကျွမ်းကျင်သူ Mr.Jaiganesh Murugesan က မိတ်ဆက်စကားပြောကြားပြီး UN.Habitat မှ အစီအစဉ်ကျွမ်းကျင်သူ ဒေါက်တာကျော်သူက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲနှင့် UN.Habitat မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

○ **ကျောဖုံးမှ**

မီးဘေးကာကွယ်ရေးသတိပြုရေး သတိပေးနံရံကပ်စာစောင်များ ဖြန့်ဝေပေးကြသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ ဦးဆောင်မှုနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၃၁ သိန်းကျော်ဖြင့် တည်ဆောက်မည့်အောင်ရတနာအိမ်ရာနှင့် အောင်ရတနာလမ်းကြား အောင်မင်္ဂလာရုံအနီး အလျား ပေ ၂၀၊ အနံ ၁၆ ပေ၊ အမြင့် ခြောက်ပေ၊ ရေဂါလန် ၁၂၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေး၍ မီးသတ်ယာဉ်များ အလွယ်တကူ ရေဖြည့်ထွက်ခွာသွားလာလွယ်ကူသောနေရာကို ရပ်ကွက်မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ) (၅၀၆)**

ကနီမြို့နယ်တွင် ပထမအကြိမ်ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

မုံရွာ ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ပြည်ထောင်စုလွှတ်တော်မှ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အသုံးပြုနိုင်ရန်အတွက် ပထမအကြိမ် ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်အောင်တို့က လုပ်ငန်းဆိုင်ရာများ၊ စာရင်းဇယားများဆောင်ရွက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းပြောကြားပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌများသို့ ဖွံ့ဖြိုးရေးရန်ပုံငွေများ ထုတ်ပေးခဲ့သည်။

အဆိုပါ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၄၇၄၂၄၆၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်းငါးမျိုးရှိ လုပ်ငန်းစဉ် ၆၁ ခုအတွက် ပထမအကြိမ်အဖြစ် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဆင်းရဲနွမ်းပါးပြီး ထူးချွန်ထက်မြက်သူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်နိုင်ရေး ဆွေးနွေး

မော်လူး ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ရှိ ဆင်းရဲနွမ်းပါးပြီး ထူးချွန်ထက်မြက်သူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် မြတ်ပါရမီပညာရေး ဖောင်ဒေးရှင်းနှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အသင်းသူ အသင်းသားများက အလှူငွေကျပ် ၁၁ သိန်း ထည့်ဝင်လှူဒါန်းကြသည်။ အဆိုပါအသင်းတွင် အဖွဲ့ဝင်ပေါင်း ၁၅၀ ကျော်ရှိပြီး ကျောင်းသားတစ်ဦးလျှင် တစ်နှစ်ထောက်ပံ့ငွေကျပ် ၆၅၀၀၀ ရှိကြောင်း သိရသည်။ **(နီတိုး)**

ရန်ကုန်တက္ကသိုလ်ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ဆယ်စုနှစ် နှစ်ခုနီးပါး တိမ်မြုပ်ခဲ့သော ရန်ကုန်တက္ကသိုလ် ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းရှိ အပန်းဖြေရိပ်သာ (RC) ၌ ကျင်းပရာ အတိတ်သမိုင်းတွင် အောင်မြင်ခဲ့ကြသည့် မယ်များဖြစ်ကြသော ပြည်ထောင်စုမယ် ရုပ်ရှင်ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်သန်းနုနှင့် ၁၉၆၁ ခုနှစ် မယ်ဗမာ ဒေါ်ဖြူဖြူရှိန်တို့ တက်ရောက်ပြီး Miss Yangon University မယ်ဆုရ မနေရည်ဝင်းလဲ့ (ရူပဗေဒ ပထမနှစ်)၊ အကြီးတန်း ကာယအလှမယ် ပထမဆုရ မမေရီသက်ထား (မဟာသိပ္ပံပထမနှစ်)တို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ်၏ ကာယဗလပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင် လေးဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး Mr.Yangon University အဖြစ် D ဆိုင်းနောင်အား ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခ ဒေါက်တာကျော်နိုင်က ဆုချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ကာယအလှမယ် အငယ်တန်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကာယအလှမယ် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး Miss Yangon University ဆုရ မနေရည်ဝင်းလဲ့ (ရူပဗေဒ ပထမနှစ်)အား မယ်ဗမာဒေါ်ဖြူဖြူရှိန်က လည်းကောင်း၊ ကာယအလှမယ် အကြီးတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ Miss Yangon University ဆုကို မမေရီသက်ထား (မဟာသိပ္ပံ ပထမနှစ်)အား ပြည်ထောင်စုမယ် ရုပ်ရှင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်သန်းနုက လည်းကောင်း ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များကို ပေးအပ်သည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ တက္ကသိုလ်ပေါင်းစုံ (အောက်မြန်မာပြည်) ကာယဗလ မောင်ပြိုင်ပွဲနှင့် ကာယအလှမယ် ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ စိန်ရတုခန်းမ၌ ကျင်းပမည့် ပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဆုရကာယဗလမောင်နှင့် ကာယအလှမယ်များအနက်မှ နှစ်ဦးစီပြန်လည်ရွေးချယ်ခဲ့ရာ ဆုရကာယဗလမောင် Dဆိုင်းနောင်နှင့် တပ်ခန်းတွောင်တို့အား ရွေးချယ်ပြီး ကာယအလှမယ်အကြီးတန်း မမေရီသက်ထားနှင့် မနေရည်ဝင်းလဲ့တို့အား ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု မောင်မယ်များအဖြစ် ရွေးချယ်လိုက်ကြောင်း သိရသည်။

ကာယဗလမောင်ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲများ ပြန်လည်ဖွံ့ဖြိုးလာစေရန်အတွက် Miss Universe Myanmar ၁၉၆ ဒေါ်ခင်မြင့်မြင့်၏ ခင်ပွန်း ဦးမြတ်သင်းအောင်၊ လီလီဖိနပ် Cocolight Klouse Co.,Ltd. ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည်) နှင့် မိတ်ကပ်ဆံပင်လှည်းတန်း ညက်ညက်တို့က ရန်ကုန်တက္ကသိုလ် ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

တိမ်မြုပ်နေသော ရန်ကုန်တက္ကသိုလ်

သတင်း၊ ဓာတ်ပုံ-စောသိန်းဝင်း

အထူးကုဆရာဝန်ကြီးများ သုံးခွမြို့၌ ကွင်းဆင်းကုသ

ဟန်လင်းမြို့ဟောင်းနှင့် မန္တလေးသုဓမ္မာဇရပ်များအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၏ ခင်းကျင်းပြသလျက်ရှိသော ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်၊ ဟန်လင်းမြို့ဟောင်း တူးဖော်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ၊ ဟန်လင်းမြို့ဟောင်းရှိ တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော HL-9၊ HL-22နှင့် မြို့ဝင်ပေါက်နေရာများ၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ICOMOS အဖွဲ့မှ လာရောက်စစ်ဆေးခံနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစောမြင့်ဦး၊ ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဟန်လင်းစံပြကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဟန်လင်းမြို့ဟောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များအား ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်ဝင်းအတွင်းရှိ ရုံး၌တွေ့ဆုံ၍ ဟန်လင်းမြို့ဟောင်းသည် သမိုင်းတင်ခေတ်ဦးပိုင်းမှစ၍ လူများနေထိုင်ကာ မြို့ပြယဉ်ကျေးမှုအဆင့်ရောက်ရှိထွန်းကားခဲ့သည့် အထောက်အထားများ တွေ့ရှိရသဖြင့် တူးဖော်ပြီးနှင့် မတူးဖော်ရသေးသော မြေပေါ်၊ မြေအောက် ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ဒေသခံများ၊ လူငယ်လူရွယ်များပါ ကိုယ်ပိုင်အသိစိတ်ဓာတ်၊ ခံယူချက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်လာစေရန် ပညာပေးစည်းရုံး ဆောင်ရွက်သွားရေး ဆွေးနွေးခဲ့သည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်နေသော ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများအနက် ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်အဖွဲ့၏ တာဝန်ပေးချက်အရ ICOMOS အဖွဲ့က ၂၀၁၃ ခုနှစ် အောက်တိုဘာလက လာရောက်စစ်ဆေးခဲ့ပြီး ဟန်လင်းမြို့ဟောင်းကို ဇန်နဝါရီလကုန်ပိုင်းတွင် လာရောက်စစ်ဆေးမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ သုဓမ္မာဇရပ်များနှင့်ဇရပ်များတွင် ချိတ်ဆွဲထားသော ရှေးဟောင်းပန်းချီကားများ၏ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေရှည်ဆက်လက် ထိန်းသိမ်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

လင်းခေး ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ဒေသဖွံ့ဖြိုးရေးအတွက် လင်းခေးခရိုင် လင်းခေးမြို့ နွယ်ဝတီခန်းမ၌ လင်းခေး၊ မိုင်းပန်မြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့များနှင့် တွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည်များကို တင်ပြကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုအပ်သည်များကို ပြန်လည်ဖြည့်ဆည်းညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုးနော်ခမ်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းတို့က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီထောက်ပံ့သည့် လင်းခေး၊ မိုင်းပန်မြို့နယ်များတွင် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးနှင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများတွင်သာမက အခြား မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအသီးသီးတို့တွင် အသုံးပြုရန် တစ်မြို့နယ်လျှင် ကျပ်သိန်း ၄၀၀ စီနှင့် ပညာရေးကဏ္ဍအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ နှစ်စုံစီကိုပေးအပ်ရာ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံရယူကြသည်။

ဆောင်းနှင်းလတ်(လင်းခေး)

✱ **ရိုးမ ရန်ကုန်မှ**

ရန်ရှင်းလမ်း၊ ကျောက်ကုန်းလမ်း၊ မိုးကောင်းလမ်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ လေးထောင့်ကန်လမ်း၊ ဝေဇယန္တာလမ်းအတိုင်း ပြေးကာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြန်လည်ပန်းဝင်ကြသည်။ အမျိုးသားပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား ဂျိုးဇက်ကာရူကီက ဗိုလ်စွဲခဲ့ပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယဆုကို ဝေလင်းထွန်း(မြန်မာ)၊ တတိယဆုကို စိုးနိုင်(မြန်မာ)တို့က ရရှိခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာကစားသမားများသာ အစွမ်းပြခဲ့ပြီး ပထမမြင့်မြင့်အေး၊ ဒုတိယ နီလာစန်း၊ တတိယ သီတာချိုတို့က ရရှိကြသည်။ ဆုကြေးများအဖြစ် ပထမ အမေရိကန်ဒေါ်လာ ၂၅၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၁၂၀၀၊ တတိယ အမေရိကန်ဒေါ်လာ ၈၀၀ တို့ချီးမြှင့်သည်။

၂၁ ကီလိုပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ပထမ ပေါလ်ကူမန်နီ (ကင်ညာ)၊ ဒုတိယ အွန်ဒိုရာချန်ချီမာ (ကင်ညာ)၊ တတိယ ဆန်းနိုင်(မြန်မာ)၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ မယ်ရီဝမ်ဂူရီ(ကင်ညာ)၊ ဒုတိယ ဖြူဝါသက်(မြန်မာ)နှင့် တတိယ ခင်မာဆယ်(မြန်မာ)တို့ရရှိကြပြီး ဆုကြေးများအဖြစ် ပထမ အမေရိကန်ဒေါ်လာ ၁၅၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၈၀၀ နှင့် တတိယ အမေရိကန်ဒေါ်လာ ၄၀၀ တို့ ချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲများအပြင် ငါးကီလိုအပြေးပြိုင်ပွဲကိုလည်း ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို နိုင်ငံပေါင်း ၄၂ နိုင်ငံမှ အားကစားသမား ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။



၄၂ ကီလိုပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဂျိုးဇက်ကာရူကီ (ကင်ညာ)နှင့် မြင့်မြင့်အေး (မြန်မာ)တို့အား ဆုယူအပြီး တွေ့ရစဉ်။(ဓာတ်ပုံ-ရှိုင်းထက်ဇော်)

သုံးခွ ဇန်နဝါရီ ၁၉

ပြည်သူများဆေးဝါးကုသမှု အဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲထိ အထွေထွေရောဂါကုသမားတော်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ကြီး၊ တိုင်းရင်းဆေးသမားတော်ကြီးများ ပါဝင်သော အဖွဲ့ကိုးဖွဲ့မှ အဖွဲ့ဝင် ၂၉ ဦးတို့က ကွင်းဆင်းကာ လူနာပေါင်း ၇၀၄ ဦးအား အခမဲ့စမ်းသပ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကျော်(သုံးခွ)

အွန်လိုင်းအဝေးသင်ပညာရေးဆောင်ရွက်နေသည့် ရန်ကုန်အဝေးသင်တက္ကသိုလ်

တွေ့ဆုံမေးမြန်း
ခင်ချိုဝင်း

(ယမန်နေ့မှအဆက်)

မေး။ ဥပဒေပညာဘာသာရပ်ဟာ Professional ဘာသာရပ်ဖြစ်တဲ့အတွက် ဒီလိုအွန်လိုင်းနဲ့ သင်ကြားပို့ချတာကို အခြားနိုင်ငံတကာအဝေးသင်တက္ကသိုလ်တွေမှာရော ပြုလုပ်မှု ရှိပါသလားဆရာ။

ဖြေ။ နိုင်ငံတကာအဝေးသင်တက္ကသိုလ်တွေအားလုံးနီးပါး ဥပဒေပညာဘာသာရပ်ကို အွန်လိုင်းနဲ့သင်ကြားပို့ချနေပါတယ်။ Open University UK, Open University of China(OUC) , Open University of Japan(OUJ), Korea National Open University(KNOU), University of Phllippine Open University (UPOU), Hanoi Open University(HOU), Ho Chi Minh City Open University (HCMCOU), Open University of Malaysia(OUM), Wawasan Open University, Malaysia(WOU), Asia e University(AeU),Malaysia, University Terbuka(UT), Indonesia, Sukhothai Thammathirat Open University(STOU),Thailand စသည်ဖြင့် နိုင်ငံတကာအဝေးသင်တက္ကသိုလ်တွေအားလုံးနီးပါး ဥပဒေပညာဘာသာရပ်ကို သင်ကြားပို့ချပေးနေပါတယ်။

မေး။ အခြားဘာသာရပ်တွေကိုရော နောင်အလားတူ သင်တန်းမျိုးဖွင့်ဖို့ အစီအစဉ်ရှိပါသလားဆရာ။

ဖြေ။ အခြားဘာသာရပ်တွေကိုလည်း အွန်လိုင်းနဲ့ဖွင့်လှစ်သင်ကြားနိုင်အောင် ဆရာတို့ကြိုးစားဆောင်ရွက်သွားမှာပါ။ ဒီလို ခေတ်မီနည်းပညာရပ်များကို အသုံးပြုပြီး အဝေးသင်သင်ကြားရေးကို တိုးမြှင့်ဆောင်ရွက်မှသာ ဆရာတို့နိုင်ငံအနေနဲ့ နိုင်ငံတကာအဝေးသင်တက္ကသိုလ်များနဲ့တန်းတူ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ အဝေးသင်ပညာရေးရဲ့ တိုးတက်လာပုံကိုပြောပါရစေ။ အဝေးသင်ပညာရေးဟာ ကမ္ဘာမှာ ၁၇၂၈ ခုနှစ်က စတင်လာခဲ့တာ ယခုဆိုရင် နှစ်ပေါင်း ၃၀၀ နီးပါးရှိလာပြီ ဖြစ်ပါတယ်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး အဝေးသင်သင်ကြားရေးကို မျိုးဆက်(generation) ငါးခုနဲ့ဖော်ပြထားကြပါတယ်-

(၁) **ပထမမျိုးဆက်(First Generation)**
စာပေးစာယူဖြင့် သင်ကြားပို့ချခြင်း (Correspondence)

(၂) **ဒုတိယမျိုးဆက်(Second Generation)**
ရေဒီယို၊ ကက်ဆက်၊ တီဗွီ စသည်တို့ဖြင့် သင်ကြားပို့ချခြင်း(One Way multimedia)

(၃) **တတိယမျိုးဆက်(Third Generation)**
သင်ကြားသူနဲ့သင်ယူသူတို့ အပြန်အလှန်ဆွေးနွေးနိုင်တဲ့ အီလက်ထရွန်နစ်သင်ကြားရေးစနစ်ဖြင့် သင်ကြားပို့ချခြင်း
(Two Way multimedia Via e-learning)

(၄) **စတုတ္ထမျိုးဆက်(Fourth Generation)**
အွန်လိုင်းဖြင့်သင်ကြားပို့ချခြင်း(Web-based Teaching System-World Wide Web 1.0)

(၅) **ပဉ္စမမျိုးဆက်(Fifth Generation)**
နည်းပညာပိုမိုမြင့်မားသော အွန်လိုင်းဖြင့် သင်ကြားပို့ချခြင်း (Web-based Teaching System-World Wide Web 2.0, Virtual Learning Environment)

နည်းပညာတိုးတက်လာတာနဲ့အမျှ အဝေးသင် သင်ကြားရေးစနစ်ဟာ ပိုပြီးထိရောက်တဲ့သင်ကြား၊ သင်ယူမှုတွေကို ပြုလုပ်လာနိုင်တာတွေ့ရပါတယ်။

အဝေးသင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလှတင့်။

ဆရာတို့နိုင်ငံရဲ့အဝေးသင်သင်ကြားရေးစနစ်ဟာ ၁၉၇၃-၁၉၇၄ မှာ ဘီအီးဒီစာပေးစာယူသင်တန်းကစခဲ့ပါတယ်။ ၁၉၇၅-၁၉၇၆ မှာတော့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် တက္ကသိုလ်စာပေးစာယူသင်တန်း၊ ၁၉၈၀ မှာတော့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကနေခွဲထွက်ပြီး တက္ကသိုလ်စာပေးစာယူသင်တန်းအဖြစ်သီးခြားရပ်တည်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ရန်ကုန်အဝေးသင်တက္ကသိုလ်နဲ့ ၁၉၉၈ ခုနှစ်မှာ မန္တလေးအဝေးသင်တက္ကသိုလ်ဆိုပြီး အဝေးသင်တက္ကသိုလ်များကို ထူထောင်ခဲ့ပါတယ်။

နည်းပညာအသုံးချပြီး အဝေးသင်သင်ကြားရေးကို ပြုလုပ်ရာမှာ-

(၁) စာပေးစာယူနဲ့သင်ကြားခြင်းကို - ၁၉၇၃-၁၉၇၄ မှ စတင်

(၂) ရေဒီယို၊ ကက်ဆက်၊ တီဗွီ စသည်တို့ဖြင့်သင်ကြားပို့ချခြင်းကို - ၁၉၇၆-၁၉၇၇ မှ စတင်

(၃) အီလက်ထရွန်နစ် သင်ကြားရေးစနစ်ဖြင့် သင်ကြားပို့ချခြင်းကို - ၂၀၀၀ ခုနှစ်မှစတင်

(၄) အွန်လိုင်းနဲ့သင်ကြားပို့ချခြင်းကို - ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်

ဆရာတို့ ရန်ကုန်အဝေးသင်တက္ကသိုလ်အနေနဲ့ စတုတ္ထမျိုးဆက်ကို လျှောက်လှမ်းနိုင်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။ စတုတ္ထမျိုးဆက်ကိုကျော်ဖြတ်နိုင်ပြီဆိုရင် ပဉ္စမမျိုးဆက်ဟာလည်း မကြာမီမှာကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အားပေးမှုနဲ့အတူ ဆရာတို့ကြိုးစားလုပ်ဆောင်နေကြပါတယ်။

မေး။ ဆရာတို့ အဝေးသင်တက္ကသိုလ် ပုံမှန်သင်တန်းတွေကိုလည်း ဒီပညာသင်နှစ်ကစပြီး အရည်အသွေးတိုးတက်အောင် ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိပါရစေဆရာ။

ဖြေ။ ပထမဆုံးကျောင်းဝင်မှတ်ပုံတင်တာကစပြီး ပြုပြင်သွားမှာပါ။ ယခင်နှစ်ကအထိ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ထားတဲ့ကျောင်းဝင်မှတ်ပုံတင်ခွင့် နောက်ဆုံးရက်ကျော်လွန်သွားသော်လည်း စာမေးပွဲဖြေခါနီးအထိ ကျောင်းအပ်လက်ခံခဲ့ရတာတွေရှိခဲ့ပါတယ်။ ကျောင်းဝင်တာနောက်ကျတဲ့အတွက် လေ့လာမှုတွေလည်းနောက်ကျ၊ စာစဉ်တင်သွင်းရာမှာလည်း နောက်ကျ စသည်ဖြင့် နောက်ကျမှုတွေရှိပြီး နောက်ဆက်တွဲဆိုးကျိုးတွေအများကြီး ရှိလာပါတယ်။ ဒါကြောင့် ဒီပညာသင်နှစ်ကစပြီး သတ်မှတ်ထားတဲ့ ကျောင်းဝင်မှတ်ပုံတင်ခွင့် နောက်ဆုံးရက်မတိုင်မီ ကျောင်းအပ်နှံကြဖို့နဲ့ သတ်မှတ်ရက်ကျော်ပြီး ကျောင်းအပ်နှံခြင်းကို လုံးဝခွင့်ပြုတော့မှာမဟုတ်ပါဘူး။

ဒီနှစ် ၂၀၁၄ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝင်မှတ်ပုံတင်ခွင့်နောက်ဆုံးရက်ကို ၃၀-၃-၂၀၁၄ ရက်နေ့သတ်မှတ်ထားပါတယ်။ အဲဒီရက်ထက်နောက်ကျပြီးမှ လာအပ်ရင်လုံးဝလက်ခံတော့မှာ မဟုတ်ပါဘူး။ နောက်နှစ် ၂၀၁၅ ပညာသင်နှစ်မှသာ ပြန်လည်လက်ခံသွားမှာဖြစ်ပါတယ်။

နိုင်ငံတကာအဝေးသင်တက္ကသိုလ်များမှာလည်း အများစုက ဒီအတိုင်းပဲကျင့်သုံးကြပါတယ်။ အရည်အသွေးတိုးတက်ဖို့အတွက် စည်းကမ်းကစပြီးပြင်ရမှာဖြစ်ပါတယ်။ ပြီးရင် သင်ကြားမှုပုံစံ၊ အကဲဖြတ်အမှတ်ပေးစနစ်စတာတွေကိုလည်း ပြုပြင်သွားမှာဖြစ်ပါတယ်။ အဝေးသင်သင်ကြားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးနေတဲ့ ပညာရေးဝန်ထမ်းများရဲ့စိတ်ဓာတ်၊ စည်းကမ်းကောင်းအောင် တာဝန်ယူမှုနဲ့ တာဝန်သိမှုတွေရှိအောင်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ စကားမစပ်ဆက်လက်မေးပါရစေဆရာ။ အဝေးသင်နဲ့ ဘွဲ့ရတဲ့သူတွေ မတတ်ကြဘူး။ အရည်အချင်းမရှိကြဘူးဆိုပြီး လူမှုရေးနယ်ပယ်နဲ့ အလုပ်လျှောက်တဲ့အခါ ပြောဆိုသံတွေ ထွက်နေပါတယ်ဆရာ။ အဲဒီအတွက်လည်း တချို့ကျောင်းသားတွေက အားအင်လျော့နေကြတယ်။ ယခုနှစ်တက်ရောက်မယ့် ကျောင်းသား ကျောင်းသူတွေအတွက် ဆရာ့အနေနဲ့ ဆုံးမအားပေးစကားလေးပြောပေးပါဆရာ။

(ဆက်လက်ဖော်ပြပါမည်)

သထုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်ပွဲများ ကျင်းပ

သထုံ ဇန်နဝါရီ ၁၉

သထုံခရိုင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

မူးယစ်ဆေးဝါးကင်းစင်ကြောင်း ဆိုင်းဘုတ်စိုက်ထူခဲ့သည့် ကျေးရွာများမှာ တောင်စွန်းကျေးရွာ၊ သရက်တောကျေးရွာ၊ ဒေးဗရိန်းကျေးရွာ၊ ကျောက်တန်းကျေးရွာနှင့် အောင်စိုင်းကျေးရွာတို့ဖြစ်ပြီး မြို့နယ်အတွင်း ကျန်ရှိရပ်ကွက်၊ ကျေးရွာများတွင်လည်း ပြည်သူများနှင့်ပူးပေါင်း၍ မူးယစ်ကင်းစင်နယ်မြေဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း နေ့ချင်းပြီးစိစစ်ဆောင်ရွက်ပေး

ဒလ ဇန်နဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး(သန်လျင်)မှ လက်ထောက်အင်ဂျင်နီယာ ဦးတေဇာအောင်နှင့် ဝန်ထမ်းများအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို ဒလမြို့နယ်တွင် အခြေပြု၍ ကမာကသွယ်၊ ရာဇသင်္ကြန်လမ်းရှိ ဒလကညနရုံးခွဲ၌ နေ့ချင်းပြီး နယ်လှည့်ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းကို ဒလ၊ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များမှ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပိုင်ရှင်အများအပြား လာရောက်လုပ်ကိုင်ကြပြီး ယာဉ်အသုံးပြုသူများ လိုက်နာရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သန်းဌေး-ဒလ)**

မိုး သတိပြု





တင်ဒါခေါ်ယူသည့်ကြော်ငြာ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာနမှ “မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်”ထုတ်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

“မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်”နှင့် ပတ်သက်သည့်အချက်အလက်များ

- စာအုပ်အရွယ်အစား	၅. ၇လက်မ × ၈. ၁ လက်မ
- အတွင်းစာရွက်အမျိုးအစား	Woodfree 70gsm
- အပြင်အဖုံးအမျိုးအစား	Art Card 210 gsm
- အရောင်	၄-မျိုး(4 colour)
- အတွင်းစာမျက်နှာ	(၃၈)မျက်နှာ
- အပြင်အဖုံး	(၂)မျက်နှာနှင့် ကျောဖုံးအတွင်း(၁)မျက်နှာ

၂။ တင်ဒါတင်သွင်းရမည့်နေ့ရက်၊အချိန်	- ၂၀-၁-၂၀၁၄ရက် နံနက် ၁၀ နာရီ
တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၉-၂-၂၀၁၄ရက် ညနေ ၄ နာရီ
တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်	- ၂၀-၂-၂၀၁၄ရက် နံနက် ၁၀ နာရီ
နေရာ	- ရုံးအမှတ်(၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်ထက်ကျော်လွန်သော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၃၈၂၊ ၀၆၇-၄၁၁၀၀၃
တင်ဒါရွေးချယ်ခေါ်ယူရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန် MINI EXCAVATOR E-35M အတွက် RUBBER CHAIN (၂)စုံနှင့် ဘက်ထရီမျိုးစုံ (၂၇၆)လုံးအား အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်။တင်ဒါတင်သွင်းလိုသူများသည် တင်ဒါတင်သွင်းလွှာများကို တစ်စုံလျှင်(၁၀၀၀ိ/-)နှုန်းဖြင့် ၂၀-၁-၂၀၁၄ ရက်မှစ၍ ၆၂ လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ၂၇-၁-၂၀၁၄ရက်၊ မွန်းလွဲ ၂း၀၀ နာရီတွင် ၂၆လမ်း၊ (၇၁လမ်း×၇၂လမ်းကြား)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ဖွင့်ဖောက်စစ်ဆေးရွေးချယ်မည် ဖြစ်ပါသည်။ တင်ဒါအောင်မြင်သူများအနေနှင့် ဝင်ငွေခွန်(၂%)အား ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းနိုင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဖုန်း-၀၂-၈၀၁၅၇၇၊၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ခေတ္တဌာနမှူး
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၃၈) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အကျယ်အဝန်း (အလျား ၅၀ပေ×အနံ ပေ ၈၀)ရှိ (၂)ခန်းတွဲ (၈)ထပ်ခွဲ အဆောက်အအုံမှ အခန်း (၂၀၁)၊ အကျယ်အဝန်း (အလျား ၂၅ပေ×အနံ ပေ ၈၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ Strong Source Construction Company (ကုမ္ပဏီ၏ကိုယ်စား) မန်နေဂျင်းဒါရိုက်တာ ဦးစိုးနိုင် [၁၂/ကတတ(နိုင်)၀၀၁၅၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Fax & Ph:၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉- ၅၁၅၁၈၃၃။

အိုင်တီပစ္စည်းများနှင့် ပညာရေး

ခင်မောင်ဌေး(ပညာရေး)

အိုင်တီနည်းပညာထွန်းကားလာမှုကြောင့် လူ့လောကအဖွဲ့အစည်းများအတွင်း နေထိုင်သွားလာမှုမှစ၍ ဆက်သွယ်မှုအဆုံး အစစအရာရာ အဆင်ပြေချောမွေ့လာသည်ကို မည်သို့မျှငြင်းဆိုဖွယ်ရာမရှိပေ။

ထို့အတူ ပညာသင်ကြားရေးတွင်လည်း မိမိတို့လိုချင်လျှင် လိုသလောက် လေ့လာဆည်းပူးခွင့်၊ ရေခြားမြေခြားဖြစ်နေသော်လည်း အွန်လိုင်းပညာရေးစနစ်ကြောင့် အလွယ်တကူသင်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများမှာ နည်းပညာကြောင့်ပင်ဖြစ်သည်။

ယခုအခါဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း နည်းပညာတိုးတက်မှုနှင့်ယှဉ်၍ တိုးတက်ပြောင်းလဲမှုများအရှိန်အဟုန်ကောင်းကောင်းဖြင့် စီးဝင်နေကြသည်ကိုတွေ့ရ၏။ နည်းပညာတိုးတက်မှုကြောင့် ရုပ်ဝတ္ထုပစ္စည်းများရှေ့တန်းရောက်နေသည်ဟူ၍ပင် ဆိုရပေတော့မည်။ အကြောင်းမှာ ကြီးကြီးငယ်ငယ်၊ ကျား/မ အရွယ်မရွေး ခေတ်မီအိုင်တီပစ္စည်းများကို လူတို့၏နေထိုင်မှုဘဝတွင် တစ်စုံတစ်ရာသောအဆင့်သို့ပင် သတ်မှတ်နေရာယူလာသောကြောင့်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင်လည်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရာ တန်ဖိုးနည်းဖုန်းများကို ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ရာ လူကြီးလူငယ်မရွေး ကျောင်းသားကျောင်းသူများမှအစ ဟန်းဆက်များ၊ ဂိမ်းစက်များ စသည်တို့ကို အလွယ်တကူ ဝယ်ယူရရှိသုံးစွဲနိုင်ပြီဖြစ်သည်။

စင်စစ်ယင်းပစ္စည်းပစ္စယများသည် လူကိုစွဲမက်စေသဖြင့် အမျိုးမျိုးသောဆော့ဖ်ဝဲလ်များထည့်သွင်းကာ နေကုန်နေခန်းပင် ဂိမ်းကစားသူများရှိလာ၏။ အင်တာနက်၊ ဖေ့စ်ဘွတ်စ်၊ ဗိုင်ဘာ စသည်တို့မှာလည်း လူငယ်တိုင်းကျွမ်းကျင်စွာအသုံးချနိုင်ပြီဖြစ်၏။ အထူးသဖြင့် မူလတန်းကျောင်းအချို့မှာပင် ကလေးငယ်များအား မိဘများ၏အလိုလိုက်မှုကြောင့် ကိုင်တွယ်သုံးစွဲနေကြသည်ကို တွေ့ရ၏။

ယင်းနှင့်ပတ်သက်၍ "နိုင်ငံတစ်ဝန်းတရားဝင်ဖွင့်လှစ်ထားသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းသားကျောင်းသူများအား တယ်လီဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံးကိရိယာများနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများ သယ်ဆောင်အသုံးပြုဆောင်ရွက်ခြင်း မပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ညွှန်ကြားချက် ထုတ်ပြန်၍ တားဆီးထိန်းချုပ်ရန် အစီအစဉ်ရှိ၊ မရှိ" မေးမြန်းမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက "ကျောင်းသားမိဘများအနေဖြင့် မိမိတို့ကလေးများကို ခေတ်ပေါ်အီလက်ထရွန်နစ်ပစ္စည်းများ လွဲမှားစွာအသုံးမပြုစေရန် ကြပ်မတ်ထိန်းကျောင်းရန် လိုအပ်မည်" ဟု ဖြေကြားသွားသည်ကိုတွေ့ရ၏။

စင်စစ်ကမ္ဘာတစ်ဝန်းလုံး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် နည်းပညာတိုးတက်လာမှုကြောင့် တစ်မဟုတ်ချင်း ပျံ့နှံ့လာခဲ့သည်မှာ လူတိုင်းအသိပင်။ လူသားတို့၏ရယူပိုင်ဆိုင်သုံးစွဲခွင့်ကို အကြောင်းမဲ့တားဆီးပိတ်ပင်ခွင့်ရှိမည်မဟုတ်ပေ။ တားဆီးပိတ်ပင်၍လည်း ရကောင်းမည်မဟုတ်ပါ။

ယခုအခါ အခြေခံကျောင်းများတွင် တက်ရောက်သင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူအများစုတို့မှာ ခေတ်မီအိုင်တီပစ္စည်းများကို ကိုယ်ပိုင်ကိုင်တွယ်သုံးစွဲခွင့်ရရှိနေကြသည်။ မိဘတို့ကတတ်နိုင်လျှင် တတ်နိုင်သလောက် အမျိုးအစားကောင်းကောင်းများကိုပင်သုံးစွဲနိုင်ကြသည်။ ကျောင်းတွင်းသုံးစွဲပိုင်ခွင့်ကို ကန့်သတ်ရုံဖြင့် မရနိုင်။ ကျောင်းပြင်ပအချိန်များတွင် သုံးစွဲနိုင်ခွင့်ကို မိဘများကိုယ်တိုင်ကပင် ခွင့်ပြုထားကြခြင်းကြောင့်ဖြစ်သည်။ အထူးသတိပြုသင့်သည်မှာ ကျောင်းတွင်သင်ကြားမှုသင်ယူမှုပြုနေစဉ်အတွင်း ယင်းသို့သောပစ္စည်းများအား ကိုင်တွယ်သုံးစွဲခြင်းကို သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ခံများက ထိန်းချုပ်ထားနိုင်ခြင်းပင်ဖြစ်သည်။

လက်ရှိကျောင်းအများစုမှာလည်း ယင်းအိုင်တီပစ္စည်းများကို တရားဝင်ကိုင်တွယ်သုံးစွဲခြင်းကို ခွင့်ပြုကြမည်မဟုတ်ပေ။ အချို့ကျောင်းများဆိုလျှင် လွယ်အိတ်နှင့်ကျောင်းသုံးပစ္စည်းများကိုပင် စစ်ဆေးပြီးမှကျောင်းစာသင်ခန်းထဲသို့ဝင်ခွင့်ပြုသည်ကို တွေ့ရ၏။ အချို့ကျောင်းများတွင် ယင်းသို့သောပစ္စည်းများအပြင် မလိုလားအပ်သည့် ဆေးဝါးများ၊ တုတ်၊ ဓား၊ လက်နက်ငယ်များကိုပင် တွေ့ရှိနိုင်ရာ စစ်ဆေးခြင်းသည်အကျိုးမယုတ်နိုင်ပါ။

ကျောင်းသား ကျောင်းသူများသည် အိုင်တီခေတ်တွင်မွေးဖွားလာကြသူများပီပီ အိမ်ရောက်သည်နှင့် သုံးစွဲခွင့်ရသူများသည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုအပြင် Viber ဖွင့်ခြင်း၊ Wifi သုံးစွဲခြင်းအပါအဝင် အင်တာနက်ဖေ့စ်ဘွတ်စ်ဖြင့် ဆက်သွယ်အသုံးပြုနေကြလေသည်။ အကယ်၍သာ ကျောင်းသို့ ယူဆောင်ခွင့်ပြုပါက အနှောင့်အယှက်များစွာတွေ့ရမည်ဖြစ်သည်။ အခြားသောသူများကို ကြွားဝါရာရောက်သည့်အပြင် မသုံးစွဲနိုင်သူများ၏စိတ်ဓာတ်ရေးရာကိုပင် ထိခိုက်စေနိုင်သည်။ ကျောင်းသို့စာသင်သွားရာတွင် မိမိတို့ဝတ်စားချင်သကဲ့သို့ မဝတ်ဆင်ရဘဲ သတ်မှတ်ကျောင်းဝတ်စုံကိုသာ ဝတ်ဆင်ရသည်မှာ ထိုသဘောမျိုးမသက်ရောက်စေလိုသောကြောင့်ပင်ဖြစ်သည်။

အထူးသဖြင့် အလိုလိုက်လွန်းသောမိဘများကြောင့် ဂိမ်းကစားခြင်းများတွင် အစွဲကြီးစွဲကာ ပျက်စီးသွားသောသားသမီးများကို တွေ့ဖူးသည်။ အချို့ဆိုလျှင် ဟန်းဆက်ဖြင့် အင်တာနက်၊ ဖေ့စ်ဘွတ်စ်သုံးစွဲ ခြင်း၊ ဂိမ်းကစားခြင်းဖြင့် အလုပ်ချိန်မှာပင် ငွေကုန်၊ အလုပ်ပျက်အကိုင်ပျက်ဖြစ်နေကြသည်ကို တွေ့နိုင်သည်။

ထို့ကြောင့် တရားဝင်အားဖြင့် မည်သူ့ကိုမျှပိတ်ပင်တားဆီးရန်မသင့်လှ။ သို့သော် မိမိတို့ကျောင်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များအနေဖြင့် ကလေးများ၏ပညာရေးကိုရှေးရှု၍ ကျောင်းသို့ယူဆောင်လာခွင့်မရအောင် ကြပ်မတ်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသားမိဘများပင်ဖြစ်သည်။ ချစ်၍အလိုလိုက်လွန်းမှုကြောင့် ကလေးများ လွဲမှားစွာအသုံးပြုမှုဘက်သို့ ရောက်သွားနိုင်သည်ကို သတိပြုမိဖို့လိုသည်။ ထိန်းသိမ်းကြပ်မတ်ပေးဖို့လည်း လိုသည်။ မိမိတို့၏သားသမီးများအတွက် အကျိုးရှိစွာသုံးစွဲနိုင်မှု၊ လွယ်လင့်တကူထိန်းကျောင်းနိုင်မှုကို မိဘများကပါ ဝိုင်းဝန်းပူးပေါင်းကူညီကြဖို့လိုပါလိမ့်မည်။ ။

ဘီလပ်မြေစက်ရုံစီမံကိန်းအတွက် ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြေပိုင်ရှင်များဆွေးနွေး

ကျိုက်မရော ဇန်နဝါရီ ၁၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘီလပ်မြေစက်ရုံ စီမံကိန်းနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်များ မြေပိုင်ရှင်တောင်သူများနှင့် တွေ့ဆုံပွဲကို ကျိုက်မရောမြို့ ရွှေဟင်္သာခန်းမ၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်က ဘီလပ်မြေစက်ရုံ စီမံကိန်းပျက်စီးစေရန် လုပ်ဆောင်မှုများကို ဥပဒေအရ မျက်ကွယ်ပြုထားမည်မဟုတ်ကြောင်း ဘီလပ်မြေစက်ရုံကုမ္ပဏီနှင့် မြေပိုင်ရှင်များအကြား မြေအရောင်းအဝယ် ပြုလုပ်ရာတွင် မြေပိုင်ရှင်များအကျိုးဖြစ်ထွန်းစေရေးကို ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖွဲ့ဝင် နိုင်လဝီအောင်က မွန်ပြည်နယ်အတွင်း ဘီလပ်မြေစက်ရုံတည်ရှိရန်လိုကြောင်း၊ မြေပိုင်ရှင်များ ဈေးအဆမတန်တောင်းခံခြင်းမပြုကြရန်နှင့် အဆင်ပြေစွာ ဈေးညှိပြီး တစ်ပတ်အတွင်း အကြောင်းပြန်ပေးရန် ကျေးရွာကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၁)

သမဝါယမအသင်းအဆင့်မြှင့်တင်ရေး ချေးငွေပေးအပ်

ထီးချိုင့် ဇန်နဝါရီ ၁၉ ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အနက် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချေးငွေ ၃၅၈၈ သိန်းကို အသင်းအဖွဲ့ ၆၃ဖွဲ့သို့ ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ သမဝါယမအသင်းသူ အသင်းသားများနှင့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

ဖြူးဆရာတော်ကြီး၏တပည့်ကြီး
ဖြူးမဟာစည်ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရအထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ Ph.D,INDIA အရှင်သူမြတ်သည် ၂၀-၁-၂၀၁၄ရက်မှ ၂၁-၁-၂၀၁၄ရက်ထိ တာချီလိတ်မြို့ဓမ္မသဘင်၊ ၂၂-၁-၂၀၁၄ရက် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ ကောင်းမှုခမ်းဓမ္မာရုံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂သို့ ဆက်သွယ်နိုင်ပါသည်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏အမိန့်အမှတ်၁/၂၀၁၄ အရ မယ်စီကုန်းဓမ္မာရုံစေတနာရှင်လူမှုရေးအသင်း၏နာယကကြီးဖြစ်သူ ဒေါ်လှကြည်အား သုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မယ်စီကုန်းဓမ္မာရုံစေတနာရှင်
လူမှုရေးအသင်း ၇/လှိုင်

စာအုပ်စာပေ လူ့မိတ်ဆွေ

အသိပေးကြေညာချက်

စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN LEADER (V39)သင်္ဘောသည် ၂၁-၁-၂၀၁၄ရက်ခန့်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN (V.12) သင်္ဘောသည် ၂၂-၁-၂၀၁၄ ရက်ခန့်တွင်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း- ၂၅၆၉၂၄၊၂၅၆၉၁၄၊၂၅၆၉၀၃၊၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



လုံလေးလုံး

မြေနီ
သစ္စာ

သီဟကျော်ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေးအဖွဲ့သည် တစ်ရက်မှာ ဝိုင်းအုံချစ်ရွာသို့ ရောက်လာသည်။ သရုပ်ဆောင် ဒါရိုက်တာ သီဟကျော်နှင့် အမျိုးသမီးသရုပ်ဆောင်မြညွန့်သွင်တို့ ဦးဆောင်လာကြ၏။ ရိုက်မည့်ဇာတ်ကားအမည်က လုံလေးလုံ။ မြန်မာ့ရုပ်မြင်သံကြားမှာ ကျန်းမာရေး ပညာပေးပြသဖို့ လာရောက်ရိုက်ကူးခြင်းပင်။

မြညွန့်သွင်သည် နာမည်ကျော်အမျိုးသမီးသရုပ်ဆောင် ကျေးဇူးတရားကိုသိတတ်သည်။ လူထုကျန်းမာရေးကိစ္စတို့ကို စိတ်ဝင်စားသည်။ အများပြည်သူအကျိုးကို ရှေးရှု၍လုပ်သင့်လျှင်ဖြစ်အောင် အကောင်အထည်ဖော်ရဲသော ကျေးလက်ဌာနေ ပညာတတ်အနုပညာရှင်ဖြစ်သည်။ ပညာတတ်သရုပ်ဆောင်ဒါရိုက်တာသီဟကျော်သည် ဘဝအမြင် ဆင်ခြင်သုံးသပ်လျက် အနုပညာဖြင့်ပြည်သူ့ဘဝလှပလာအောင် စွမ်းဆောင်နိုင်သူဖြစ်သည်။ လုပ်ချင်သည်ကိုဖြစ်အောင်လုပ်တတ်သော ကျေးလက်သူပေါက်ကျော်မက ပွင့်လင်းသူ၊ ရိုးသားသူ၊ ဘဝကိုပျော်ပျော်နေသူ၊ ကူညီရိုင်းပင်းတတ်သူပင်။

ဖိုးထောင်နှင့် အောင်ဘုတို့ကား ပိန်ပိန်ပါးပါး ဂလန်ဂလားနှင့် ရပ်ရေးရွာရေးမှာ ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းဘဝက ပါရပါရဆိုသော လူပျော်ကလေးများ။

ဝိုင်းအုံချစ်ရွာရောက်လာပြီးနောက် ပထမဆုံးပြဿနာကတော့ မင်းသမီးမြညွန့်သွင် အိမ်သာသွားချင်သည့် ကိစ္စပင်။ ရွာတွင် ရွာလူကြီးဦးဆွမ်းပို့အိမ်ကလွဲ၍ အိမ်သာတစ်လုံးမျှမရှိ။ အပေါ့အလေးကိစ္စကို တောစပ်သွားပြီး ဖြေရှင်းကြသည်။

ပေါက်ကျော်မလိုက်ပို့၍ ဦးဆွမ်းပို့အိမ်က တစ်ခုတည်းသောအိမ်သာကို မြညွန့်သွင်ရောက်၏။ မြညွန့်သွင်သည် သီဟကျော်နှင့် တိုင်ပင်ထားသည့်အတိုင်း ဝိုင်းအုံချစ်ရွာမှာ စံပြယင်လုံအိမ်သာတစ်လုံးကို နေ့ချင်းပြီး ဆောက်လုပ်၏။

စင်စစ် မြညွန့်သွင်တွင် လူထုကျန်းမာရေးအတွက် ရည်ရွယ်ချက်နှစ်ရပ်ရှိသည်။ တစ်ရပ်သည် သူ့ဘဝကို ကျန်းမာရေးအထောက်အပံ့ကြီးစွာ ပြုခဲ့သော ယင်လုံအိမ်သာနှင့်ပတ်သက်၍ အိမ်သာကျန်းမာရေး၊ ပြန့်ပွားနိုင်ရေးဖြစ်၏။ ဒုတိယရည်မှန်းချက်က အိမ်သာတစ်လုံးတည်းသာရှိသော ဝိုင်းအုံချစ်ရွာတွင် အိမ်သာကိစ္စကို ရုပ်ရှင်ရုပ်မြင်ဖြင့် စံပြပြုစုပျိုးထောင်ပေးရန်ဖြစ်၏။

မြညွန့်သွင်သည် အိမ်သာမရှိ၊ တောထိုင်လေ့ရှိသော ဇနပုဒ်ကျေးလက်ကလာသော ဘဝမမေ့သူပင်။ အရွယ်မရောက်မီ မြညွန့်သွင် ရောဂါရသည်။ ဝမ်းပျက်ဝမ်းဖောရောဂါ။ ယင်းရောဂါကာကွယ်ရန် ကျန်းမာရေးဌာနက ရွာသို့ရောက်လာပြီး မြညွန့်သွင်ရောဂါကို ကုသပေးရုံမျှမက ရွာတွင် ယင်လုံအိမ်သာတည်ဆောက်ပေးသွားသည်ကို မြညွန့်သွင် မမေ့နိုင်။

ယင်လုံအိမ်သာမရှိစဉ် ငယ်စဉ်ဘဝက မြညွန့်သွင်ခမျာ ပိန်ပိန်လှီလှီ၊ ချုချုချာချာ၊ ပြားပြားကပ်ကပ်နှင့်။ ယင်လုံအိမ်သာရှိလာသည့်နောက် မြညွန့်သွင် သွင်ပြင်ရုပ်ရည်သည် စိုပြည်သားနား ဖွံ့ထွားလှပကာကျန်းမာစိုလန်းလာ၏။ ယင်းသို့ဖြင့် နောက်ဆုံး မြညွန့်သွင်သည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီးပင်ဖြစ်လာ၏။ ယင်းမှာ ရုပ်ရှင်အတတ်ပညာ၊ အနုပညာအားဖြင့် လုံလေးလုံကို ကျေးဇူးဆပ်ရန် သီဟကျော်ကူညီပံ့ပိုးပေးသဖြင့် မြညွန့်သွင် လက်တွေ့မှာ အကောင်အထည် ဖော်ခွင့်ရလာလေသည်။

တကယ်ပင် မြညွန့်သွင်သည် လုံလေးလုံကိုလည်းကောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာဆောက်လုပ်ရေး နေရာ၊ အနေအထားကိုလည်းကောင်း ရုပ်သံအနုပညာဖြင့်၊ ရွာလူထုအကူအညီဖြင့် သရုပ်ဖော်ပြသခွင့်ရလာ၏။

ရွာလူကြီး ဦးဆွမ်းပို့၊ ပေါက်ကျော်မ၊ ဖိုးထောင်၊ အောင်ဘုနှင့် ရွာလူထုအကူအညီဖြင့် သူဖွဲ့သီထားသောကဗျာကို ယိမ်းသဖွယ်သရုပ်ဆောင်ခွင့်ရ၏။

မြညွန့်သွင်၏ လုံလေးလုံတေးကဗျာ

၁။ အိမ်သာတစ်လုံးဆိုသည်မှာ လုံလေးလုံနှင့် ပြည့်စုံရာ။
၂။ ပထမ 'လုံ'က ယင်လုံရေး၊ ယင်လုံပါက ရောဂါဝေး။
၃။ နောက်တစ်လုံက 'ခြင်'လုံပါ။ ခြင်လုံပါမှ ကိုယ်ကျန်းမာ။
၄။ အရှက်လုံက တတိယ၊ ဒါက သိပ်အရေးကြီးသဗျ။
၅။ နောက်ဆုံးလုံက အနံ့လုံ၊ အသက်ရှူ 'ဝ' အောင် မြဲလုံခြုံ။
၆။ လုံလေးလုံကို အစဉ်သတိပြု၊ ကျန်းမာသန့်မှု တို့ရှေးရှု။

အိမ်သာဘယ်မှာထားမည်နည်း
(ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာပေ အလိုက်)

၁။ ရေတွင်းနှင့်သာ ပေငါးဆယ်ခွာလို့ အိမ်သာဆောက်မှ စိတ်ချရတယ်။
၂။ အမြဲသန့်ရှင်းအောင် လှည်းကျင်းထားလို့ တို့များအိမ်သာ ယင်မလာပါ။
၃။ မြစ်၊ချောင်းကျောပေးကာ အိမ်သာမဆောက်မှ အညစ်အကြေး မှန်သမျှ မဝင်ဘူးကွယ်။
၄။ မြစ်၊ချောင်းထဲကို အညစ်အကြေးမစွန့်ဖို့ အမြဲသတိထားလို့ တို့ကာကွယ်။
၅။ အိမ်သာတတ်ပြီးကာ ဆပ်ပြာနဲ့ဆေးမှ လက်သန့်စင်ရေး စိတ်အေးဖွယ်။
၆။ အိမ်သာဆောက်ချင် မတတ်နိုင်လျှင်လည်း စုပေါင်းကာပဲ ပါဝင်မယ်။

အဲဒါမှ အိမ်သာကိစ္စ စိတ်ချရနိုင်မယ်။

မြညွန့်သွင်အစီအစဉ်ဖြင့် ရွာမူလတန်းကျောင်းတွင် ချက်ချင်းဇာတ်တိုက်ကျင်းပလိုက်ရသော ယင်းလုံလေးလုံတေးကဗျာ ယိမ်းပဒေသာတို့က ဝိုင်းအုံချစ်ရွာကလေးကို စည်ပင်အုပ်မိုးလျက် တဒင်္ဂတက်ကြွဖွံ့ဖြိုးသွားရတော့၏။ ။

မြန်အောင်တွင် ထင်းအစားထိုးလောင်စာအဖြစ် စပါးခွံကို အသုံးပြု

မြန်အောင် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်သည် လယ်ယာစိုက်ပျိုးခြင်း၊ ဆန်စပါးကြိတ်ခွဲရောင်းချခြင်းလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်နေသော မြို့တစ်မြို့ဖြစ်ရာ စပါးကြိတ်ခွဲရာတွင် စွန့်ပစ်ပစ္စည်းဖြစ်သော စပါးခွံကို လောင်စာအဖြစ် လုပ်ငန်းရှင်များက အသုံးပြုလျက်ရှိကြသည်။

ပဲလှော်လုပ်ငန်းများ၊ ပဲကြော်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ထန်းလျက်ချက်လုပ်ငန်းတွင် စပါးခွံလောင်စာကို ထင်းအစားသုံးစွဲလာကြသည်။ စပါးခွံလေးတင်းတစ်အိတ်လျှင် အလုပ်ရုံများသို့အရောက်ပို့ ကျပ် ၁၂၀ နှုန်း ရောင်းချရပြီး ထန်းလျက်ချက်လုပ်သောသူများမှာ နွားလှည်းများဖြင့် သယ်ယူလျက်ရှိသည်။ စပါးခွံဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးပေးသော စက်ရုံများသည်လည်း စပါးခွံကို အသုံးပြုကြရသည်။ ထိုအထဲတွင် ယခုလို အုတ်ဖုတ်ရာသီချိန်ရောက်လာပါကအုတ်ဖုတ်လုပ်ငန်းများတွင် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုကြသည်။ အုတ်အလုံးတစ်သောင်းထွက်သော အုတ်ဖိုတစ်ခုအတွက် စပါးခွံတင်းပေါင်း သုံးရာခန့်အသုံးပြုရကြောင်းနှင့် စပါးခွံလောင်စာဖြင့် ဖုတ်သောအုတ်မှာ အရည်အသွေးကောင်းမွန်ကာ မီးအကျက်လည်းညီပြီး အုတ်ဝယ်ယူသူများကလည်း ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နေဝင်းဇော်(မြန်အောင်)

အိမ်နောက်ဖေးကျင်းတူးရာမှ လေယာဉ်ပစ်အမြောက်ကျည်ဆန်ဟောင်းများတွေ့

တောင်ငူ ဇန်နဝါရီ ၁၉

အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာနေ လယ်သမားကြီး ဦးတင်အောင် (၇၅)နှစ်၏ နေအိမ်ခြံနောက်ဖေးတွင် အိမ်သာကျင်းတူးဖော်နေရာမှ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီခန့်တွင် လေယာဉ်ပစ်အမြောက်ကျည်ဆန်ဟု ယူဆရသော စနစ်တံမပါ အလျား ၄ လက်မခွဲ၊ အချင်း ၂ လက်မခွဲရှိ ဂျပန်နိုင်ငံလုပ် ဗုံးသီး ၁၂၀ ကို တူးဖော်တွေ့ရှိခဲ့ရကြောင်း သိရသည်။ အဆိုပါဗုံးသီးများတွေ့ရှိရာနေရာသို့ အုတ်တွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် နယ်မြေခံအမှတ် (၈၄၈) စစ်လက်နက်ပစ္စည်းတပ်နှင့် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများသွားရောက်စစ်ဆေးခဲ့ရာ ဗုံးသီးအဟောင်းများဖြစ်သော်လည်း အသက်ရှိနေသောကြောင့် အမှတ် (၈၄၈) စစ်လက်နက်ပစ္စည်းတပ်သို့ အပ်နှံခဲ့ပြီး အများပြည်သူများ အန္တရာယ် ကင်းရှင်းနိုင်ရေးအတွက် ဘေးကင်းရာသို့ ယူဆောင်ပြီး ဖောက်ခွဲဖျက်ဆီးသွားမည်ဟု သိရသည်။

ကျော်စွာ(တောင်ငူ)

တိုင်းရင်းဆေးဝါးများ စုပေါင်းဆက်ကပ်လှူဒါန်း

ကျိုက်ထို ဇန်နဝါရီ ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး တည်ရှိရာ တောင်တန်းများတွင် သာသနာပြုသီတင်းသုံးလျက်ရှိသော ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းရှိသည်။

အဆိုပါ ကျောင်းများရှိ သံဃာတော်များ၏ ကျန်းမာရေးအထောက်အပံ့ ဖြစ်စေခြင်းအတွက် ဇန်နဝါရီ ၁၆ ရက်က ရင်ပြင်တော်ကျောင်းဆရာတော် အရှင်နန္ဒမာလာထံသို့ တိုင်းရင်းဆေးဝါးများ (၁၁)ကြိမ်မြောက် လှူဒါန်းဆက်ကပ်သည်။

တိုင်းရင်းဆေးဝါးများကို မင်္ဂလာရွှေအုပ်၊ ထွန်းရွှေဝါဆေးတိုက်၊ အောင်တမန်ဆေးတိုက်၊ ဧကမ္ဘာဆေးတိုက်၊ ဂဠုန်ရာဇာဆေးတိုက်၊ ဝါဇီကရဏဆေးတိုက်၊ မှန်ချီဆေးတိုက်၊ ပန်းဝတ်မှုံတို့က စုပေါင်းပါဝင်လှူဒါန်းကြခြင်းဖြစ်သည်။

(၅၃၇)



"ကောင်းထက် အဆင့်မြင့်မွေးမြူရေးအစာစက်ရုံ"အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

YIN MYINT Livestock Co.,Ltd ."ကောင်းထက် အဆင့်မြင့်မွေးမြူရေးအစာစက်ရုံ"၏ မွေးမြူရေးအစာထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း(Manufacture and Distribution of Animal Feed)လုပ်ငန်းများအတွက် အင်္ဂလန်နိုင်ငံ United Kingdom Accreditation Service (UKAS)-United Registrar of Systems (URS) မှ ချီးမြှင့်သော စီမံခန့်ခွဲမှုအရည်သွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် "ISO 9001:2008 Quality Management System" Certificate No.61232/A/0001/UK/EN ကို ထိုက်တန်စွာရရှိခြင်းအတွက် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာမြဟန်
Managing Director
Fortune International Ltd.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ်-၃၉/ဏ၊ မြေကွက်တည်နေရာအမှတ်(၃၉/ဏ)၊ ၅၃-ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဦးသော်ဇင်) အမည်ပေါက် B(လ/န-၃၉)မြေအား အမည်ပေါက် ဦးသော်ဇင်(ဖခင်)နှင့်မိခင်ဒေါ်သန်းတင် ကွယ်လွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ တရားရုံးကတိသစ္စာပြုလွှာများတင်ပြ၍ သမီးဖြစ်သူ ဒေါ်အုန်းစိန်[၁၂/မရက(နိုင်)၀၀၅၈၆၁]နှင့် သားဖြစ်သူ ဦးသိန်းလှိုင်[၁၂/ဥကမ(နိုင်)၁၃၆၈၃၈]တို့ ထံမှ GPအမှတ်-၁၃၄၉၆/၃-၈-၁၂ဖြင့် GPရသူ ဦးအောင်ကျော်[၁၂/သဃက(နိုင်)၁၄၅၆၃၃]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးသည်မှာ မှန်ကန်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဩစတြေးလျအိုးပင်းချန်ပီယံ ငါးကြိမ်ရထားသူ ဆရီနာဝီလျံ ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်အား ရှုံးနိမ့်

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်အား ရှုံးနိမ့်ကာ ဩစတြေးလျအိုးပင်းပြိုင်ပွဲမှ စောစီးစွာ ထွက်လိုက်ရပြီဖြစ်သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတင်းနစ်ချန်ပီယံဆုကို ငါးကြိမ်အထိ ဆွတ်ခူးရရှိခဲ့ဖူးသော အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ပထမတွင် အနိုင်ရလဒ် ဆောင်ကြဉ်းနိုင်မည့် အနေအထားတွင် ရှိခဲ့သော်လည်း နောက်ပိုင်းတွင် အပြန်အလှန် ကစားနိုင်စွမ်းရည် ကျဆင်းလာခဲ့ပြီး ဆားဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်က ၄-၆၊ ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ ခြင်းဖြစ်သည်။

အီတလီစီးရီးအေ၌ ဂျူဗင်တပ်အသင်း ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ဇန်နဝါရီ ၁၈ ရက် ညပိုင်းက ဆမ်ဒိုးရီးယားအသင်းနှင့် ကစားခဲ့သည့် စီးရီးအေပွဲစဉ် (၂၀) တွင် ဂျူဗင်တပ်အသင်းက ဆမ်ဒိုးရီးယားအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းအနေဖြင့် အီတလီစီးရီးအေတွင် ၁၂ ပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့သည့် စံချိန်တစ်ရပ်တင်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အိမ်ကွင်းကစားရသည့် ဂျူဗင်တပ်အသင်းသည် လော်ရန်တီ၊ တိဗက်ဇ်၊ ပေါ့ဘာ၊ အဆာမိုရာ၊ ဗီဒယ်၊ မာချီစီယို၊ ချီလီနီ စသည့်ကစားသမားများကို ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ပထမပိုင်းအတွင်းမှာပင် သွင်းဂိုးသုံးဂိုးရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဂျူဗင်တပ်အသင်းအတွက် စီးရီးအေတွင် သွင်းဂိုး ၁၁ ဂိုးဖြင့် ဒုတိယသွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသော တိုက်စစ်မှူး တိဗက်ဇ် ဂိုးသွင်းနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ဗီဒယ်၏ သွင်းဂိုးနှစ်ဂိုး၊ လော်ရန်တီ၏ သွင်းဂိုးတစ်ဂိုးနှင့် ပေါ့ဘာ၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် အိမ်ကွင်းနိုင်ပွဲ ထပ်မံရရှိခဲ့သည်။

ထို့ကြောင့် အန်တိုနီယိုကွန်တီ၏ ဂျူဗင်တပ်အသင်းသည် ယခင်က စီးရီးအေပြိုင်ဘက် ရိုးမားအသင်း၏ ဦးဆောင်မှုကို ခံထားခဲ့ရပြီး လက်ရှိတွင် ဂျူဗင်အသင်းက ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်နှင့်အတူ ရမှတ် ၅၅ မှတ်ရရှိကာ အီတလီစီးရီးအေ အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ ရိုးမားကို ရှစ်မှတ်ဖြတ်လျက် ဦးဆောင်နိုင်ခဲ့သည်။

ဩစတြေးလျအိုးပင်း ကွာတားဖိုင်နယ် နိုဗက်ဂျိုကိုဗစ် တက်ရောက်

ဓာတ်ကြည့်

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း လက်ရှိချန်ပီယံ နိုဗက်ဂျိုကိုဗစ်သည် အီတလီ တင်းနစ်ကစားသမား ဖော့ဂ်နီနီအား အနိုင်ကစားကာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့တင်းနစ်လောကတွင် နာမည်ကြီး ကစားသမားတစ်ဦးဖြစ်သည့် ဂျိုကိုဗစ်သည် ဖော့ဂ်နီနီအား ၆-၃၊၆-၀၊၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စပိန်၏ အဆင့်သုံးနေရာတွင်ရှိသော ဒေးဗစ်ဖာရာသည်လည်း ဂျာမနီတင်းနစ်ကစားသမား ဖလော်ရီယန်မေယာကို ၆-၇၊၇-၅၊၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အပြင် တရုတ်တင်းနစ်မယ် လီနာနှင့် ရုရှားတင်းနစ်မယ် ကာရိုဗာတို့၏ ပွဲစဉ်တွင် လီနာက ၆-၂၊၆-၀ ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ဂျိုကိုဗစ်၊ ဒေးဗစ်ဖာရာနှင့် လီနာတို့သည် ပြိုင်ဘက်အသီးသီးအား နိုင်ပွဲများရယူကာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

Happy Birthday

[illegible]

Happy Birthday

[illegible]

မက်မွန်သီး(ခ)မှူးသံစဉ်ချို
မွေးနေ့မင်္ဂလာဆုပန်လွှာ
(၂၀-၁-၂၀၁၄)

သံစဉ်ချို သုံးနှစ်ပြည့်
မွေးနေ့၏ ဂုဏ်မင်္ဂလာ
ချမ်းမြေ့ကြည်စွာ
မိသားစုတို့ရင်မှာ
ကြင်နာသဒ္ဒါ ယှဉ်လာပေါင်း
မွေးနေ့မင်္ဂလာ ဆုချွေတောင်း
သက်ရှည်ကျန်းမာပါစေကြောင်း
တတ်သိလိမ္မာပါစေကြောင်း
မေတ္တာစေတနာဆင့်ကာလောင်း။

ဖေဖေ့ ဖေ၊ ဖေဖေ့ မေ
ဖေဖေ၊ မေမေ၊ ပိုး၊ လ၊ နန်း၊ စန်း

စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းဖြူများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၉

အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ကွမ်းလုံ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဟိုပန်မြို့အထွက်၌ ဟိုပန်မှပန်လုံသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်းချန်းခရိုင် မိန်းတိန်မြို့နေ လီရှောက်အယ်(ခ) ရှောက်အယ်(၁၉)နှစ်မောင်းနှင်ပြီး ဟိုချီခရိုင် ပေါက်စန်းမြို့နေ ဂျောင်လျို(၅၀)နှစ်လိုက်ပါသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ဆိုင်ကယ်နောက်တွင် ချည်နှောင်ထားသော ဝါးပလိုင်းအတွင်းမှ ဂျုံမြစ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော အပြာရောင်ကပ်ခွာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၀၀၀ ပြား (တန်ဖိုးငွေကျပ် ၁၆၀၅ သိန်း)နှင့် ဘိန်းဖြူ ၅၉၀ ဂရမ် (တန်ဖိုးငွေကျပ် ၁၁၈ သိန်းတို့)အား သိမ်းဆည်းရမိသဖြင့် လီရှောက်အယ်(ခ) ရှောက်အယ်နှင့် ဂျောင်လျိုတို့နှစ်ဦး**(ယာပုံ)**အား ဟိုပန်မြို့မ ရဲစခန်းက မယ(ပ)၁/၂၀၁၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားသည်။

(ရဲပြန်ကြား)

စက်လှေ မဆင်မခြင်မောင်းနှင်၍ လူနှစ်ဦးသေဆုံး

တောင်ကြီး ဇန်နဝါရီ ၁၉

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် လုံကာကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့် အင်းရေပြင်တွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲခန့်က စက်လှေတစ်စင်း နစ်မြုပ်၍ လူနှစ်ဦးသေဆုံးခဲ့သည်။ ဖြစ်စဉ်မှာ ဖယ်ခုံမြို့ ညောင်ကုန်း (၃) ရပ်ကွက်နေ မားယူ(၃၈)နှစ်သည် အလျား ၁၅ တောင် အကျယ် ၃ တောင်ရှိ HONDA စက်တပ်လှေဖြင့် လူခုနစ်ဦး တင်ဆောင်ကာ စိုက်ပျိုးရေးခြံသို့အသွား လုံကာရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာ အင်းရေပြင်တွင် လှေလူးပြီး လှေထဲသို့ရေဝင်ကာ လှေနစ်မြုပ်၍ လှေပေါ်ပါမအီဘီး (ခ) မကြည်မြင့် (၁၈)နှစ်နှင့် မအီဘို (၁၇) နှစ် လုံကာကျေးရွာနေသူနှစ်ဦးမှာ ရေနစ်သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေ မဆင်မခြင်မောင်းနှင်သူ မားယူ(၃၉) နှစ် ညောင်ကုန်း(၃)ရပ်ကွက်နေသူအား ဖယ်ခုံမြို့မရဲစခန်းက ယာဉ်(ပ) ၁/ ၂၀၁၄ ပြစ်မှုပုဒ်မ ၂၈၀/၃၀၄-က အရ အမှုဖွင့်အရေးယူထားသည်။

(ကိုထွေး-ဖယ်ခုံ)

ကလိန်အောင်တွင် ယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံး

ကလိန်အောင် ဇန်နဝါရီ ၁၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲရှိ ရေပုံးကျေးရွာ၌ ထားဝယ်-ရေး ကားလမ်း မိုင်တိုင်အမှတ် (၃၉/၀)တွင် ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီက ထားဝယ်မှ ရေးဘက်သို့ မောင်းနှင်လာသော ထားဝယ်-မော်လမြိုင်ပြေးဆွဲသည့် ရွှေပြည်စိုး ခရီးသည်တင်ဟွန်ဒိုင်းလေအိတ်ကား ယာဉ်အမှတ် ၆ဂ/---သည် ရေပုံးကျေးရွာနေ ဝင်းနိုင်ထွန်းမောင်းနှင်ပြီး ကျော်ရင်နှင့်စောဩဂုတ်တို့ စီးလာသည့် wave 110 (အပြာရောင်) ဆိုင်ကယ်အမှတ် ၉ယ/---- ကို ဝင်ရောက်တိုက်မိခဲ့သည်။

အခင်းဖြစ်ပွားမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဝင်းနိုင်ထွန်း အသက် (၁၈)နှစ်မှာ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်မျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ ယာဘက်မျက်လုံး ဖူးရောင်ဒဏ်ရာ၊ ယာဘက်ခြေဖမိုး ပွန်းပဲ့ဒဏ်ရာများဖြင့် ထားဝယ်ဆေးရုံသို့ ပို့ဆောင်ထားပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူများဖြစ်သည့် ရေပုံးကျေးရွာနေ ကိုကျော်ရင် အသက်(၁၇)နှစ်နှင့် စောဩဂုတ် အသက်(၁၉)နှစ်တို့ နှစ်ဦးမှာ အခင်းဖြစ်ပွားသည့်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ကလိန်အောင်မြို့နယ်ခွဲ ရဲတပ်ဖွဲ့စခန်းက ရွှေပြည်စိုး ယာဉ်မောင်းဖြစ်သူ သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ ကျော်ကျော်ထိုက် အသက်(၂၈)နှစ်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ပြန်/ဆက်)

မိတ္ထီလာမြို့တွင် အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံး

မိတ္ထီလာ ဇန်နဝါရီ ၁၉

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်တွင် ဇန်နဝါရီ ၁၇ ရက် ညပိုင်းက အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ နယ်မြေရဲစခန်း (အမှတ်-၂) စခန်းမှူး ရဲအုပ်မြင့်သန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယင်းရပ်ကွက်နေ မစုလှိုင်ဌေး(၂၆)နှစ်သည် နေအိမ်ထုပ်တန်းတွင် ပြင်ပဒဏ်ရာမရှိဘဲ ကြိုးဆွဲချသေဆုံးနေကြောင်းတွေ့ရ၍ မိတ္ထီလာဆေးရုံသို့ပို့အပ်ပြီး ည ၁၁ နာရီခွဲက နယ်မြေရဲစခန်း(အမှတ်-၂)က သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၄ ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကျောက်စိမ်းများနှင့် လက်နက်ဖမ်းဆီးရမိ

ပုသိမ်ကြီး ဇန်နဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် စစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးမှ လောက်ကိုင်ဘက်သို့ ဖုန်ကြာကွေး(၂၉)နှစ် ရပ်ကွက်ကြီး(၁၂) မန်စူ လားရှိုးမြို့နေသူ မောင်းနှင်လာသော ၁ခ/----ပါဂျဲရိုး အဖြူ/စိမ်းကြားယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျောက်စိမ်းတုံးများ၊ လက်ကောက်ဖောက်ဆံ၊ လက်ကောက်များကို တရားဝင်စာရွက်စာတမ်းများမပါရှိဘဲ ရှာဖွေတွေ့ရှိသဖြင့် ဖမ်းဆီးပြီးသယ်လာသူ ဖုန်ကြာကွေးအား အုန်းချောရဲစခန်းက (ပ)၁၂/၂၀၁၄ ကျောက်မျက် ပုဒ်မ ၄၂(က) အရ အရေးယူထားသည်။ အဆိုပါယာဉ်ပေါ်တွင် ဦးအေးလွင် (၃၉)နှစ် လောက်ကိုင်မြို့နေသူအား Walther PPK/S အမျိုးအစား အမေရိကန်နိုင်ငံလုပ် ပစ္စတိုတစ်လက်နှင့် ကျည်ခုနစ်တောင့်နှင့်အတူ တွေ့ရှိသဖြင့် သိမ်းဆည်းပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မောင်ပြည်သူ-မန္တလေး)

ကျိုင်းတုံမြို့နယ်၌ မီးလောင်မှုဖြစ်

ကျိုင်းတုံ ဇန်နဝါရီ ၁၉

ကျိုင်းတုံမြို့နယ် နောင်ကုန်းကျေးရွာအုပ်စု ဟိုခိုရွာ၌ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီတွင် မီးလောင်မှုဖြစ်ပွားသဖြင့် နေအိမ်တစ်လုံးနှင့် အိမ်အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အိမ်ရှင် ဦးနီထွေးနှင့် ဇနီးဖြစ်သူတို့မှာ အတူနေသားသမီးနှင့် မြေးများက အလုပ်သွား၊ စာသင်သွားနေခိုက် ဖယောင်းတိုင်မီးထွန်းညှိထားရာမှ စတင်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ မီးလောင်စဉ်အဘိုးအဘွားနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားသော်လည်း RC သွပ်မိုး၊ အုပ်ညှပ်၊ ကွန်ကရစ်ခင်း၊ တစ်ထပ်အိမ်နှင့် တွဲဖက်ထားသည့် အခန်းတွဲမှာ လုံးဝမီးလောင်ပျက်စီးသွားပြီး အိမ်မကြီးမှာ ဘေးနံကာနှင့် အလယ်ဒေါက်တိုင် အပါအဝင် မျက်နှာကြက်များပါ ကူးစက်လောင်ကျွမ်းခံရပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မိနစ်ပိုင်းအတွင်း မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(၅၁၃)

ပြည်တောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်





အမြန်ဆက်သွယ်ပါ နေမင်းအုပ်

လူကြီးတွေ စိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါ။

ဦးနိုင်၊ မကြီးအိချော၊ အန်တီသီသီမာ

ဖုန်း-၀၉-၅၁၄၁၄၂၆



၂၀၁၄ ခုနှစ်၊ နှစ်သစ်အထူးအခွင့်အရေး
(အရင်းအနှီးမလို နေရာရှိရုံမျှဖြင့် လုပ်ငန်းရှင်ဖြစ်နိုင်ပြီ)

၁။ အမြို့မြို့အနယ်နယ်မှ စိတ်ပါဝင်စားသူများအား ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။

၂။ မိမိတို့ ရွှေဂန္ဓမာအင်တာနေရှင်နယ် ထရေးဒင်းလီမိတက်က မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးပြီး လူမျိုးမရွေး၊ ဘာသာမရွေး စားသောက်သုံးစွဲနိုင်သော ပြည်ပမှတင်သွင်းသည့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများစသည့် ပစ္စည်းအမျိုးပေါင်း(၁၃၀)ကျော်ကို အမြို့မြို့အနယ်နယ်တွင် ဖြန့်ဖြူးပေးမည့် ကိုယ်စားလှယ်များ အလိုရှိပါသည်။

၃။ ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ကုန်ပစ္စည်းတစ်ခုခုကို ဖြန့်ဖြူးရောင်းချဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေးပါမည်။ သို့မဟုတ် မိမိရပ်ရွာဒေသအတွင်း ကုန်ပစ္စည်းလိုက်လံဖြန့်ဖြူးရောင်းချသောလုပ်ငန်းကို စိတ်အားထက်သန်သူ ဖြစ်ရပါမည်။

၄။ စိတ်ပါဝင်စားသူများအနေဖြင့် ရွှေဂန္ဓမာအင်တာနေရှင်နယ် ထရေးဒင်းလီမိတက်၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်၍ မိမိ၏အခြေအနေနှင့် ဖြန့်ဖြူးမည့်နည်းလမ်းများကို အသေးစိတ် တွေ့ဆုံဆွေးနွေး ညှိနှိုင်းနိုင်ပါသည်။

ဆက်သွယ်ရန်။	ဒုတိယမန်နေဂျင်းဒါရိုက်တာ	ဖုန်း-၀၁-၆၅၇၈၃၄
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၈၃၀၂၂၁၇
	လက်ထောက်အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၄၅၀၉၉၃၀၁၀
	ဖြန့်ဖြူးရေးဌာနကြီးမန်နေဂျာများ	ဖုန်း-၆၅၇၃၁၁၊ ၆၅၇၃၁၂၊ ၆၅၇၃၂၂၊ ၆၅၇၃၁၄---၁၉၊ Ext: ၃၇၈/၃၇၉

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်

ယာဉ်မောင်းများနှင့်ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေး (LED)ဆိုင်းဘုတ် လားရှိုးမြို့၌တပ်ဆင်

လားရှိုး ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် ဇန်နဝါရီ ၁၅ ရက် နံနက်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(လားရှိုး) ဒုရဲမှူးမိုးခိုင်ဦးစီးသောအဖွဲ့သည် အသက်အန္တရာယ်ကြုံတွေ့မှုလျော့ပါးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် အနံ့နှစ်ပေ၊ အလျားခြောက်ပေ (LED) ပညာပေးဆိုင်းဘုတ် တင်ပွဲပြုလုပ်သည်။

အဆိုပါ အန္တရာယ်ကင်းရှင်းရေး အသိပညာပေး(LED) ဆိုင်းဘုတ်တွင်(LED) မီးလုံးများဖြင့် ဆိုင်ကယ်စီးသူများအတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်စောင်းကာ မေးသိုင်းကြိုးတပ်ဆင်ရန် နှစ်ဦးထက်ပိုမစီးရ၊ ဆိုင်ကယ်အိတ်ဇောဖွင့်မစီးရ၊ သံစုံဥသြဟွန်းတပ်ဆင်မောင်းနှင်ခြင်းမပြုရ သတ်မှတ်အရှိန်ထက် ပိုမမောင်းရ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာပါ၊ အရက်သေစာသောက်စားမူးယစ်၍ ဆိုင်ကယ်မမောင်းရ၊ ပြိုင်မစီးရ၊ မထိန်းနိုင်လောက်သော တန်ပို၊ ဝန်ပိုမတင်စီးရ စသောဆိုင်ကယ်စီးနင်းမောင်းနှင်သူများအတွက် ပညာပေးစာတမ်းများ ထည့်သွင်းထားပြီး ယာဉ်မောင်းများအတွက်မူ ယာဉ်တိုက်မှုဖြစ်လျှင် ချက်ချင်းရပ်၊ လူနာဆေးရုံသို့အချိန်မီပို့၊ သက်ဆိုင်ရာယာဉ်ထိန်းတပ်ဖွဲ့ဖုန်း-၀၈၂-၂၃၇၇၁ သို့ အကြောင်းကြား၊ ယာဉ်ရှေ့နောက်၊ နံပါတ်ပြားတပ်ပါ၊ ညအချိန် ရှေ့မီးကြီးမပါဘဲ မဖွင့်ဘဲ မမောင်းပါနှင့်၊ ယာဉ်လမ်းဘေးရပ်နားလျှင် ဘေးအချက်ပြမီးငယ်မဖွင့်ဘဲ ရပ်မထားရ၊ ယာဉ်နောက်ပိုင်းတွင် ရောင်ပြန်များတပ်ဆင်ပါ၊ မြို့တွင်းမိုင်(၃၀)ထက်ပိုမမောင်းရ၊ ဘာကြောင့်ရပ်ရပ်လမ်းဘေးသို့ချရပ်ရန် အသိပညာပေး(LED) ရောင်စုံမီးများဖြင့် ထွန်းလင်းပြသထားသည်။

စံဇာဏီအောင်(လားရှိုး)

မုံရွာမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် စည်းကမ်းမဲ့ရပ်နားယာဉ်များ ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ ဥပဒေနှင့်အညီ အရေးယူ

မုံရွာ ဇန်နဝါရီ ၁၉

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းမဖြစ်စေရန် ရည်ရွယ်၍ မုံရွာမြို့၊ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ရပ်နားထားသောယာဉ်များအား သက်ဆိုင်ရာက ဇန်နဝါရီ ၁၅ ရက်မှစတင်၍ ဥပဒေနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်လမ်းတွင် လမ်းဘေးပလက်ဖောင်းရှိ ဖြူ နီ၊ ဝါ၊ နက်ကျားစသည့် မျဉ်းများ၏ ဥပဒေကို နားမလည်ကြသည့်အတွက် လမ်းမကြီးပေါ်မှာ မော်တော်ယာဉ်တွေ စည်းမဲ့ကမ်းမဲ့ရပ်နားထားခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့်အတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ အနေးယာဉ်များကိုလည်း ဗိုလ်ချုပ်လမ်းမပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ တမာတန်းလမ်းဆုံအထိ သွားလာခွင့်မပြုသည်မှာ ယခင်အစိုးရလက်ထက်ကတည်းက သတ်မှတ်ကြေညာထားခြင်းဖြစ်ရာ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယာဉ်အစီးရေများပြားလာသည့်အတွက် စည်းကမ်းမဲ့ရပ်နားထားသည့် မော်တော်ယာဉ်များကို နေ့စဉ်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စခန်းတာဝန်ရှိသူထံမှ သိရသည်။

မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးနှင့် ကျောက္ကလမ်းမကြီးပေါ်တွင် မော်တော်ယာဉ်ရပ်နားခြင်းကြောင့် မကြာခဏယာဉ်ကြောပိတ်ဆို့ခြင်းများ ကြုံတွေ့နေရကြောင်း မုံရွာမြို့ဒေသခံတို့က သုံးသပ်ပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ပူးပေါင်း၍ ဇန်နဝါရီလ ၁၅ ရက်မှစတင်ကာ မုံရွာမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် ကျောက္ကာလမ်းမကြီးပေါ်ရှိ စည်းကမ်းမဲ့ယာဉ်ရပ်နားသူများနှင့် ဆိုင်ကယ်ဦးထုပ်မဆောင်းသော စည်းကမ်းမဲ့ဆိုင်ကယ်စီးနင်းသူများအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ အရေးယူခံရသော မော်တော်ယာဉ်ပိုင်ရှင်များအား မုံရွာမြို့နယ်တရားရုံးတွင် ဥပဒေနှင့်အညီ ဒဏ်ကြေးပေးဆောင်စေပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးတွင် ယာဉ်စည်းကမ်းအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလ ၁၅ ရက်တွင် စည်းကမ်းမဲ့ယာဉ်များအဖြစ် သုံးဘီးယာဉ် ခြောက်စီး၊ မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ် ၇၉ စီးနှင့် ဆိုက်ကားလေးစီးတို့အား ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

စာကြည့်တိုက်သို့ လာရောက်ရန် အကြောင်းအမျိုးမျိုးကြောင့် အချိန်မရှိသူများအတွက် နယ်လှည့်စာကြည့်တိုက် အစီအစဉ်တစ်ခုကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက် အစီအစဉ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဇွန်တောင်မြို့နယ်ရုံးမှ ဝန်ထမ်းများက မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဟောပြောဆွေးနွေးမှု အစီအစဉ်များပြုလုပ်ခြင်း၊ ဗဟုသုတရရှိစေမည့် နံရံကပ်စာစောင်နှင့် သုတရသစာအုပ်များကို စီစဉ်ငှားရမ်းပေးခဲ့ကြောင်း ပုဇွန်တောင်မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ရှင်းပြသည်။

ထိုသို့ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းလုပ်ဆောင်မှုသည် ၂၀၁၄ ခုနှစ်အတွင်း ဦးစီးဌာနနှစ်ခု ပူးပေါင်း၍ ဗဟုသုတရရှိရန် စီစဉ်လုပ်ဆောင်သော ပထမဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည့် အစီအစဉ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သန်လျင်တွင် မီးပွိုင့်သစ် စတင်အသုံးပြု

သန်လျင် ဇန်နဝါရီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် အချက်ပြမီးပွိုင့်များကို အသစ်တပ်ဆင်၍ ယာဉ်အန္တရာယ်ကင်းဝေးစေရန်ဆောင်ရွက်ရာတွင် အချက်ပြမီးပွိုင့်တစ်ခုကို သန်လျင်ဘုရားကုန်းကျေးရွာ ဘုရားကုန်းလမ်းဆုံတွင်လည်းကောင်း၊ အခြားတစ်ခုကို ကျိုက်ခေါက်ဘုရားလမ်းမကြီး နာရီစင်လမ်းဆုံတွင်လည်းကောင်း တပ်ဆင်ပြီးဖြစ်ရာ နာရီစင်လမ်းဆုံအချက်ပြမီးပွိုင့်ကို ဇန်နဝါရီ ၁၂ ရက်မှ စတင်အသုံးပြုကြောင်း သိရသည်။ **တင်မောင်ငွေ(သန်လျင်)**

မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်

ကျောက်ထု ဇန်နဝါရီ ၁၈

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နယ်ခွဲဒေသ ကြီးကျေးရွာ၌ ဇန်နဝါရီ ၁၄ ရက်တွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေး မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်မှာ (SAVE THE CHILDREN) အဖွဲ့မှ ထည့်ဝင်ငွေကျပ် ၆၂ သိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် ၃၃ သိန်းတို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ကြီးကျေးရွာမှ ကလေးသူငယ်များအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်၍ မူလတန်းကြိုကျောင်းပညာရေးကို စတင်သင်ကြားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(၄၆၅)**

အစိုးရကြော်ငြာ

စာအုပ်စာပေ လှူမိတ်ဆွေ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2013-C-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့် တင်ဒါတင်သွင်းမည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	ပုသိမ်-ငွေဆောင် UG Fiber ဆက်ကြောင်း ဆောင်ရွက်ခြင်းလုပ်ငန်း (Turn Key)	1Lot
၂။	ဂိုဒေါင်ဆောက်လုပ်ခြင်း	၂လုံး
၃။	စက်ခန်းပြင်ဆင်ခြင်း	1Lot

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဇမိုင်လမ်းဆုံအနီး ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and requiremet Proposal)ကို ၃၁-၁-၂၀၁၄ ရက်(၉း၃၀ မှ ၁၆း၃၀)နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန်ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အကျိုးတူရောင်းချဖြန့်ဖြူးလိုသူများအားဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော အောက်ဖော်ပြပါ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်တွင် ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(၁) Transformer အမျိုးမျိုး
(၂) PVC Wire အမျိုးမျိုး
(၃) Bare Copper Wire & Enamelled Copper Wire အမျိုးမျိုး
(၄) Battery အမျိုးမျိုး (Lead Acid Battery & Maintenance Free Battery)
(၅) Diesel Engine Generator အမျိုးမျိုး

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက် ၁၂း၀၀ နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့်မင်းဓမ္မလမ်းထောင့်ရှိ LED မီးသီးစက်ရုံခန်းမတွင် ဖိတ်ခေါ်တွေ့ဆုံ၍လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေအား ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၁၇၀

သမိုင်းဝင်ခံတပ်များ၏ စီမံခန့်ခွဲခွင့်ကို ပုဂ္ဂလိကနှင့် စီမံခန့်ခွဲမှုအပ်နှံဆောင်ရွက်ခွင့်ပြုမည့်ကိစ္စ အသိပေးကြော်ငြာခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အစေခံခံတပ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂွေးချောင်းခံတပ်နှင့် မင်းလှခံတပ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပြေတန်းခံတပ်နှင့် ဆင်ကျုံးခံတပ်တို့၏ စီမံခန့်ခွဲခွင့်ကို ပုဂ္ဂလိကနှင့် စီမံခန့်ခွဲမှုအပ်နှံဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်စုံစမ်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာ တက္ကသိုလ်(မြစ်ကြီးနား)တွင် အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသည်။

(က) ကားဂိုဒေါင်(ကားသုံးစီးဆံ့)ဆောက်လုပ်ခြင်း။
(ခ) ဝန်ထမ်းအိမ်ရာများ၏ သွပ်မိုးများလဲလှယ်တပ်ဆင်ခြင်း။
(ဂ) ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်များအတွက် သွယ်တန်းထားသော Service Wire များနှင့် ၀. ၄ KV ဓာတ်အားလိုင်းများ လဲလှယ်တပ်ဆင်ခြင်း။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာများပေးပို့ရန်ဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၁-၁-၂၀၁၄ ရက်မှ ၂၇-၁-၂၀၁၄ ရက်အထိ (နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီထိ)
(ခ) တင်ဒါလျှောက်လွှာပေးပို့ရန် - ၂၈-၁-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီထိ(နောက်ဆုံးရက်နှင့်အချိန်)
(ဂ) တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ၂၉-၁-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီ
(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါဖွင့်လှစ်မည့်နေရာ - ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)

၃။ အသေးစိတ်သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၂၄၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရုံးအဆောက်အအုံအား ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လက်ရှိတည်ဆောက်ပြီး (၄)ထပ်မှ(၈)ထပ်သို့ BOTစနစ်ဖြင့် တိုးမြှင့်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ ၎င်းလုပ်ငန်းများအတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက် - ၂၂-၁-၂၀၁၄ ရက်မှ ၇-၂-၂၀၁၄ ရက်အထိ ၉း၃၀ နာရီမှ ၁၆း၃၀နာရီထိ
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန် - ၇-၂-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၁၆း၃၀ နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်နှင့်အချိန် - ၈-၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီ
(ဃ) အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာနှင့် တင်ဒါဖွင့်မည့်နေရာ - အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၊ မြေအမှတ်(၃၅ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
အသေးစားနှင့်အလတ်စားလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
ဖုန်း-၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ၀၁-၅၅၉၂၃၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်တံတားဆောက်လုပ်

ကလေးဝ ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြား၌ တည်ရှိသော ကျေးလက်ဒေသတွင် ကျေးရွာပေါင်း ၅၀ ခန့်ရှိပြီး လူဦးရေ ၂၂၀၀ ကျော်နေထိုင်ကြကာ အဆိုပါကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းဖြင့်သွားလာရန်အလွန်ခက်ခဲပြီး ချင်းတွင်းမြစ်ကြောင်းလမ်းကိုသာ အသုံးပြုလျက်ရှိကြသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေး၏စီစဉ်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဆည်ကြီးနှင့်ဂဇက်ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိ စစ်စလီ သံကူကွန်ကရစ်တံတားကို ကျပ်သိန်းပေါင်း ၄၀၀၊ အရှည်ပေ ၇၀၊ အကျယ် ၁၄ ပေရှိ စီဇုန်ကုန်း သံကူကွန်ကရစ်တံတားကို ကျပ်သိန်းပေါင်း ၁၀၀၀ နှင့် အရှည်ပေ ၂၄၀၊ အကျယ် ၁၄ ပေရှိ ဆည်ကြီးသံကူကွန်ကရစ်တံတားကို ကျပ်သိန်းပေါင်း ၁၆၀၀ တို့ဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ Royal Great ကုမ္ပဏီက တံတားသုံးစင်းကို စတင်ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ တံတားများဆောက်လုပ်ပြီးစီးပါက ဆည်ကြီးနှင့်ဂဇက်ကြား ကျေးလက်ဒေသရှိ ကျေးရွာပေါင်း ၁၈ ရွာတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အလွန်အထောက်အကူပြုလာမည်ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့်လူမှုရေးအခက်အခဲများကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်မှုများနှင့် ကျပ်သိန်းပေါင်း ၆၂ သိန်း အကုန်အကျခံဆောက်လုပ်သည့် မြောက်တွန်လှော် အစိုးရမူလတန်းကျောင်း အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုတို့ကို ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက်တွင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ဂျူနိုင်း**

ကြံစိုက်တောင်သူများ ဝင်ငွေကောင်း

ဖြူး ဇန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ ဆင်ဖြူတော်အဆင့်မြင့်သကြားစက်ကြီးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ စက်လည်ပတ်လျက်ရှိရာ တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်လျက်ရှိပြီး အဆင့်မြင့်သကြားဖြူတန် ၁၀၀ ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ထိုသို့သကြားစက်ကြီးလည်ပတ်ကြိတ်နိုင်ရေးအတွက် ဖြူးမြို့နယ်မှကြံစိုက်တောင်သူ ၁၀၇၄ ဦးတို့က ကြံစိုက်ဧက ၂၁၅၀၊ ကျောက်ကြီးမြို့နယ်မှကြံစိုက်တောင်သူ ၈၄၉ ဦးတို့က ကြံစိုက်ဧက ၁၇၆၇၊ ကျောက်တံခါးမြို့နယ်မှ ကြံစိုက် တောင်သူ ၁၄၃ဦးတို့က ၇၄၉ ဧက စိုက်ပျိုးခဲ့ကြပြီး သုံးမြို့နယ်မှ ကြံတောင်သူများ၏ ကြံစိုက်ခင်းများသို့အရောက် ဇေယျဝတီမြို့အဆင့်မြင့် ဆင်ဖြူတော်သကြားစက်မှ ကြံသယ်မော်တော်ယာဉ်များနှင့်(အောက်ပုံ)ကြံတစ်တန်ကျပ် ၃၀၀၀၀ နှုန်းပေးချေဝယ်ယူလျက်ရှိရာ ကြံစိုက်တောင်သူများအနေဖြင့် သယ်ယူပို့ဆောင်စရိတ်ကုန်ကျမှုမရှိတော့ဘဲ မိမိကြံစိုက်ခင်းမှာပင် ကြံတစ်တန်ကျပ် ၃၀၀၀၀ ရရှိနေကြသဖြင့် အထူးဝမ်းသာကျေနပ်လျက်ရှိကြသည်။

ကျော်သာကုမ္ပဏီဆင်ဖြူတော် အဆင့်မြင့်သကြားစက်အထွေထွေမန်နေဂျာ ဦးမျိုးမင်းနှင့်တာဝန်ရှိသူများကလည်း ကြံစိုက်တောင်သူများ၏လိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်နေသဖြင့် သုံးမြို့နယ်မှတောင်သူများ ယခုနှစ်ကြံစိုက်ရာသီတွင် ကြံစိုက်ဧကများကိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြကြောင်းသိရသည်။ **မြင့်ဦး(ဖြူး)**

မော်တော်ယာဉ်များ၏ ပြစ်ချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းများပြုလုပ်ရာတွင် ကျွမ်းကျင်မှုရှိရန်လိုအပ်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော် ကော်ပိုရေးရှင်းတို့ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်မော်တော်ယာဉ်များ ပြစ်ချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းသင်တန်း ၁/၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးမောင်မောင်မြင့်က ၂၀၁၁နောက်ပိုင်းတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအားလုံးသည် သိသိသာသာပြောင်းလဲလာသည့်အတွက် မြန်မာနိုင်ငံအတွင်းသို့ ဂျပန်နိုင်ငံနှင့် အခြားသောနိုင်ငံများမှ မော်ဒယ်လ်မြင့်ကားများတင်သွင်းလာခဲ့ကြောင်း အဆိုပါကားများသည် အဆင့်မြင့် Electronic Control System ကို အခြေခံထားသဖြင့် သမားရိုးကျစနစ်ဖြင့် ပြစ်ချက်ရှာ၍မရသဖြင့် ပြင်ဆင်ရာ၌ အခက်အခဲများတွေ့ရကြောင်း၊ ထိုသို့ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်မှုများလုပ်ဆောင်ရန်အတွက် ကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ Automobile Industry ကို ပိုမိုမြင့်တက်လာရန် ရည်ရွယ်၍ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့သင်တန်းသား ၄၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ပထမအကြိမ် ဖွင့်လှစ်သော သင်တန်းဖြစ်သည်။ **သီသီမင်း**

ပထမအကြိမ် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် သံဃာ့ဒါနဆွမ်းလောင်းအဖွဲ့ သုခမိန်စာကြည့်တိုက်၏ ပထမအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် ည ၇ နာရီတွင် လှိုင်ဓမ္မာရုံဘုန်းတော်ကြီး ကျောင်းတိုက်ရှေ့၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဒါရိုက်တာ ဦးကြည်စိုးထွန်းကစာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်ခေါင်းစဉ်များဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့်အနာဂတ်မြန်မာ နိုင်ငံခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က ၄က်တို့ရဲ့သမိုင်းခေါင်းစဉ်ဖြင့် စာပေအကြောင်းအရာများကို ဟောပြောခဲ့ကြောင်းသိရသည်။ **(မြဇေ)**

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် (ပြည်ထောင်စု/ပြည်နယ်) အဆောက်အအုံ၊ လမ်း၊ တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံနှင့်လုပ်ငန်းသုံးပစ္စည်းမျိုးစုံအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၃) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)

(၁)တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် - ၂၄-၁-၂၀၁၄ရက်
(၂)တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၃၀-၁-၂၀၁၄ရက်(ရုံးချိန်အတွင်း)
(၃)တင်ဒါတင်သွင်းရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့။
(၄)အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံလျှောက်လွှာများကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊မြစ်ကြီးနားခရိုင်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ - မြစ်ကြီးနားခရိုင်ရုံး ဖုန်း-၀၇၄-၂၂၃၁၁

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို **ကျပ်ငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန်ဖိတ်ခေါ် အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	တင်သွင်းရမည့်နေ့ရက်နှင့်အချိန်
၁။	M.S Welding Electrode (Brand-KOBE-30)	၄-၂-၂၀၁၄ ရက် ၁၃း၃၀ နာရီ
၂။	Fire Hose Pipe 2½" & Nozzle	

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၈၆၁၀၂၂၉ နှင့် ၈၆၁၀၂၃၂တို့ကို စုံစမ်းနိုင်ပါသည်။

ပစ္စည်းထိန်းချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရှေးဟောင်းဝတ္ထု ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ ထိခိုက်ချွတ်ယွင်းစေခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပျက်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ တူးဖော်ခြင်းများနှင့် စပ်လျဉ်း၍ သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ၁၉၅၇-ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒေသအချို့၌ ရှေးဟောင်းစေတီ၊ ပုထိုးများကို ပြုပြင်ထိန်းသိမ်းရန်အတွက် ဟုဆိုကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံရယူခြင်းမရှိဘဲ ဘုရားစေတီများ၏ ဌာပနာပစ္စည်းများကို တူးဖော်ရယူခြင်း တစ်နည်းနည်း ဆောင်ရွက်ခြင်းများအား ဥပဒေမဲ့ ကျူးလွန်လျက်ရှိကြောင်းကြားသိရပါသည်။

၃။ ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့် ဥပဒေပုဒ်မ ၈ အရ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၁) အဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၂၃ (၁)။ မည်သူမဆို အစိုးရက ကာကွယ်စောင့်ရှောက်ထားသော အဆောက်အအုံတစ်ခုခုကိုသော်လည်းကောင်း၊ ထိုအဆောက်အအုံ၏ ဥပစာအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုကိုသော်လည်းကောင်း၊ ပုဒ်မ ၄(ခ)အရ ညွှန်ကြားရေးဝန်က ထိန်းသိမ်းသူအဖြစ် တာဝန်ယူ၍ ပြုပြင်ထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ တမင်ဖျက်ဆီးလျှင် သို့တည်းမဟုတ် ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် ထိခိုက်ချွတ်ယွင်းစေလျှင်၊ သို့တည်းမဟုတ် ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် အသွင်ပျက်စေလျှင်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေလျှင်၊ သို့တည်းမဟုတ် တူးဖော်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်းခံရမည့်ပြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက်မများသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကြေညာပါသည်။

၅။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေနှင့် ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဇန်နဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Logistics Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၂၂-၁-၂၀၁၄ မှ ၃၁-၁-၂၀၁၄ (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ (၃)လ (၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၁-၂၀၁၄
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

Seven စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား ? Seven စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခလုံးဝ မယူပါ။ **ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၁၇၁၅၂၄၇၊ ၀၉-၇၃၁၁၉၀၉၉**

ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံး ရွေးချယ်ဆုပေးပွဲ သထုံမြို့၌ကျင်းပ

သထုံ ဇန်နဝါရီ ၁၉

(၂၂)ကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းဒေသနာတော်နှင့် ဗြဟ္မဇာလသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်နှင့် ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ဆုပေးပွဲအခမ်းအနားကို သထုံမြို့ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည်။

ဗုဒ္ဓဒေသနာတော် ရွတ်ဆိုမှု အကောင်းဆုံးဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုကို အောက်ကျင်းရပ်ကွက်မှ ဓမ္မရက္ခိတဝတ်အသင်း၊ ဒုတိယဆုကို အထက(၃)ကျောင်းမှ ပညာပါရမီဝတ်အသင်း၊ တတိယဆုကို ဒေးဗရိန်းကျေးရွာမှ သုစိတ္တာဝတ်အသင်းတို့ ဆုရရှိခဲ့ပြီး ကျန်အသင်း ၁၁ သင်းအား နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုသာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက မွန်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းသို့ အလှူငွေကျပ် သိန်းတစ်ရာကိုလည်းကောင်း၊ ထိုင်းနိုင်ငံမဟာချူလာလောင်ကွန်းရာဇဝိဒယလျတက္ကသိုလ်မှ ပါမောက္ခဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့က မြို့နယ်သံဃနာယကအဖွဲ့နှင့် ရွှေစာရံစေတီတော်မြတ်ကြီးအတွက် ငွေကျပ် တစ်ဆယ့်ငါးသိန်းကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

စပါးခင်းများ ဂုတ်ကျိုးရောဂါဖြစ်ပွားမှုကြောင့် စပါးထွက်နှုန်းလျော့

အရာတော် ဇန်နဝါရီ ၁၉

မုံရွာခရိုင် အရာတော်မြို့နယ်၏ အဓိကစပါးကျီဖြစ်သော ရေဝင်(၁၁)အုပ်စု၏လယ်ယာမြေသည် နွေ/မိုး/ဆောင်း စပါးစိုက်ပျိုးပြီး ဒေသဝမ်းစာအတွက် အားထားရာနယ်မြေဖြစ်ပြီး ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ရာသီဥတု ဖောက်ပြန်မှု၊ ဆည်ရေရရှိမှု လျော့နည်းခြင်း၊ မိုးဦးမိုးလယ်မိုးခေါင်မှုဒဏ်ကြောင့် ပျိုးသက်ကြီးပြီး စိုက်ပျိုးချိန်နောက်ကျပြီးမှ စိုက်ပျိုးခဲ့ရသည်။

စပါးစိုက်ပျိုးပြီးမိုးနှောင်းကာလတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဝင် (၁၁) အုပ်စု၏စပါးစိုက်ဧက ၁၀၁၀၁ ဧက စိုက်ပျိုးခဲ့သော်လည်း တောင်သူများ စပါးရိတ်သိမ်းချိန်တွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် တစ်ဧကချင်းသော်လည်းကောင်း၊ လျာထားစိုက်ဧက အရသော်လည်းကောင်း စိုက်ဧက ၇၁၂၇ဧက၏အထွက်နှုန်းများ သိသိသာသာကျဆင်းမှုဖြစ်ခဲ့ရသည်။

အကောင်းဆုံးစိုက်ဧက လယ်ယာမြေများအနေဖြင့် တင်း ၄၀ ကျော်သာရ၍ အသင့်တင့်ဆုံးလယ်ယာမြေများအနေဖြင့် တင်း ၂၀ နှင့် ၂၅ တင်းဝန်းကျင်သာရရှိခြင်း၊ အညံ့ဆုံးလယ်ယာမြေများအနေဖြင့် ၁၀ တင်းမှ ၁၅ တင်းသာ ထွက်ရှိခဲ့၍ ဧရာမင်းမျိုး စပါးစိုက်တောင်သူတိုင်း အထွက်နှုန်း သိသိသာသာကျဆင်းမှု ဖြစ်ပေါ်ခဲ့ရကြောင်း၊ တောင်သူများစပါးရိတ်သိမ်းချိန်မှ ဂုတ်ကျိုးရောဂါကျရောက်မှုသိရှိရခဲ့ကြောင်း၊ အနှံထွက်ပြီးချိန်မှ ဆေးဖျန်း၍ ကာကွယ်မရတော့ကြောင်း၊ တောင်သူများစိုက်ပျိုးမှုကုန်ကျစရိတ်နှင့် အထွက်နှုန်းလျော့ကျမှုကြောင့် အရှုံးပေါ်ခဲ့ရကြောင်း၊ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ရန် အချိန်ကျရောက်၍ ပြန်လည်ပေးဆပ်ရန် အခက်အခဲများဖြစ်ပေါ်ခဲ့ရကြောင်း၊ ကျွန်တော့်လိုဂုတ်ကျိုးရောဂါကျရောက်မှုကြောင့် အထွက်နှုန်းလျော့တောင်သူများလည်း မိုးစပါးစိုက်ပျိုးစရိတ် ပြန်လည်ပေးဆပ်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း ဟသ်ာကျေးရွာတောင်သူ ဦးဖိုးထန်းမှ ပြောကြားသည်။

ရေဝင်(၁၁)အုပ်စု၏ စပါးခင်းများ ဂုတ်ကျိုးရောဂါဖြစ်ပွားမှုကြောင့် သက်ဆိုင်ရာစိုက်ပျိုးရေးဝန်ထမ်းများနှင့် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ကော်မတီ ဌာနဆိုင်ရာအကြီးအကဲများက ကွင်းဆင်း၍ တောင်သူများအား ရောဂါဖြစ်ပွားသော စိုက်ခင်းများတွင် ရိုးပြတ်များမီးရှို့ခြင်း၊ နွေထည်ရေးလှန်ခြင်း၊ ပေါင်းပင်များအား ရှင်းလင်းခြင်းများလုပ်ဆောင်ရန် လာမည့်နှစ်တွင် ပျိုးခင်းမှစ၍ ရောဂါကာကွယ်ဆေးများပက်ဖျန်းရန် တစ်နည်းအားဖြင့် သာမန်မျက်စိဖြင့် မမြင်နိုင်သော မှိုရောဂါများဖြစ်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ကြရန် ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

ကြည်နူးသဒ္ဓါအရဏ်ဦးမှာ

မြန်မာလူမျိုးတို့သည် သဒ္ဓါတရားကြီးမားလှသည်။ သဒ္ဓါတရားကြီးမားလှသော ဗုဒ္ဓဘာသာဝင်များအတွက် နေ့စဉ်မိမိတို့ စားဦးစားဖျားထဲမှ ဆန်ဆီတို့ဖြင့် ဆွမ်း၊ ဆွမ်းဟင်းတို့ကို တတ်အားသမျှ ဘုရားသားတော် သံဃာတော်အရှင်သူမြတ်တို့အား ပေးလှူတတ်ကြသည်။ စာသင်တိုက်ရေရှည်တည်တံ့ရေးတွင် အရေးအကြီးဆုံးမှာ ဆွမ်းကိစ္စဖြစ်ပေသည်။

ဆွမ်းဟူရာတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းဟုနှစ်မျိုးရှိသည်။ အရုဏ်ဆွမ်းသည် စာသင်တိုက်များအတွက် ပိုမိုအရေးကြီးလှသည်။ မြတ်စွာဘုရား၏ တရားတော်များမပျောက်ကွယ်ရအောင် နေ့စဉ်တစ်နေ့လုံးတစ်ညလုံး သင်အံလေ့ကျက်ပို့ချနေကြရသော စာချစာသင် အရှင်များသည် လေရောဂါနှင့် အများဆုံးရင်ဆိုင်တော်မူကြရလေရာ နံနက်စောစောယာဂုပူပူ၊ ဆွမ်းပူပူလေးဘုဉ်းပေးသုံးဆောင်ရဖို့ လွန်စွာမှအရေးကြီး၏။ နေ့ဆွမ်းလည်းအရေးကြီးသည် မှန်သော်လည်း ဒကာ၊ ဒကာမများ ဆွမ်း၊ ဆွမ်းဟင်းကျက်ချိန်တွင် ဆွမ်းခံထွက်ရသဖြင့် တစ်အိမ်တစ်ဇွန်းမျှ စုပေါင်းလိုက်သောအခါ လွယ်ကူသောအနေအထားသို့ ရောက်သွားလေသည်။

စာရေးသူတို့နေထိုင်ရာ ရန်ကုန်မြို့တွင် ဆွမ်းလောင်းအသင်းများစွာရှိသည်။ စုပေါင်းဆွမ်းလောင်းအသင်းများ ခုနစ်ရက်လုံးရှိသော လမ်း ရပ်ကွက်ရှားပါးလှသည်။ များသောအားဖြင့် တနင်္ဂနွေ(သို့မဟုတ်) ဥပုသ်နေ့တစ်ရက်လောက်သာ(ဝါတွင်းကာလလေး၌)အားထုတ်နိုင်ကြပြီး ဝါကျွတ်သည်နှင့် တစ်ပြိုင်နက် ဆွမ်းသိမ်းပွဲများကျင်းပတော့သည်။ ဆွမ်းသိမ်းပွဲဟူသော ဝေါဟာရကား သာသနာတော်အတွက် သို့မဟုတ် စာသင်သားများအတွက် အားငယ်ဖွယ်ကောင်းသောဝေါဟာရဖြစ်သောကြောင့် ဆွမ်းအလှူအောင်ပွဲဟု သာသနာ့ဟန် မြန်မာ့ဟန်တို့နှင့် လျော်ကန်သင့်မြတ်သောဝေါဟာရများကို စိစစ်ရွေးချယ်သုံးနှုန်းသင့်ပါကြောင်းကိုလည်း သာသနာနှင့်ပတ်သက်သော စာစောင်များ၌ ဖတ်ခဲ့ဖူးပြီ။ ပုဇွန်တောင်မြို့နယ်ရှိ ၅၂ လမ်း(အလယ်) ဆွမ်းလောင်းဓမ္မာရုံတွင် ဝါတွင်းကာလအစပြု၍ သင်္ကြန်အချိန်ကာလမတိုင်မီ နောက်ဆုံးပတ်ထိ ဗုဒ္ဓဟူးနေ့တိုင်း အရုဏ်ဆွမ်းလောင်းလေ့ရှိသည်။ ဗုဒ္ဓဟူးနေ့ နံနက်သုံးနာရီခွဲအချိန်မှစ၍ ဘုန်းတော်ကြီးကျောင်း စာသင်ကျောင်း ၂၇ ကျောင်းမှ သံဃာတော်အပါးသုံးရာခန့်တို့ကို အပတ်စဉ်လောင်းလှူလျက်ရှိရာ ဗုဒ္ဓသာသနာရေရှည်တည်တံ့ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားပေးကူညီရာရောက်ကြောင်း သဒ္ဓါတရား စိတ်အားထက်သန်စွာ ရေးသားလိုက်ရပါသည်။ ။

ဆွမ်းသိမ်းပွဲဟူသော ဝေါဟာရကား သာသနာတော်အတွက် သို့မဟုတ် စာသင်သားများအတွက် အားငယ်ဖွယ်ကောင်းသော ဝေါဟာရဖြစ်သောကြောင့် ဆွမ်းအလှူအောင်ပွဲဟု သာသနာ့ဟန် မြန်မာ့ဟန်တို့နှင့် လျော်ကန်သင့်မြတ်သော ဝေါဟာရများကို စိစစ်ရွေးချယ်သုံးနှုန်းသင့်ပါကြောင်း။

ခင်လပြည့်ဝန်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
တက္ကသိုလ်၊ကောလိပ်၊သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အလုပ်လျှောက်ထားသူ Master,B.E(Q),M.Com,B.Com ဘွဲ့ရများ အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများတွင် အလုပ်လျှောက်ထားလာသူ Master,B.E(Q),M.Com,B.Com ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၁၅-၂-၂၀၁၄ (စနေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်) အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်) (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ	
(ဂ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာ စာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည့်သူများသည် ၁၂-၂-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၇၁၀၇၀၅၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ နှင့် ၀၆၇-၄၀၄၀၁၈ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ကလောမြို့နယ် ကလောဘူတာသည် သမိုင်းဝင်ဘူတာဖြစ်၍ ရှေးမူလက်ရာမပျက် နိုင်ငံခြားသားများ လာရောက်လေ့လာနိုင်သည့် အဆောက်အအုံများဖြစ်ရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကလောဘူတာသည် ရှေးဟောင်းဘူတာဖြစ်၍ ရှေးမူမပျက်အောင် နှစ်စဉ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။

၂။ **ဖယ်ခုံဘူတာဆောက်လုပ်စဉ် သိမ်းယူထားသည့် မြေများအနက် ဘူတာအတွက် အသုံးမပြုဘဲ ပိုနေသည့် မြေနေရာကို မြေပိုင်ရှင်မှ ပြန်လည်ရရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** အသုံးမလိုသည့် မြေနေရာများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်များဆောင်ရွက်နေပါသည်။ ယခုကိစ္စကိုလည်း စိစစ်၍ အမြန်ဆုံး ပြန်လည်ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၃။ **ဆီဆိုင်မြို့နယ် ဘန်ဗွီးကျေးရွာအုပ်စု ကျောင်းချယ်ကျေးရွာအနီး၌ ကျောင်းချယ်ဘူတာ ဆောက်လုပ်စဉ်ကာလ၌ ယာမြေများသိမ်းယူမှုပြုခဲ့ပါသည်။ အသုံးမပြုဖြစ်သည့် ကျန်မြေများကို မူလတောင်သူများထံသို့ ပြန်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြန်မာ့မီးရထား ပြည်နယ်အင်ဂျင်နီယာအဖွဲ့နှင့်ပြန်လည်စိစစ်ပေးပါမည်။ အသုံးမပြုဖြစ်သည့် မြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်များ ဆောင်ရွက်နေပါသည်။ အမှန်တကယ်အသုံးပြုရန် မလိုအပ်တော့လျှင် မူလတောင်သူများသို့ ပြန်လည်ပေးအပ်နိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ကျေးသီးမြို့နယ်တွင် IP Star ဖုန်း ၄၆ လုံး၊ CDMA-450 မိုဘိုင်းဖုန်းအလုံးရေ ၃၈၀ ခွင့်ပြုချထားပေးခဲ့သော်လည်း ဖုန်းလိုင်းများမှာ ကြည်လင်ပြတ်သားမှုမရှိခြင်းကြောင့် GSM/ UMTS မိုဘိုင်းဖုန်း တပ်ဆင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျေးသီးမြို့နယ်တွင် GSM/ UMTS မိုဘိုင်းဖုန်းတိုးချဲ့တပ်ဆင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် GSM မိုဘိုင်းစခန်းတစ်ခု တပ်ဆင်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်းပေါ်ရှိ မြင်ကွင်းကျဉ်းမြောင်း၍ လမ်းအတက်/အဆင်း အကွေ့အကောက်ကြီးသော (S) ကွေ့နေရာအား လမ်းဖြောင့်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်းပေါ်ရှိ အဆိုပါ မိုင် (၃၉/၀)-(၄၀/၀)အပိုင်းအား လမ်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၂။ **သစ်ဆိပ်-ဇော်ဂျီတမံ-အင်တောလမ်းမိုင်(၀/၀)-(၇/၂)=(၇)မိုင် (၂) ဖာလုံ(အင်တောမြို့နယ်ခွဲအပိုင်း) အား ကတ္တရာလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** သစ်ဆိပ်-ဇော်ဂျီတမံ-အင်တောလမ်း (၁၆/၄) မိုင်ရှည်လျားပါသည်။ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံ၊ အမာခံ လမ်း ၁၃ မိုင် ၂ ဖာလုံဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမာခံ ၆ မိုင်ကို ကတ္တရာလမ်းအဆင့် တိုးမြှင့်မည်ဖြစ်ပြီး ကျန်ရှိသောအမာခံ ၇ မိုင် ၂ ဖာလုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း မိုင် (၅၄/၀ -၇၈/၀)=၂၄ မိုင် ဆည်ရှောင်လမ်းအပိုင်းအား လွယ်ကူစွာသွားလာနိုင်ရန် ကျောက်လမ်းအား ပြုပြင်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** ရွှေညောင်-ရပ်စောက်- အင်တော-ကျောက်ဂူ-နောင်ချို လမ်းမိုင် (၅၄/၀-၇၈/၀)=၂၄ မိုင် ဆည်ရှောင်လမ်းအပိုင်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ၃၅ သန်းဖြင့် မိုင် (၅၄/၀-၆၆/၀)=၁၂ မိုင် အားမြေညှိစက်ဖြင့် လမ်းပုံစံဖော်ပေးခြင်း၊ ၂ လက်မ- ၄ လက်မကျောက်များ၊ သဲဖြူန်းများဖြည့်ကြိတ်ပေးခြင်း၊ သစ်သားတံတားခုနစ်စင်းအား ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မိုင် (၅၄/၀-၆၆/၀)=၁၂ မိုင်အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် လျာထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မိုင် (၆၆/၀-၇၈/၀)=၁၂ မိုင်အား ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် တိုးဂိတ်များရှိ ကတ္တားများသည် ဂိတ်တစ်ခုနှင့်တစ်ခု တူညီမှုမရှိပါသဖြင့် ကတ္တားချိန်ရာတွင် တစ်ဂိတ်တစ်မျိုးဖြစ်နေကြောင်း၊ ယာဉ်များသွားလာရာ၌ ဒဏ်ကြေးပေးဆောင်ရမှုများရှိနေပါသဖြင့် ဂိတ်အသီးသီးရှိ ကတ္တားလမ်းအား မှန်ကန်မှုရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြချက်များနှင့် ပတ်သက်၍ ရန်ကုန်-မန္တလေး (အမြန်လမ်း) လမ်းမကြီးပေါ်ရှိ တိုးဂိတ်ကြီးများတွင် တပ်ဆင်ထားသော ကတ္တားများသည် အနံ ၁၂ပေ၊ အလျား ၅၇ ပေရှိ၍ တန်ချိန် ၁၀၀ ထိ ချိန်နိုင်သော ကတ္တားကြီးများဖြစ်ကြောင်း၊ အမြန်လမ်းတွင် ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခွင့် မပြုဘဲ ကတ္တားချိန်ရသော ယာဉ်များသည်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သီးခြားခွင့်ပြုရသည့် ဌာနဆိုင်ရာယာဉ်များသာဖြစ်ပြီး တန်ပိုယာဉ်များဖြတ်သန်းခွင့် မပြုသဖြင့် သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ဖြတ်သန်းစေလျက်ရှိကြောင်း၊ ကတ္တားချိန်သည့် ယာဉ်များကိုလည်း ခရီးအစတိုးဂိတ်တွင်သာ တစ်ကြိမ်ချိန်ပြီး လမ်းခရီးဂိတ်များသည် ခရီးအစတွင် ချိန်သော ဖြတ်ပိုင်းအတိုင်း စေလွှတ်ပေးလျက်ရှိပါကြောင်းနှင့် လက်ရှိကတ္တားများသည် ကောင်းမွန်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

အလားတူ ရှမ်းပြည်နယ် တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တောင်ငူ-လိပ်သို-ရာဒို (လွိုင်ကော်-ဟိုပုံး) ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးအုပ်စု၊ ကျောင်းချယ်ကျေးရွာအနီးရှိ အလျားပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့် ၁၅ ပေခန့်ရှိ တံတားသည် မီးရထားသံပေါင်များဖြင့် ပြုလုပ်တည်ဆောက်ထားပြီး တံတားမှာ ကျဉ်းမြောင်းပါ၍ ယာဉ်ကြီးများ သွားလာရာတွင် ဘေးသို့ချော်ကာ တိမ်းမှောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် အမြန်ဆုံး ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ အဆိုပါ တံတားအမှတ် (၁/၁၉၁) (ကျောင်းချယ်တံတား) သစ်သားတံတားအရှည် ၂၄ ပေကို ၁၅-၁၂-၂၀၁၃ ရက် နံနက်ပိုင်းမှ စတင်ပြင်ဆင်ခဲ့ရာ ၁၆-၁၂-၂၀၁၃ ရက် နံနက်တွင် ပြုပြင်ပြီးစီးပါကြောင်း ဖြကြားအပ်ပါသည်။

ကောင်းသန့်
ပြည်သူ့အစိုးရဆိုသည်မှာ...

ရောင်းမည်/ငှားမည်
Internet ဆိုင်သုံး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းမည်။
မြေညီထပ်ဆိုင်ဖွင့်ရန်ငှားမည်-
၁၂ပေခွဲ၊ ပေ၅၀ စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၄၅၀၅၃၉၂၄၈

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
Dyna, XZU346, ခေါင်းကျဉ်း၊ ၁၄ပေ၊ 4900cc, ရှေ့ရှော့ဘား၊ နောက်လေး,2004, price-သိန်း140
ဖုန်း-၀၉-၅၁၀၅၃၆၈

ပြာသိုလနှင့် မြင်းခင်းသဘင်ပွဲ

တင်မောင်ဦး (အလုံ)

မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များတွင် တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ ဝါခေါင်လ စာရေးတံမဲပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ နတ်တော်လ စာဆိုတော်ပွဲ၊ ပြာသိုလ မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ ထမနဲပွဲနှင့် တပေါင်းလ သဲပုံစေတီပွဲဟူ၍ ဆယ့်နှစ်လရာသီအလိုက်ပွဲတော်များ ကျင်းပလေ့ရှိပါသည်။

ယခု ကျွန်တော်တင်ပြလိုသည်မှာ ဆောင်းရာသီ ပြာသိုလ ခွာညိုပန်းသင်းချိန် မြင်းခင်းသဘင်ပွဲဖြစ်ပါသည်။ မြင်းခင်းတော်ဟု၍ခေါ် ဆိုလျှင် တပ်မတော်ကြည်း တပ်တွင် အကျုံးဝင်သောဆင်တပ်၊ မြင်းတပ်၊ စစ်ရထားတပ်၊ ခြေလျင်တပ်များအားလုံးပါဝင်ပါသည်။ ခြေလျင်တပ်များတွင်လည်း ခေတ်အလိုက်အသုံးပြုခဲ့သော ဓားလှံ၊ အဲမောင်း၊ လေးမြား၊ သေနတ်၊ စိန်ပြောင်း၊ အမြောက်များ၊ ကာ၊ ဒိုင်း၊ လွှားများကိုကိုင်ဆောင်သော ခြေလျင်တပ်သားများအားလုံး ပါဝင်ပါသည်။ အထူးသဖြင့် ပစ်တွင်း၊ စက်ဝိုင်းရိုင်များတွင် အဲမောင်းနှင့်ပစ်သော ပြိုင်ပွဲကိုအကြောင်းပြု၍ စက်သွင်းပွဲတော်ဟုလည်း ခေါ်ပါသည်။

ရွှေနန်းတော်ရှိ အိမ်ရှေ့မင်းသားမှအစ မင်းညီမင်းသား မှူးမတ်၊ စစ်မှုထမ်း၊ အခြားအမှုထမ်း၊ အမျိုးသားမှန်သရွေ့ ပါဝင်ယှဉ်ပြိုင်ရသော စစ်လေ့ကျင့်မှုစစ်တိုက်ခိုက်မှုပြပွဲပြိုင်ပွဲများဖြစ်သည်။ ဘုရင်နှင့် မိဖုရားခေတ် နန်းတော်သုံး မင်းခမ်းမင်းနားနှင့်ထွက်၍ ရှုစားကြပြီး အောင်ပွဲရသူတို့ကို ဆုချီးမြှင့်သည်။ သဇင်ပန်းခက်၊ ပဝါ၊ ပုဆိုး၊ ငွေသား၊ ငွေဓား အစရှိသောဆုများရကြသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက်တွင် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်စပ်ဆိုခဲ့သော အဲမောင်းလှံ့ရေး၊ ၃၇ ချင်း၊ မြင်းစီးမာန် ၃၇ မျိုး၊ လူးတား ၃၇ ပုဒ်၊ လီစာတီးချပ် ၃၇ မျိုးကို သရုပ်ပြ မန်းရီပုံများဖြင့်ပြုစုထားသော ပုရပိုက်ကြီးကား ထင်ရှားသော မြင်းခင်းတော်မှတ်တမ်းကြီးဖြစ်သည်။

ဤမြင်းခင်းသဘင်နှင့်အတူ လေးပစ်ခြင်း စွမ်းရည်ပြပွဲ၊ သိုင်းဗန်တို၊ ဗန်ရှည် စသည့်စွမ်းရည်ပြပွဲ၊ သေနတ်ပစ် ၊ ဓားခုတ်စွမ်းရည်ပြပွဲစသော စွမ်းရည်ပြပွဲများ ဆင်စီးချင်းထိုးတိုက်ပုံ ဆင်တပ်နှင့်ကတုတ်တံတိုင်းများဖြိုပုံ၊ လက်နက် ခဲယမ်း၊ အမြောက်၊ စိန်ပြောင်းများသယ်ပုံကို လေ့ကျင့်ပြသသည်။ စစ်ဆင်တစ်စီးတပ်သားငါးဦးမှ ခုနစ်ဦးစီပါသည်။ နန်းမြို့တော်အပြင်ဘက်တွင်လည်း မြင်းခင်းဆင်ခင်းလက်နက်ကျွမ်းကျင်မှုပြိုင်ပွဲများ ကျင်းပစေသည်။ ဒုန်းစိုင်းလာသောမြင်းပေါ်မှ ငှက်ပျောတောကိုဓားဖြင့် ဝှေ့လိုက်ခြင်းဖြင့် ငှက်ပျောပင်များပြတ်သွားခြင်း၊ မြင်းစီးရင်း သံပရာ၊ ရှောက်၊ အုန်းသီးတို့ကို မြှောက်၍ အောက်မှ ဓားလှံခံရာ တစ်ခြမ်းကွဲစေခြင်း၊ မြင်းစီးရင်း ကျွမ်းဘားကစားခြင်း အစရှိသည်တို့ကို ပြိုင်၍ အနိုင်ရသူတို့ကို ဘုရင့်တပ်များတွင် အမှုထမ်းစေသည်။ မြင်းစီးစွမ်းအားပြ ဟန်မကျလျှင် အရှက်ကွဲရသည့်နည်းတူ ထူးခြားပြောင်မြောက်စွာ အစွမ်းပြနိုင်လျှင်လည်း ဘုရင်မင်းမြတ် သဘောကျပါက ပေးရိုးပေးစဉ် ဆုလာဘ်များအပြင် မြို့စား၊ ရွာစားရခြင်း၊ သမီးတော်များနှင့် ထိမ်းမြားပေးသည်အထိ ချီးမြှောက်ခံရပါသည်။ ဤသည်မှာ ပြာသိုလ၏အစဉ်အလာ မြန်မာမှု မြင်းခင်းသဘင်ဖြစ်ပါသည်။နောက်ဆုံးမြန်မာဘုရင် သီပေါမင်းသည် မြင်းခင်းသဘင်ကို စဉ်လာမပျက်ကျင်းပရာ သူကိုယ်တိုင် စစ်သူကြီးဝတ်စုံဆင်ယင်၍ ရှုစားနေသော မှတ်တမ်းဓာတ်ပုံရှိပါသည်။ ယနေ့ မျက်မှောက်ခေတ်တွင်လည်း ပြာသိုလတွင် မှတ်တမ်းရေးအောင်ပွဲသဘင်နေ့တွင် မြင်းစီးပြိုင်ပွဲနှင့်အတူ အားကစားပွဲမြောက်မြားစွာကို မြန်မာနိုင်ငံနေရာအသီးသီးတွင် ကျင်းပလေ့ရှိပါသည်။

စစ်ကြိုခေတ် နာမည်ကျော်ဂီတစာဆိုကြီး မြို့မငြိမ်းရေးစပ်ခဲ့သော မြင်းခင်းတော်သီချင်းနောက်ဆုံးအပိုဒ်မှ မြင်းခင်းသဘင်ပွဲတော်သီချင်းကို ရေးသားရင်း မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို ဂုဏ်ပြုတင်ပြလိုက်ရပါသည်။

"လာချေပြီ ပျို့တို့မောင်ပဲ၊ သူလည်းပါဝင်သည်၊ လာချေပြီ မှုန်မှုန်မည်းမည်း၊ လူသူမသဲတကွဲ၊ နှင်းခဲပြာဝေရီ၊ မင်းညီမင်းသား၊ မှူးမတ်သားတို့ ယောကျာ်းအာဇာနည်၊ နှလုံးရည်၊ လက်ရုံးရည်၊မြင်းကလဲမြင်းချောမာန်ဖီ၊ ခါးပတ်တော် ရွှေချည်ငွေချည်၊ မောက်တိုမောက်ရှည် ဖာလီထွေးနဲ့ အဲမောင်းလှံ့ရေးပြိုင်ကြပြီ၊ မြန်မာတဲ့ တံခွန်တူချေပြီ၊ ခွာသံချင်းယှက် ဂေါက်ဂက် ဂေါက်ဂက်၊ ဘယ်ညာပြိုင်ပြိုင်ချီ"

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစည်းဝေး

လားရှိုး ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်း ၂၀၁၃-၂၀၁၄ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ယမန်နှစ် ဘိန်းခင်းများဖျက်ဆီးခဲ့ခြင်းနှင့် ယခုနှစ်ဖျက်ဆီးမည့်အစီအမံနှင့် ဖျက်ဆီးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်အလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရမိ အရေးယူမှုအခြေအနေတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဥက္ကဋ္ဌ လားရှိုး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ ခရိုင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့ဝင်များနှင့် ဆက်စပ်ဌာနဆိုင်ရာမှ တာဝန်ရှိသူ ၁၂ ဦး တက်ရောက်ခဲ့ကြသည်။

ဟန်ဌေး(iprd)

ဟသ်ာတနည်းပညာတက္ကသိုလ်တွင်
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၁၉

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဟသ်ာတနည်းပညာတက္ကသိုလ် ခန်းမ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက မော်တော်ဆိုင်ကယ်စီးသူများ၊ စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းချက်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာအုပ်ပါ သရုပ်ပြပုံများ၊ ယာဉ်တိုက်မှု မှတ်တမ်းဓာတ်ပုံများကို ပရိုဂျက်တာဖြင့်လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ အဆင်ပြေစေရေးအတွက် မော်တော်ဆိုင်ကယ်ယာဉ်မောင်းကျွမ်းကျင်မှု သင်တန်းကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝင်းဗိုလ်-ပြန်/ဆက်)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၇၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီတွင် မေခန်းမမြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ပျဉ်းမနားမြို့နေ ကဗျာဆရာများက ၂၀၁၃ ခုနှစ်တွင် မဂ္ဂဇင်းများ၌ ပါဝင်ခဲ့သော ကဗျာများထဲမှ အကြိုက်ဆုံးကဗျာဆုကို ပေးအပ်ချီးမြှင့်ပြီး စာရေးဆရာဦးဘုန်း(ဓာတု)က ခဲစာလုံးနှင့် ခဲကျည်ဆန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ရဲသျှမ်းက မြန်မာစာသင်တဲ့ဆရာမှာလည်း သမိုင်းတာဝန်တွေရှိတယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကာတွန်းဝင်းအောင်က ခေတ်သုံးခေတ်ရဲ့အသံခေါင်းစဉ်ဖြင့် သုတရသစာပေများ ဟောပြောမည်ဖြစ်ကြောင်းသိရသည်။

ဦးကျော် (ပျဉ်းမနား)

မိတ္ထီလာဒေသကောလိပ် တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲ

ကျင်းပမည့်ရက်မှာ ၃၀-၃-၂၀၁၄ (မတ်လ ၃၀)ရက်နေ့ဖြစ်ပြီး ညစာစားပွဲမှာ တော်ဝင်နန်းခန်းမ ၂၉-၃-၂၀၁၄ရက်ဖြစ်ကာ ဦးဇော်မြင့်၏ ဖုန်းနံပါတ်မှာ-၀၉-၄၄၄၀၀၆၉၁၆ ဖြစ်ပါသည်။

လှည်းဆိပ်အထက တတိယအကြိမ်အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ လှည်းဆိပ်အထကတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှစ်ပြည့်ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပေးပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်နိုင်ရန်နှင့် ဆက်သွယ်လှူဒါန်းနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဦးလေးမြင့် ဖုန်း-၀၉-၄၉၃၀၈၆၀၅ **ဦးဝင်းမြင့် ဖုန်း-၀၉-၅၂၀၀၁၅၅**
ဦးဝင်းခိုင် ဖုန်း-၀၉-၅၀၀၇၂၈၈ **ဦးဝင်းကျော် ဖုန်း ၀၉-၅၁၁၃၉၄၅**
ဦးအေးသန်း ဖုန်း ၀၉-၄၃၀၂၃၈၉၅

(၃၄)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည် ဆုမွန်လွှာ

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖေဖေ **ဦးကြည်ဌေး**-မေမေ **ဒေါ်သက်သက်ခိုင်**တို့၏၂၀-၁-၂၀၁၄ရက်တွင် ကျရောက်သော (၃၄)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာနှစ်ဖြာအကျိုးကို ဆတက်ထမ်းပိုးတိုးပွားစွာလုပ်ကိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားများ - **Dr.သော်ခင်ဌေး-Dr.နှင်းမာလာဌေး၊ Dr. ဆန်းထွန်းလင်း၊ Dr. အောင်ကောင်းမိုး**
ချစ်တူ၊ တူမများ - **ဇာဇာဝတ်ရည်၊ ရဲလင်းထိုက်၊ ဝေလင်းကျော်**
ချစ်မြေးများ - **ဆုဝတီသော်၊ ဆုရတီသော်၊ သားလွင်၊ (ရွှေသဇင် မိသားစု)**



သဇင်ပန်း

ထားဝယ်သဇင် ဥစစ်စစ် သဇင်ဥ မျိုးစုံ/တိုင်

ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၃၁၂၆၁၂၆၀



အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀(ကံဘဲ့)၊ မြေကွက်အမှတ်(၂၃/စ၁)၊ အကျယ်အဝန်း (၅၅ပေ×၅၃ပေ) ရှိ မြေပိုင် /၃ (ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈- ရပ်ကွက်၊ သံယာ့တက္ကသိုလ်လမ်း၊ အမှတ်(၆/၇)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချခွင့်ရှိသူ ဒေါ်မူမူ (ခ) ဒေါ်ရိုစဘတ်ဟိုး [၁၂/ဗဟန(နိုင်)၀၇၃၅၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက သက်ဆိုင်ပတ်သက်သည့် စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)
အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၁၆၀၆၀၇

အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် နှစ်စီးတွဲယာဉ်ငယ်များပြေးဆွဲ

မုံရွာ ဇန်နဝါရီ ၁၉

မုံရွာမြို့မှ မိုင် ၅၀ ကျော်ဝေးသော သဘာဝသစ်ပင်သစ်တောကြီး၏ အလယ်တွင်ရှိသည့် အလောင်းတော်ကဿပသို့ မုံရွာမြို့မှအခြေပြု၍ လိုင်းကားအသီးသီးမှ ပုံစံ၊ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဘုရားဖူးများအဆင်ပြေစွာ သွားလာနိုင်ရန်အတွက် တစ်နှစ်ထက်တစ်နှစ် ဝန်ဆောင်မှုအသစ်များဖြင့် အပြိုင်အဆိုင်ပြေးဆွဲလာကြရာ ယခုနှစ်တွင် ၁၀ ယောက်၊ ၁၂ ယောက်စီးမှန်လုံယာဉ်ငယ်များပြေးဆွဲမှုမှာ အစီးရေ ပိုမိုများပြားလာကြောင်း တွေ့ရသည်။ ထိုသို့ ပြေးဆွဲပေးရာတွင် တောင်တက်တောင်ဆင်း၊ တောလမ်းအတွင်း သွားရောက်ကြရသောကြောင့် အဆိုပါ မှန်လုံယာဉ်ငယ်များ ပြေးဆွဲရာတွင် နှစ်စီးတွဲ၍ ပြေးဆွဲစေကြောင်း၊ ထိုသို့ ပြေးဆွဲခြင်းမှာ လမ်းခရီးတွင် တစ်စုံတစ်ရာဖြစ်ပေါ်လာလျှင် တစ်စီးနှင့်တစ်စီး ဖေးမကူညီနိုင်ရန်အတွက် ယခုနှစ်မှစ၍ စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မှန်လုံယာဉ်ငယ်များဖြင့် ပြေးဆွဲရာတွင် ခရီးသည်တစ်ဦးလျှင် အသွားအပြန် ကျပ်တစ်သောင်းခွဲဖြင့် ပြေးဆွဲပေးပြီး မုံရွာမှ နံနက် ၄ နာရီထွက်လျှင် အလောင်းတော်ကဿပသို့ နံနက် ၈ နာရီခန့်တွင် ရောက်ရှိကာ အလောင်းတော်ကဿပမှ မွန်းတည့် ၁၂ နာရီတွင် ပြန်ထွက်လျှင် မုံရွာသို့ ညနေ ၃ နာရီကျော်တွင် ပြန်လည်ရောက်ရှိကြောင်း၊ ခရီးသွားလာရာတွင် အလွန်သက်သောင့်သက်သာရှိသောကြောင့် အဆိုပါယာဉ်ငယ်များဖြင့် ပြေးဆွဲပေးသော အစီအစဉ်ကို သက်ကြီးဘုရားဖူးများအပါအဝင် ဘုရားဖူးများက နှစ်သက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် အခြားနယ်မြို့များမှ မှန်လုံယာဉ်ကြီးများ၊ မှန်လုံယာဉ်ငယ်များစသည်ဖြင့် ယာဉ်အမျိုးမျိုးဖြင့်မည်သို့ပင်လာရောက်ကြသည်ဖြစ်စေ များသောအားဖြင့် မုံရွာမြို့တွင်ကားများရပ်နား၍ မုံရွာမြို့မှ အလောင်းတော်ကဿပသို့ သီးသန့်ပြေးဆွဲပေးနေသော လိုင်းကားအသင်းများနှင့် ကြိုတင်ချိတ်ဆက်လက်မှတ်ရယူ၍ သွားရောက်မှုက ပိုများကြောင်းသိရသည်။ ထိုသို့ဒေသခံယာဉ်များနှင့် သွားရခြင်း၏ အားသာချက်မှာ အချိန်မှန်ရောက်ရှိခြင်း၊ အန္တရာယ်ကင်းရှင်း၍ သွားလာရသည်မှာ သက်သာခြင်း၊ ဝန်ဆောင်မှုကောင်းများဖြင့် အပြိုင်အဆိုင်ပြေးဆွဲခြင်းတို့ကြောင့် ခရီးသည်များဘက်မှ အားသာချက်ကောင်းများရှိခြင်းစသည့် အချက်တို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးများပိုမိုဝင်ရောက်လာကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

လယ်ဝေးမြို့၌ အစုလိုက် အပိုဆောင်းမေးခိုင်ကာကွယ်ဆေးထိုး

လယ်ဝေး ဇန်နဝါရီ ၁၉

မေးခိုင်ရောဂါနှင့် မိခင်နှင့်မွေးစကလေးမေးခိုင်ရောဂါများမှ ကာကွယ်ပေးနိုင်ရန်အတွက် အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် လယ်ဝေးမြို့ အမှတ် (၄) ရပ်ကွက်၌ ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် ဩဂုတ်လများတွင် ၁၇ ရက်မှ ၂၀ ရက်အထိ သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး အသက် (၁၅) နှစ်မှ (၄၅) နှစ်အတွင်းရှိ အမျိုးသမီးများအားလုံးကို မေးခိုင်ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနိုင်ရန် ဖိတ်ကြားထားကြောင်း လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ခင်စန်းမြင့်က ပြောကြားသည်။

မင်းမင်းလတ်(ရှုပဗေဒ)

ဘုတ်ပြင်းတွင်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

ဘုတ်ပြင်း ဇန်နဝါရီ ၁၉

လွှတ်တော်ကိုယ်စားလှယ်များက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ဘုတ်ပြင်းမြို့နယ်နှင့်မြို့နယ်ခွဲများမှ ရပ်ကွက်၊ကျေးရွာအုပ်စု ၂၉ အုပ်စုအား တစ်အုပ်စုလျှင် ငွေကျပ် ၃၄ ဒသမ ၅ သိန်းစီကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

ဘုတ်ပြင်း(ပြန်/ဆက်)

ကလေးမြို့တွင် စိုက်ပျိုးလျက်ရှိသော နေကြာခင်းများ အောင်မြင်ဖြစ်ထွန်း

ကလေး ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သည် ရေမြေကောင်း၍ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နေရာတိုင်းတွင် နေကြာခင်းများဖြင့် ဝေဝေဆာဆာရှိနေသည်ကိုတွေ့ရသည်။ ကလေးမြို့တွင် နေကြာခင်းများကို မြစ်သာမြစ်ဝှမ်းဒေသ ကုက္ကိုလ်၊ အောင်ရွာ၊ ရှားတော၊ တင်သား၊ ဒိုးနွယ်၊ ပေါက်တော၊ ထိုမာ၊ ထောက်ကြန့်ဒေသနှင့် နေရဥရာ မြစ်ဝှမ်းဒေသများဖြစ်သည့် ရာဇဂြိုလ်၊ ကြက်ဖနက်၊ ကံကြီးဒေသနှင့် အနောက်မြောက်ကျေးရွာများရှိ အောင်မြင်သာ၊ ကျောင်းတိုက်၊ ဆည်ကြီး ကျေးရွာများရှိ နေကြာစိုက်ပျိုးကြသော တောင်သူများသည် အပင်များသာမက အပွင့်များပါဝေဆာအောင်မြင်လျက်ရှိနေသည့် အတွက်ကြောင့် နေကြာစိုက်တောင်သူတို့ ဝမ်းသာပီတိဖြစ်လျက်ရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ကလေးမြို့မှာ ဆီထွက်သီးနှံအဖြစ် နေကြာကို အဓိကစိုက်ပျိုးပါတယ်၊ တချို့တောင်သူတွေလည်း မြေပဲတို့၊ ပန်းနှမ်းတို့ စိုက်ပျိုးကြတာကို တွေ့ရပါတယ်၊ နေကြာကိုလည်း စပ်မျိုးနေကြာတွေသာ အများဆုံးစိုက်ပျိုးပါတယ်၊ အဲဒါက အပင်ပေါက်တာတွေ၊ အပွင့်အောင်တာတွေ သေချာပါတယ်"ဟု တင်သားကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"နေကြာတွေကို မိုးစပါးအပြီး ရိုးပြတ်တွေမှာ ထယ်ရေးလှန်ပြီး ညက်ညက်ထွန်ကာ စိုက်ကြတာလည်း ရှိသလို နုန်းတင်မြေနုတွေမှာလည်း စိုက်ကြပါတယ်၊ တချို့ကလည်း ပဲတွေနဲ့ ကြားညှပ်စိုက်ကြပါတယ်။ နေကြာကို ဆီကြိတ်မယ်ဆိုရင် ကောင်းတဲ့နေကြာဆိုပါက နှစ်တင်းခွဲ၊ သုံးတင်းကြိတ်ရင် ဆီတစ်ပုံးရပါတယ်၊ မြေပဲ တစ်တင်းခွဲကျော်ကျော်ဆိုရင် ဆီတစ်ပုံးရပါပြီ"ဟု တောင်သူတစ်ဦးက ပြောသည်။

တောင်သူတွေအတွက် နေကြာက ဝင်ငွေတစ်ခုတိုးစေသည်။ ယခုနှစ်တွင် နေကြာက ပျက်စီးဆုံးရှုံးမှု မရှိဘဲ နေကြာခင်းများရှိ အပွင့်များသည် အားလုံးညီညာစွာပွင့်နေကြသည်ကိုတွေ့ရသည်။ ထိုသို့အောင်မြင်နေသည့် နေကြာခင်းများကြောင့် တောင်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

Bright Star Education Centre

BEC International

B.E.C Centre I ကို ယခင် အမှတ် ၆၂-B၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့မှ ယခု အမှတ် ၈၇၊ ၅၂လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၃၉၇၇၄၂ သို့ ၆-၁-၂၀၁၄ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်နေပါကြောင်း။

B.E.C Centre II ကို အမှတ် ၃၃-A၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၉၀၅၁ ကို ၃-၂-၂၀၁၄ရက်တွင် စတင်ဖွင့်လှစ်ပါမည့်အကြောင်းနှင့် B.E.C Centre III ကို အမှတ်-၁၆၃/၁၆၅၊ ရွှေဘုံသာလမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း ၃၇၄၉၇၇ တွင် ဖွင့်လှစ်ထားပါကြောင်း အသိပေးအပ်ပါသည်။

၂၀၁၂-၂၀၁၃ ကျောင်းဆုပေးပွဲကို ၂၅-၁-၂၀၁၄ရက်(စနေနေ့)ညနေ ၄ နာရီမှ ၇ နာရီထိ "ပြည်သူ့ရင်ပြင်"တွင် ကျင်းပပြုလုပ်ပါမည့်အကြောင်း BEC ကျောင်းသား/သူ(ဟောင်း/သစ်)များနှင့် မိဘများအား ဖိတ်ကြားအပ်ပါသည်။

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏

နှစ်ပတ်လည်အစည်းအဝေးနှင့်

ပညာရည်ချွန်ဆုပေးပွဲ

အထက်ပါ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/သားတိုင်း စုံညီစွာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၁-၂၀၁၄ရက်

ကျင်းပမည့်နေရာ - အလုံမြို့နယ်ခန်းမ

ကျင်းပမည့်အချိန် - နံနက် ၈း၃၀နာရီမှ ၁၁ နာရီ

မုန့်ဟင်းခါးဖြင့် ဧည့်ခံပါမည်။

စာရင်းမပေးရသေးသော(၂)ဘာသာအထက် ဂုဏ်ထူးရသူများ၂၀-၁-၂၀၁၄ ရက် နောက်ဆုံး ဖုန်း-၀၉-၇၃၁၂၀၆၇၃ သို့ စာရင်းပေးရန်။

အမှုဆောင်အဖွဲ့

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကိုယ်ကျိုးထက်၊ အများအကျိုးကို ဦးစားပေးခဲ့သူ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို အပြောထက် အလုပ်ဖြင့် သက်သေပြခဲ့သူ ဆန်းကိုကိုဘီစကစ်ဖခင်ကြီး ဦးတင်ဝင်း၏ပါရမီဖြည့်ဖက် **အစ်မကြီးဒေါ်ခင်ကြည်အား** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် **"အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဘွဲ့တံဆိပ်"**ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် **"နေလရတနာအာမခံရွှေဆိုင်မိသားစု (ပဲခူး၊ သက္ကလ)"**မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောက်နောင်ကာလများတွင်လည်း အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်မြင့်ထွန်း-ဒေါ်လှဝင်းမြတ်

သား-မေင်အောင်မြတ်ဖြိုး၊ မောင်နေလထွန်း

နေလရတနာအာမခံရွှေဆိုင်(ပဲခူး၊ သက္ကလ)မြို့။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ပစ္စည်းများဝယ်ယူရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေများ၊ စာရေးကိရိယာများဝယ်ယူရန်နှင့် အလှူခံပြေစာစာအုပ်များ၊ ပုံစံဇယားများရိုက်နှိပ်ရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-ကျပ်နှုန်းဖြင့်ဝယ်ယူပြီး ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ပြောက်ကွက်ဝယ်လိုသည်

09 31589922

09 31268183

ဆကာကြီးမြို့ စေတနာရှင်-အလှူရှင်များဖိတ်ခေါ်ခြင်း

ဆကာကြီးမြို့၊ ကျက်သရေဆောင်ပြည်လုံးချမ်းသာဘုရားကြီး၏ အထက်အလယ်ပစ္စယံ ဘုံဆောင်များကို ရွှေရောင်စတီးပန်းဒေါင်အသစ်များဖြင့် ပြန်လည်တပ်ဆင်မွမ်းမံမည်ဖြစ်ပါ၍ လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များမှ တစ်ပေပတ်လည်လျှင် ၄၀၀ိ/-နှုန်းဖြင့် အောက်ပါပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-ဦးကြည်(မင်္ဂလာဒုံ)-၀၁-၆၃၆၃၂၅၊ ဦးတင်အောင် ၀၉-၄၉၇၁၈၃၃၇ ၊ ဦးလှကြည် ၀၉-၄၉၇၁၈၃၃၈၊ ဦးတိုက်စိုး ၀၉-၈၅၈၁၇၃၈ ၊ ဦးဝင်းမြင့် ၀၉-၈၅၈၁၆၇၆၊ ဦးပြုံးချို ၀၉-၈၅၈၁၇၃၆၊ ဦးစံဝင်း(စမ်းချောင်း)၀၁-၅၁၀၅၈၆၊ ကိုဟန်ထွန်း (တ/ဥ)၀၁-၅၇၉၆၄၁ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မီးဘေးရှောင် မလောင်ခင်တား

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၈-၁-၂၀၁၄ ရက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ **စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်** နှင့် **ဒေါက်တာ ဂီတလုလင်မောင်ကိုကို**အား ဘိုကလေးမြို့သူ၊ မြို့သားများနှင့် ဘိုကလေးမြို့မ ဓမ္မာရုံဆွမ်းလောင်းအသင်းမှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘိုကလေးမြို့မဓမ္မာရုံ-ဆွမ်းလောင်းအသင်း

နှင့်

ဘိုကလေးမြို့သူ၊ မြို့သားများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး) သင်တန်း
Postgraduate Diploma in Multi-media Arts (Education)- PGDMA
အမှတ်စဉ်(၁၅)သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး) သင်တန်း Postgraduate Diploma in Multi-media Arts (Education)-PGDMA အမှတ်စဉ်(၁၅) သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် တိုင်းဒေသကြီး/ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများ (နေပြည်တော် ကောင်စီအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနသို့ လျှောက်လွှာနှင့် အထောက်အထား စာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၃။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးလက်ရှိ နိုင်ငံသားပြုမှုဥပဒေနှင့် ကိုက်ညီပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြင်ပမှ လျှောက်ထားသူဖြစ်ပါက ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂) ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အပိုဒ်ခွဲ (ခ)ပါ ဘွဲ့တစ်ခုခုရရှိရမည့်အပြင် အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အသက် (၃၅) နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

(စ) လျှောက်ထားသူသည် ကွန်ပျူတာပညာရပ် နားလည်တတ်ကျွမ်းမှု အခြေခံသည့် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **"ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ"**ကိုပူးတွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနများသို့ တိုက်ရိုက် လျှောက်ထားမှုမပြုရပါ။

၅။ ကွန်ပျူတာတတ်ကျွမ်းမှုကို အခြေခံသည့် အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ပေးသည့် ရန်ကုန်/မန္တလေး စာဖြေဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်သူများ၏ ခုံအမှတ်စာရင်းနှင့် စာဖြေဌာနကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် သက်ဆိုင်ရာဦးစီးဌာနများ၊ ပညာရေးတက္ကသိုလ်များနှင့် စာဖြေဌာနများတွင် ကြေညာထားမည်ဖြစ်ပြီး လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်းကို မတ်လ ၁၀ ရက်တွင် အဆိုပါဌာနများ၌ ကြေညာထားမည်ဖြစ်ပါသည်။

၆။ လူတွေ့ နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများအား မတ်လ ၁၇ ရက်မှစ၍ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် လူတွေ့ နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲ ဖြေဆိုမည့်သူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားကို လည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူသည် **ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်း**တို့ကိုလည်းကောင်း တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းကာလမှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်မှ ၂၀၁၄ ခုနှစ်၊ ဧပြီလဆန်းပိုင်းအထိ (၁၀)လ တက်ရောက်ရမည်ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက် အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြ အဖြစ် ခန့်အပ်တာဝန်ပေးမည်။

၁၀။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာ (၃) စုံတွင် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ (မျက်မှန်တပ်ထားသူဖြစ်ပါက မှက်မှန်ပါ ဓာတ်ပုံ ၁ ပုံနှင့် မျက်မှန်မပါ ဓာတ်ပုံ ၁ ပုံ) တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်ထက် နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ပါမောက္ခချုပ်

ရက်စွဲ။ ၂၀၁၄ခုနှစ် ဇန်နဝါရီလ ( )ရက် **ရန်ကုန်ပညာရေးတက္ကသိုလ်**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)- PGDMA
အမှတ်စဉ်(၁၅)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်---------ခုနှစ်၊ -------- လ၊ --------ရက်
အသက် ( ) နှစ် ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် စာစစ်ဌာန------------------------
ခုနှစ် ----------- မြို့နယ် ---------- တိုင်းဒေသကြီး/ပြည်နယ်--------------

၄။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ--------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ်------------------------------------

၅။ အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည်------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

၆။ လက်ရှိ နေရပ်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်--------------------------
----
ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်---------------------------
----

၇။ သင်တန်းပြီးဆုံး၍ အလယ်တန်းပြအဖြစ် ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ( ) ရက် **(လျှောက်ထားသူလက်မှတ်)**

ငွေလွှဲရမည့်ဘဏ် KBZ Bank(Account No.00730200701690301)

ရွှေဥ ရာဇသန် စိန်ရွှေရတနာဆိုင်၏ တရုတ်နှစ်သစ်ကူးအထူးအစီအစဉ်

* 19-1-2014 မှ 15-2-2014 အထိ

Total Skin Repair

ရွှေအုန်းပင်အိမ်ရာ (2)

(ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းစက်၊ နေလောင်ကွက်၊ အမာရွတ်၊ ချိုင့်ခွက်နှင့်အရေးအကြောင်းများပြုပြင်ရာဌာန)

Total Skin Repair မှ ဆိုင်ခွဲအမှတ်(၂)ကို နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မိမိ၏မျက်နှာ အသားအရေကို ဆရာဝန်ကိုယ်တိုင် ကွန်ပျူတာအသားအရေ စမ်းသပ်စက်ဖြင့် ၂၄-၁-၂၀၁၄ရက်မှ ၂၆-၁-၂၀၁၄ရက်ထိ အခမဲ့ စမ်းသပ်စစ်ဆေးပေးသွားမည်ဖြစ်ပြီး အားပေးသူ မိတ်ဟောင်း၊ မိတ်သစ်များကိုလည်း လက်ဆောင်များ တုံ့ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြောင်းရွှေ့ဖွင့်လှစ်သည့်နေရာ

Total Skin Repair ဆိုင်ခွဲအမှတ်(၂)၊

တိုက်(၂၆)၊ အခန်း(၂၁)၊ ဒုတိယထပ်၊ ရွှေအုန်းပင်အိမ်ရာ (၂)၊

ရန်ကင်းဈေးနှင့် မျက်စောင်းထိုး၊ ရန်ရှင်းလမ်းမကြီး

ဖုန်း-၀၉-၂၀၀၀၉၂၆



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ကြီးခရိုင်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄၅)၊ ဗိုလ်ကုန်းအရှေ့ပိုင်း၊ ဂရန်အမည်ပေါက်၊ (၃. ၁၃၆)ဧကေရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၄၃၁၅၈၂၅၉၊ ၀၉-၄၂၀၀၁၅၅၅၀





ရောင်းမည်

Chatrium Hotel အနီးရှိ

ဖိုးစိန်ကွန်ဒို

3300 Sqft (P.H)အဆင့်မြင့်ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၅၀၆၅၄၈၊ ၀၉-၅၀၇၄၁၄၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၈၉၅/ခ၊ မြေကွက်တည်နေရာအမှတ် (၈၉၅/ခ)၊ (၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊(ဦးဖြိုး)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးဖြိုး နှင့်ဇနီးဒေါ်လှကြည်(သား) ဦးမြင့်ဦးတို့ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းဝင်း[၁၂/ဥကတ(နိုင်)၁၁၉၀၂၃]၊ ဒေါ်ရွှေစင်[၁၂/ ဥကတ(နိုင်)၁၅၉၄၅၃]၊ ဦးဇော်လတ်[၁၂/ဥကတ(နိုင်)၁၅၁၀၆၅]၊ ဦးအောင်မြတ်[၁၂/ဥကတ(နိုင်)၁၅၆၅၁၇]၊ ဒေါ်ဇင်မာမိုး[၁၂/ဥကတ(နိုင်)၁၆၉၉၇၆]တို့ကသမီးနှင့် အမွေမမှီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၂/က၏မြောက်ဘက်) အကျယ်အဝန်း(ပေ၇၀×ပေ၁၂၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀ရပ်ကွက်၊ လယ်ယာ၄လမ်း၊ အမှတ်(၂၂/က)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်အေး[၁၂/သကတ(နိုင်)၀၇၀၂၀၀]+၂တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၃၅/၂၀၁၂)ရရှိသူ ဦးသံဒိုင်[၈/ပခက(နိုင်)၁၄၁၃၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက သက်ဆိုင်ပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)

အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၆၀၆၀၇

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

(၂၀-၁-၂၀၁၂ မှ ၂၀-၁-၂၀၁၄)

ပြင်ဦးလွင်မြို့၊ အမှတ်၂၁(ခ)စန္ဒာလမ်း၊ သန္တာခြံနေ ကျေးဇူးရှင် ချစ်ခင်ပွန်း ဦးရဲဝင်း(စန္ဒာဗီဒီယို ဖြန့်ချိရေး ဖားကန့်မြို့)အစ်ကိုကြီးရေ ညီမတို့မိသားစုနှင့်မထင်မှတ်ဘဲခွဲခွာသွားတာ ၂၀-၁-၂၀၁၄ရက်ဆိုရင် (၂)နှစ်ပြည့်ခဲ့ပြီး တစ်နေ့မှမေ့မရပါ။ယူကျုံးမရတမ်းတလျက် သတိရ၍ နေ့စဉ်လစဉ်ပြုသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောရောက်ရာဘုံဘဝမှ ခံစားစံစားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါသည်။ရောက်ရာဘုံဘဝမှာခင်ပွန်းသည်ကြားသိပါစေ။ သာဓုခေါ်ဆိုနိုင်ပါစေ အမျှ. . အမျှ. . အမျှ. . ။

ချစ်ဇနီး-ဒေါ်ခင်မေထွန်း

စန္ဒာဗီဒီယိုဖြန့်ချိရေး၊ ဖားကန့်မြို့။

ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးမြင့်ဝင်း(ခ)ဦးချော

၂၀-၁-၂၀၁၃ မှ ၂၀-၁-၂၀၁၄

ကျေးဇူးရှင်ပါပါး သမီးတို့မိသားစုနဲ့ခွဲခွာသွားခဲ့သည်မှာ ၂၀-၁-၂၀၁၄ရက်တွင် (၁)နှစ်ပြည့်ခဲ့သော်လည်း သတိရလွမ်းဆွတ်လျက်ပါ။ ပါပါးအားရည်စူး၍ပြုလုပ်ခဲ့သောကောင်းမှုကုသိုလ်အပေါင်းအား အမျှပေးဝေပါ၏။ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်နီနီသန်း

သမီးကြီး-ကိုသိန်းလွင်(ခေတ္တ-ကိုရီးယား)-မပြည့်ဖြိုးဝင်း

သမီးငယ်-ကိုပိုင်စိုး 1/E(JSM Shipping Co.,Ltd)-မချောစုဝင်း

မြေးများ-ယွန်းယွန်း၊ဖောင်းဖောင်း၊တုံတုံ







အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကြည်မြင့် (၅၂)နှစ်
ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန

ပိတောက်အိမ်ရာ၊ တိုက်(၇၀၁)၊ အခန်း(၁၂)နေ [ဒေါ်ခင်ပပဝင်း (စိုက်ပျိုးရေးဦးစီးဌာန)]၏ခင်ပွန်း၊ မဝင်းဖြူစင် (သတ္တမတန်း၊ အထက-၅၊ နေပြည်တော်)၏ဖခင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာကြည်မြင့်သည် ၁၈-၁-၂၀၁၄ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းသန်း-ဒေါ်တင်ဝင်း
ဒုတိယဝန်ကြီး(လယ်ယာ)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောကြူ (၈၁)နှစ်
(ကျောက်တန်း)

ဦးအာလူး၏ဇနီး၊ ဦးစိန်ပေါ်(ခ)ဦးထွန်းမြင့် (နာယက၊ ရွှေပါရမီမေတ္တာဆေးခန်း၊ ကျောက်တန်း)၏မိခင် ဒေါ်စောကြူသည် ၁၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရွှေပါရမီမေတ္တာဆေးခန်း အမှုဆောင်များ
အရှေ့ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့

တစ်လပြည့်လွမ်းဆွတ်ခြင်း

၂၀-၁၂-၂၀၁၃(သောကြာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးဒေါက်တာနိုင်တင့်စန်း၏ တစ်လပြည့်နေ့တွင် ကောင်းမှုကုသိုလ်များပြုလုပ် အမျှပေးဝေပါကြောင်း။

ဇနီး- ဒေါ်ဝင်းမေ
သားကြီး- မြတ်ကိုကို (Asst. Manager, Commissioning Dept. KEPPEL's FELS, Singapore)
ခွာညိုဦး (Singapore)
မြေး- ကောင်းခန့်ထက်
သားငယ်- ကျော်ကျော်နိုင် (Country Manager, Nipro, Myanmar)
မြပိုင်မာမှူး (ကထိက-ငြိမ်း)
မြေး- ရွှန်းလဲ့နွယ်
သမီးကြီး- အင်္ဂါစန်း (Asst Manager, Screwfix, Chester. UK)
Dr. ကျော်သက်ထွန်း (Associate Specialist, Countess of Chester. UK)
မြေး- ပြည်စိုး
သမီးငယ်- Nicola Hnin Kau Davies (Accountaut, D&D London Ltd. UK)
Stephen John Dauies (Fuiance Director, Prudential. UK)
မြေး
- Stephen Si Ywam Pan
- Thomas Alexander Dauies
- Isabella Mia Davies
- Oliver Rhys Davies

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
အသင်းဝင်အမှတ်(KTH-418)
ဦးမောင်တင်(ခ)ဦးတိန်း
အသက်(၇၉)နှစ်

ကော့သောင်းမြို့နယ်၊ အဏ္ဏဝါရပ်နေ (ဦးခိန်း-ဒေါ်ရင်လှိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI ဝင်း၊ အမှတ်(၁၅)၊ အထက်ပဒေသာလမ်းနေ ဦးဝင်းကျော်-ဒေါ်မိုးမိုးလွင်၊ ဦးမင်းကျော်-ဒေါ်အိအိခင်၊ ဦးမြင့်ကျော်တို့၏ဖခင်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်တင်(ခ)ဦးတိန်းသည် ၁၇-၁-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာနေ ဦး ဝင်းကျော်-ဒေါ်မိုးမိုးလွင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

အမှုဆောင်အဖွဲ့

ကိုသက်နိုင်စိုး
အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဂန့်ဂေါရိပ်သာလမ်း၊ အမှတ်(၆၂၇/၆၂၉)နေ ဦးစိုးမြင့်-ဒေါ်တင်ဝမ်းတို့၏ သားငယ်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၁၁/က)နေ (ဦးတင်ငွေ-ဒေါ်သိန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ခင်ဝင်းမာ၏ မတ်၊ မစုစုအေး(ဟိန်းစုစံစာသင်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀ နာရီမှ ၁၁ နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၁၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသိန်းမြင့် (၇၃)နှစ်
(ကပရ-ငြိမ်း)
(ဗဟိုစည်)

ဖျာပုံမြို့နယ်၊ ဂျိုဝါကြံခင်းကျေးရွာနေ (ဦးလွန်းမောင်-ဒေါ်လှဒါန်)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၉၄၈)နေ ဒေါ်ငွေပန်၏ ခင်ပွန်း၊ ကိုစိုးသန့်(လျှပ်စစ်)-မရင်ရင်မော်၊ ကိုသန်းနိုင်ဦး-မအေးအေးသန့်(ဩစတြေးလျ)၊ ကိုမင်းသိန်း-မမင်းမင်းသန့်၊ ကိုအောင်ဇော်မင်း၊ (ကိုမိုးကျော်သူ)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးသိန်းမြင့်သည် ၁၈-၁-၂၀၁၄ရက် ညနေ ၃း၄၅ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကိုဝင်း (CDC-11353)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၉၆၉)နေ ဦးကျော်ခင်-(ဒေါ်အေးတင်)တို့၏ သားကြီး၊ မင်္ဂလာဒုံဝါယာလက်၊ ပလရ(၅၀)နေ ဦးမြင့်ခိုင်-ဒေါ်ခင်ရီတို့၏ သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနှင်းဆီရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၁၀/B)နေ ဒေါ်ခင်မာချို၏ခင်ပွန်း၊ မောင်စည်သူဟိန်း၊ မောင်သူရဟိန်းတို့၏ ချစ်လှစွာသောဖခင် ဦးကိုဝင်းသည် ၁၆-၁-၂၀၁၄ရက် နံနက် ၆း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြရှင်(ခ)ဒေါ်ပု (၉၂)နှစ်
တိုက်ကြီးမြို့နယ်အသင်းဝင်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ သုမ္မောလမ်း၊ အမှတ်(၁၂၆)နေ (ဦးဟန်းနား-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးအောင်ကျော်)၏ဇနီး၊ ဒေါက်တာဝင်းမြင့်-ဒေါ်ဆောင်းသီတာ(သက်လုံဆေးရုံ)၊ ဦးအောင်ငွေးဝင်း-ဒေါ်အုန်းမြင့်(ရွှေကိန္နရီ စားသောက်ဆိုင်)၊ ဦးအေးငွေး-ဒေါ်စမ်းစမ်းဝင်းတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၄(စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၄ (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်ခင်နောင့်
အသက်(၈၃)နှစ်
(နမ့်ဖတ်ကာ)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဖတ်ကာမြို့နေ သိက္ခာတော်ရ ဆရာတော် (ဦးလဗျဒေး)-ဆရာမကြီး (ဒေါ်မရစ်ကိုင်)တို့၏သမီးကြီး၊ ဆရာ(ဦးလဗျဂမ်)-ဆရာမ ဒေါ်အူလိုင်မာဖန်၊ (ဦးလဗျဘောက်)၊ (ဦးလဗျလဒွဲ)၊ သိက္ခာတော်ရ ဆရာကြီး(ဦးလဗျတူးလွမ်)-ဒေါ်လဖိုင်နန်ဂျာတို့၏ ညီမ၊ [ဒေါ်လဗျဘောက်တောင်-ဗိုလ်ကြီးအင်ပေါ့ယော်(ငြိမ်း)]၊ ဒေါ်လဗျရွှယ်ဆိုင်း-ဦးလဇွမ်အားယုံ၊ (ဒေါ်လဗျထုလွမ်)၊ (ဦးလဗျတန်ဂွန်း)-ဒေါ်ခင်နော၊ ဆရာမဒေါ်လဗျထန်ဆန့်တို့၏ အစ်မကြီး၊ သိက္ခာတော်ရ ဆရာတော် ဦးဖနော်၏ ချစ်လှစွာသောဇနီး၊ ဦးဖကွမ်ထွယ်-ဒေါ်ဆွမ်လွတ်ထုတိ၊ ဦးဖဂျိုးဇက်-ဆရာမဒေါ်စီထုရာတို့၏ ချစ်လှစွာသောမိခင်၊ မအောင်ပန်ထွယ်၊ မအောင်နန်ဂျာ၊ မဖနူးရာတို့၏ အဘွားသည် ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ဝဝး၁၉ နာရီတွင် အမှတ်(၁၄-အေ)၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ၂၁-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအပ်ပါသည်။ [နေအိမ်နှင့် ကချင်နှစ်ချင်းအသင်းတော် အမှတ်(၄၀-ဘီ)၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းနှင့် မပိုလမ်း၊ စမ်းချောင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးမျိုးအောင် (၅၂)နှစ်
(B.A Myanmar)
ဖိုးကံကောင်း Agency (M.D)
အတွင်းရေးမှူး(၁) MCBA

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ်(၅)နေ (ဦးမောင်ခင်)-ဒေါ်တင်အေးတို့၏သား၊ (ဦးအေး)-ဒေါ်သန်းရွှေတို့၏ သားသမက်၊ ဦးမောင်မောင်ငွေး (အုန်းသီးရောင်းဝယ်ရေး)-ဒေါ်လှလှဝင်း၊ [ဦးအုန်းသိန်း(ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)]-ဒေါ်ခင်စီ၊ ဦးသိန်းထွန်း [တကက အမှတ်(၁)ယာဉ်သိုလှောင်ရေးတပ်]-ဒေါ်ခင်အေးဝင်းတို့၏ ညီ/မောင်၊ ဦးမောင်မောင်လွင်(ခေတ္တ-S'pore)-ဒေါ်ခင်အေးမြင့်၊ ဦးမြင့်နိုင်(တကက ထပရ ၃၂၃)-ဒေါ်သန်းသန်းဆင့်တို့၏ အစ်ကို၊ ဗိုလ်ကြီးကျော်သူ(စာပေ-၂)-မရွှေရည်ဖူး (Telecome Co., Ltd.)၊ ကိုသူရသိန်း (Master Glory Co., Ltd.)၊ မောင်ငွေးကိုကို (AYA Bank)၊ မောင်ခန့်စည်သူ(G-10၊ အထက-၂၊ ဗဟန်း)တို့၏ ဦးလေး၊ ဒေါ်သစ်သစ်၏ခင်ပွန်း၊ မနှင်းဦးဝတ်ရည်(ခ)စန္ဒီမျိုးအောင်၏ မွေးသဖခင် ဦးမျိုးအောင်သည် ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှသွင်(ဗိုလ်ကြီး-ငြိမ်း) (လေ-၁၅၃၂)
မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ(ငြိမ်း) (လှိုင်မြို့နယ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် (၁၅/က)၊ ဓမ္မာရုံလမ်းနေ (ဦးဘလှ-ဒေါ်သိန်းညွန့်)တို့၏သား၊ မောင်ဗမာစွပ်ကျယ်စက်ပိုင်ရှင် (ဦးဘရှိန်-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးအေးကျော်မင်း-ဒေါ်ခင်မာဝေ၊ Dr. ဦးအောင်ကျော်ညွန့်(ကောင်းမြတ်သွား/ခံတွင်း)-ဒေါ်ချိုစီသွင်(DZEC-စာသင်ဝိုင်း)၊ ဦးဇော်မင်းသွင် (DD Venus Co.,Ltd.)-Ms Chantana Kantaprom တို့၏ဖခင်၊ ဦးမြလွင်-ဒေါ်ညွန့်ညွန့်ဆိုင်တို့၏အစ်ကို၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ဂင်ယု(မြိတ်) (၇၈)နှစ်

မြိတ်မြို့၊ အထက(၁)လမ်း၊ မြစ်ငယ်ရပ်၊ အမှတ်(၁၂၀)နှင့် ရန်ကုန်မြို့၊ အမှတ်(၂၃-B)၊ (၁၆၅)လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်နေ ဦးဂွမ်စွန်၏ဇနီး၊ ဦးမြင့်ဟို-ဒေါ်အေးအေးမို၊ ဒေါ်ချိုချိုယု(စန်းသိင်္ဂီရွှေဆိုင်၊ မြိတ်)၊ ဦးကျော်မင်းနိုင်-ဒေါ်မြတ်မြတ်ချို၊ ဦးမျိုးမင်းထွဋ်-ဒေါ်ခင်နွယ်ဦးတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၁-၂၀၁၄(စနေနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၆၅ လမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအေးဆွေ(၇၃)နှစ်
(ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)
(ဝါးခယ်မ/ဟင်္သာတ)

ဝါးခယ်မမြို့၊ ရွာသစ်နေ (ဦးဘိုးရာ-ဒေါ်တင်မြင့်)တို့၏သား၊ ဟင်္သာတမြို့နေ (ဦးမောင်သန်း-ဒေါ်စန်းရင်)တို့၏ သားသမက်၊ ဒေါ်ခင်အေးကြွယ်(ခ)ဒေါ်အမာ(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၏ခင်ပွန်း၊ ဒေါ်စောနွဲ့၏အစ်ကို၊ ကိုအောင်စန်းကျော်-မထက်စုလှိုင်၊ ကိုမျိုးဝင်းခိုင်-မယုမွန်သန်း၊ မခိုင်ဇာဆွေတို့၏ဖခင်၊ မောင်အောင်ဆက်မင်း၏ အဘိုး ဦးအေးဆွေသည် ၁၉-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။[အမှတ်(၄၁-အေ)၊ ပထမထပ်၊ ကျွန်းတောကျောင်းလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးသူရသိန်း(ခ)ဖိုးခွား အသက်(၄၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်(၁၃)၊ အခန်း(၄)နေ ဦးသိန်းမောင်-ဒေါ်ကြည်ကြည်ဝင်းတို့၏သားကြီး၊ ဦးမောင်မြ-(ဒေါ်မြင့်စိန်)တို့၏ သားသမက်၊ မမျိုးဇင်မာ-ကိုအောင်ဇော်ဦး၊ မမိုးဇင်မာတို့၏အစ်ကို၊ ကိုအောင်ငြိမ်း-မခင်အုန်းမြင့်၊ မသန်းသန်းမြင့်-ကိုအေးကြူ၊ မပြုံးပြုံး-ကိုကျော်သန်းစိုး၊ ကိုမြင့်အောင်-မချောစုနိုင်၊ ကိုသိန်းဇော်မြင့်-မစုမွန်ရှိန်တို့၏ ညီ/မောင်၊ မဥမ္မာစိုး၏ ခင်ပွန်း၊ မသဲစုစုစံ၊ မောင်စစ်နိုင်အောင်လင်းတို့၏ဖခင်၊ မောင်ဟန်သူရိန်၏ ဘကြီးသည် ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ဦး(ဂွမြို့)(၇၅)နှစ်
ဆလက(ငြိမ်း)

ရခိုင်ပြည်နယ်၊ ဂွမြို့၊ ဆပ်သွားရွာနေ(ဦးကုလား)-ဒေါ်မြရှင်တို့၏သားကြီး၊ ဦးထွန်းရီ-ဒေါ်အုန်းရီ၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ညိုလေးတို့၏အစ်ကိုကြီး၊ ဒေါ်ကေခိုင်ဝေ၏ခင်ပွန်း၊ ဦးကျော်မင်းဝေ (မီးရထား)-ဒေါ်ရီခိုင်စိုး၊ ဦးဇော်ဝင်းနိုင် (စက်ရုံမှူး) မုံရွာချည်/ထည်-ဒေါ်ခင်နှင်းဝေ၊ ဦးသက်တင်ထွန်း၊ ဦးအောင်အောင်(မီးရထား)-ဒေါ်နွေးကြည်ကြည်သန့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၁၄ (စနေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မုံရွာမြို့ ရွာတုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မောင်ဂျွန်ညီညီ (၂၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်းနေ (ဦးမြဒင်-ဒေါ်ဘီ)၊ (ဦးတင်မြင့်)-ဒေါ်တင်မြိုင်၊ (ဦးမျိုးမြင့်)-ဒေါ်မြမြစိန်တို့၏ မြေး၊ ဒေါ်စန်းစန်းမြင့်၊ (ဦးတင်မောင်ဦး)-ဒေါ်ခင်ပြုံးကြည်၊ (ဦးသန်းထွန်း)၊ Mr. June -ဒေါ်ကြည်ကြည်ဝေ၊ ဦးမြင့်စိုး-ဒေါ်မာမာချို၊ ဦးဘုန်းမြင့်နိုင်-ဒေါ်မာလာမိုး၊ ဦးတင်ကိုကို-ဒေါ်ခင်မာမာအေး၊ ဒေါ်သင်းသင်းမြိုင်၊ ဦးသက်ဇော်ထူး-ဒေါ်နီလာဝင်း၊ ဦးသူရမျိုး-ဒေါ်အေးအေးယဉ်တို့၏တူ၊ ကိုစိုးဦးမောင်-မအေးသဥ္စာဦး၊ မောင်ရာဇာ-မသက်နှင်းဖြူ၊ မောင်မင်းအေး-မအိနှင်းဖြူ၊ မောင်သူရစိုး၊ မောင်ရဲမြတ်သူရ၊ မောင်မင်းသီဟတို့၏ မောင်/အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ ဦးလေးသည် ၁၈-၁-၂၀၁၄(စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းမယ်တော်
ဒေါ်တင်အေး(ခ)ဒေါ်လုံးတုံး
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၈၉)၊ ခြောက်လွှာ(ဘယ်)၊ မြောင်းကြီးလမ်းနေ ဦးခင်မောင်ဆန်း၏ ချစ်လှစွာသောဇနီး၊ ဦးသန့်ဇင်-ဒေါ်နီလာကျော် (ဗိသုကာ)တို့၏ အစ်မ၊ ဦးမြင့်ဆွေ-ဒေါ်စုစုလှိုင်၊ ဦးသန်းစိုးလှိုင်(ဂေါ်လီ)-ဒေါ်ယုယုအေး၊ ဦးညီညီထွန်း-ဒေါ်ခိုင်မာလှိုင်(မစုံ) ဦးညီထွေး-ဒေါ်ကြည်ကြည်တင့်၊ ဦးကျော်ဇေယျ(ထော်ကြီး)တို့၏မိခင်၊ မနှင်းစက်ဝေ၊ မောင်ညီဝဏ္ဏ၊ မောင်ထူးဝေစိုးလှိုင်၊ မခိုင်ညီညီသော်၊ မောင်ပြည့်ဖြိုးမောင်တို့၏ အဘွားသည် ၁၈-၁-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၄ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးရည်မွန်(B.Ag) (၄၇)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၆၅)၊ အောင်သစ္စာလမ်း၊ (၂၉)ရပ်ကွက်နေ [ဦးအောင်ရင်(အင်/မှူး၊ လျှပ်စစ်- ငြိမ်း၊ ဆလရ)]-ဒေါ်တင်ရီတို့၏သား၊ ကိုထွန်းထွန်းအောင်(1st John Shipping)၏ ညီ၊ [ဒေါ်ခင်ခင်အေး (သမိုင်းသုတေသန-ငြိမ်း)]၏ မောင်၊ ကိုရီအောင် (Uniteam Marine Co., Ltd.)-မကျော့ကေခိုင်၊ မစိုးစိုးပိုင်တို့၏ အစ်ကို၊ မောင်ဖွဲ့လင်းထိုက်(ဒဂုံ-၁)၊ မောင်မင်းသုခတို့၏ ဦးလေးသည် ၁၈-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ကလောမြို့နယ် ဟဲဟိုးမြို့ ကျောက်ရေအိုးပရိယတ္တိစာသင်တိုက်
ဘဒ္ဒန္တဥက္ကံသ(ဦးပုပ္ပါး)
သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၇၂)နှစ်

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ကျောက်ရေအိုးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥက္ကံသ(ဦးပုပ္ပါး)ဆရာတော်သည် ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ရက်တွင် ကျောက်ရေအိုးကျောင်းတိုက်၌ ဈာပနာအခမ်းအနား ကျင်းပပြီး ၂၇-၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ၊ ဟဲဟိုးမြို့

ဦးတင်လွင် (၈၆)နှစ်
(M.A YANGON) (M.A LONDON)
မဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခ/ဌာနမှူး(ငြိမ်း) အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အချိန်ပိုင်းပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်

ရန်ကုန်မြို့နေ (ဦးရင်စု-ဒေါ်စိန်ဖော့)တို့၏ သား၊ (ဦးအောင်သိန်း-ဒေါ်ဒေါ်စိန်း)တို့၏ သားသမက်၊ (ဦးအောင်မြင့်- ဒေါ်သန်းကြည်)၊ (ဦးတင်လတ်)-ဒေါ်နှင်းရင်၊ (ဒေါ်ခင်သန်းရီ)၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဟန်(ငြိမ်း)-ဒေါ်စန်းစန်းညွန့်တို့၏ အစ်ကို/မောင်၊ (ဦးဖေသိန်း-ဒေါ်သိန်းတင်)၊ (ဦးကျော်သိန်း-ဒေါ်ကေတီ)၊ (ဦးအောင်သန်း-ဒေါ်ခင်ကြည်)၊ (ဦးထင်ကျော်)-ဒေါ်ဖွားရင်၊ (ဦးသန်းကြွယ်)-ဒေါ်ခင်မေ၊ (ဒေါက်တာဒေါ်အေးကြည်)တို့၏မောင်သည် ၁၈-၁-၂၀၁၄(စနေနေ့) နံနက် ၉း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဗိုလ်မှူးရွှေသန်း(ငြိမ်း) (၆၇)နှစ်
(ရဲမှူး-ငြိမ်း) ကြည်း-၁၄၃၆၀

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာ့အေးစေတီလမ်း၊ တိုက်(၁)၊ အခန်း(၈)နေ ဒေါ်ခင်လေးဝင်း(အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဗိုလ်မှူးသက်ဇော်ထက်-ဒေါက်တာခိုင်နွယ်ဝင်း (ကျောက်ဆည်တက္ကသိုလ်)၊ ဦးအောင်ခိုင်လွင် (BSM Shipping)-ဒေါ်အိနွယ်ဝင်း (AA Medical Products Ltd.)တို့၏ ဖခင်၊ မမေအိခိုင်၏အဘိုးသည် ၁၈-၁-၂၀၁၄(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၄(သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်လတ်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးငွေသိန်း)-ဒေါ်အုံးသွင်တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၆)၊ ကံ့ကော်မြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးဘမော်)-ဒေါ်ခင်တင့်မော်တို့၏သားသမက်၊ ဒေါ်ခင်ယုမော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းလတ်၊ မောင်ကောင်းမင်းခန့်တို့၏ဖခင် ဦးခင်မောင်လတ်သည် ၁၉-၁-၂၀၁၄ရက် နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဆန်းနိုင် (၃၉)နှစ်
(မြို့နယ်တိုင်းရင်းဆေးမှူး)
(ထန်းတပင်မြို့နယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၄၅)နေ တိုင်းရင်းဆေးသမား တော်ကြီး ဦးသောင်းနိုင် (မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ)-ဒေါ်ခင်သိန်းတို့၏ သား၊ ပေါင်းတည်မြို့နေ ဦးစိုးဝင်း-ဒေါ်တင့်တင့်လွင်တို့၏ သားသမက်၊ ဒေါ်နီလာဝင်း၏မောင်၊ ဦးမောင်မောင်မြင့်-ဒေါ်ပပဝင်း၊ ဦးဇော်မင်းထွန်း-ဒေါ်ဆွေဆွေနိုင်၊ မောင်ဝေလမင်းတို့၏ အစ်ကို၊ ဒေါ်ခင်သိင်္ဂီစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မသဲဆုအေး(အထက၊ ထန်းတပင်)၏ မွေးသဖခင်သည် ၁၈-၁-၂၀၁၄(စနေနေ့) ညနေ ၃း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းကျော်လင်း (၃၆)နှစ်
(စစ်တွေ)

စစ်တွေမြို့နေ (ဦးစံထွန်း)-ဒေါ်မမေစိန်တို့၏ သား၊ ဒေါ်ကြည်ပြာ၏ ခင်ပွန်း၊ ဦးထွန်းကြည်-ဒေါ်လှကျော့ယဉ်၊ ဦးတင်ရွှေ-ဒေါ်ခင်မိုးညိုတို့၏ ညီ/မောင်၊ မသဇင်ကျော်လင်း (Grade-8-D၊ အထက-၂၊ စမ်းချောင်း)၊ မဝတီကျော်လင်း (Grade 4-H)၊ မောင်နေလကျော်လင်းတို့၏ဖခင်၊ ကိုထွန်းအောင်လင်း-မမနှင်း၊ ကိုထွန်းဇော်လင်းတို့၏ အစ်ကိုကြီးသည် ၁၉-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၃း၁၀ နာရီတွင် အကွက်(၅)၊ ကန်တော်ကြီးရပ်ကွက်၊ စစ်တွေမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အာကျိပ်တော် ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၄ (စနေနေ့) နံနက်ပိုင်းတွင် အမှတ်(၃၈)၊ (6 A)၊ ဇလွန်လမ်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့နေသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184



ဂါလန် ၁၂၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန် တည်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်အတွင်း ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးရေး မီးဖိုမီး၊ လျှပ်စစ်မီး၊ အမှိုက်မီး၊ လောင်စာမီး၊ ပေါ့ဆမီးများနှင့် ပတ်သက်၍ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကြီးပွားရေးရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ အလုပ်ရုံများ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ လူအဝင်အထွက်များသော လုပ်ငန်းနေရာများ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးပြောကြားကာ ပြည်သူများနှင့် ပူးပေါင်း၍

စာမျက်နှာ ၈ ကော်လံ ၅ သို့ ○

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိမှတ်ဖွယ်ရာ ဇီဝဗေဒ ဘာသာရပ်သင်ခန်းစာ ပါရှိပါသည်။

ဥပဒေကြမ်းပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း ပါရှိပါသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ခုနစ်ယောက် တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၉ ရက်က မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာမသန်စွမ်းဘောလုံးအသင်း အောင်ပွဲခံနေစဉ်။ (သတင်းစဉ်)

မာတိကာ

ဒုတိယမြောက် လေယာဉ်တင်သင်္ဘော တရုတ် တည်ဆောက်ပြီ

စာမျက်နှာ - ၄

အမှတ်တရဖြစ်ခဲ့သော ဒင်္ဂါးငွေတစ်ထောင်

စာမျက်နှာ - ၆

အိုင်တီပစ္စည်းများနှင့် ပညာရေး

စာမျက်နှာ - ၁၁

ရိုးမ ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကျင်းပ

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - စောသိန်းဝင်း

ရိုးမ ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ(**ဓါတ်ပုံ**)ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ (၄၂)ကီလိုပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား ဂျိုးဇက်ကာရူကီနှင့် မြန်မာနိုင်ငံမှ မမြင့်မြင့်အေးတို့က ဗိုလ်စွဲခဲ့သည်။

(၄၂)ကီလိုပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှ စတင်တာလွှတ်ပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ ကြက်ဘဲဈေးလမ်းဆုံ၊ ပုဇွန်တောင်လမ်း၊ ဗိုလ်တထောင်လမ်း၊ ကမ်းနားကွန်ကရစ်လမ်းသစ်၊ ကျောင်းကြီးလမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဟံသာဝတီလမ်းဆုံ၊ ဗဟိုလမ်း၊ လှိုင်ရွာမလမ်း၊ လှိုင်ဗဟိုလမ်းအနောက်ကြို့ကုန်းလမ်း၊ အင်းစိန်လမ်း၊ အောင်သိဒ္ဓိလမ်းဆုံ၊ မင်းဓမ္မလမ်း၊ ပါရမီလမ်းဆုံ၊ ပြည်လမ်း၊ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ စက်မှု(၁)လမ်း၊

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳



ကြေးမုံ
(၇) ကြိမ်မြောက်
အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အထူးထုတ်
7TH ASEAN PARA GAMES
ဇန်နဝါရီ ၂၀၊ ၂၀၁၄ (တနင်္လာနေ့)

ထိုင်လျက်ဘော်လီဘော မြန်မာအမျိုးသားအသင်း ရွှေတံဆိပ်ဆုနှင့် မြန်မာအမျိုးသမီးအသင်း ငွေတံဆိပ်ဆုများ ဆွတ်ခူး

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး၏ နောက်ဆုံးပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသား၊ အမျိုးသမီး ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များ၏ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (အေ)၌ ယနေ့နံနက် ၉ နာရီက စတင်ကျင်းပခဲ့ရာ အမျိုးသမီးဗိုလ်လုပွဲအဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှား အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ **(ယာပုံ)** အင်ဒိုနီးရှား အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို လေးပွဲကစား သုံးပွဲနိုင်ဖြင့် အနိုင်ရရှိကာ အင်ဒိုနီးရှားအမျိုးသမီးအသင်းက ပထမရွှေတံဆိပ်ဆုနှင့် မြန်မာအမျိုးသမီးအသင်းက ဒုတိယငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသား ထိုင်လျက်ဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာအသင်းက ပထမရွှေတံဆိပ်ဆုကို လည်းကောင်း၊ ထိုင်းအသင်းက ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ ကမ္ဘောဒီးယားအသင်းက တတိယ ကြေးတံဆိပ်ဆုကို လည်းကောင်း ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းခေါင်းဆောင် နန်းဝင်းဝင်းသန်းက "ဘယ်လိုမှ ပြောမပြတတ်အောင်ကို ဝမ်းသာပါတယ်။ ပြိုင်နေတုန်းကလည်း စိတ်လှုပ်ရှားနေပေမယ့် အကောင်းဆုံးဖြစ်အောင်ကစားခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။ စာမျက်နှာ ၂သို့ »»

သတင်း - ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ - ခင်မောင်ဝင်း

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းရှိ လေ့ကျင့်ရေးကွင်း (၃)၌ ကျင်းပရာ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေကြစဉ်။(အောက်ပုံ)(အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းမှ ရမှတ် ၉ မှတ်ဖြင့် ပထမ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။) သန်းနိုင်(ဇမ္ဗူသီရိ)

ထိုင်လျက်ဘော်လီဘော မြန်မာအသင်း ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုများ ဆွတ်ခူး

»» ရွှေဖုံးမှ

ဆက်လက်ပြီး ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသားထိုင်လျက်ဘော်လီဘောအသင်းမှ ကိုအောင်မျိုးက "ဘော်လီဘော ကစားတာ နှစ်ပေါင်း ၂၀ ရှိပါပြီ၊ မြန်မာပရိသတ်က အခုလိုအားပေးတာမျိုး ပထမဆုံးအကြိမ်ကြုံတွေ့ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ရွှေတံဆိပ်ရရှိဖို့အတွက် ကိုးလလောက်ကြာအောင်လေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်တဲ့အချိန်မှာလည်း ဒီကစားနည်းကလက်ထောက်ပြီး ကစားရတာဖြစ်တဲ့အတွက် တင်ပါးတွေ၊ လက်တွေမှာ အနာတရဖြစ်တာတွေ့ရှိပါတယ်။ အာဆီယံအသင်းတွေဖြစ်တဲ့ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ မလေးရှားတို့ကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့အပြင် အမျိုးသားနှင့် အမျိုးသမီးထိုင်လျက်ဘော်လီဘောအသင်း၏ နည်းပြချုပ် ဦးကြည်ဝင်းက မြန်မာအမျိုးသားအသင်းအတွက် ပံ့ပိုးမှုအပိုင်းအနေဖြင့် ကြံ့ခိုင်မှုအပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများကို အသင်းစတင်ဖွဲ့စည်းကတည်းက ဦးစားပေးလေ့ကျင့်ပေးရပါကြောင်း၊ မြန်မာကစားသမားများသည် စိတ်လှုပ်ရှားလွယ်သည့်အတွက် ကစားစွမ်းရည်ပိုင်းမှာကျတတ်တာ မြန်မာအသင်း၏အားနည်းချက်ဖြစ်ကြောင်း၊ မြန်မာအမျိုးသားအသင်းအနေဖြင့် ထိုင်းအသင်းကို သုံးကြိမ်သုံးခါအနိုင်ရရှိခဲ့သည့်အတွက် ပိုမိုကျေနပ်မိပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ထိုင်းအသင်းကို အနိုင်ရရှိခဲ့ဖူးသလို ၂၀၁၁ ခုနှစ်တွင်လည်းထိုင်းအသင်းကို ရှုံးနိမ့်ခဲ့ဖူးပါကြောင်း၊ရှုံးကြွေးများဆပ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အားကစားသမားများမှာ မသန်စွမ်းများဖြစ်သည့်အတွက် လေ့ကျင့်မှုပိုင်းတွင် တီထွင်ဆန်းသစ်မှုများ လုပ်ဆောင်ရပါကြောင်း၊ နည်းပြဆရာတစ်ဦးအနေဖြင့်ယင်းကို အခက်အခဲဟု မယူဆဘဲ ဖန်တီးခွင့်ရသည်ဟု ယူဆပါကြောင်း၊ အနာဂတ်တွင် မြန်မာအသင်းအတွက် နည်းစနစ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများကို များများလေ့ကျင့်ပေးရန် လိုအပ်ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသမီးထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပရိသတ်များ တစ်ခဲနက်အားပေးနေစဉ်။ ဓာတ်ပုံ - ခင်မောင်ဝင်း

ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသားထိုင်လျက်ဘော်လီဘောအသင်းမှ ကိုအောင်မျိုး။
ဓာတ်ပုံ - ခင်မောင်ဝင်း

(၇) ကြိမ်မြောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပိုက်ကျော်ခြင်း လေ့ကျင့်ရေးအားကစားရုံ၌ နောက်ဆုံးနေ့ နောက်ဆုံးပွဲစဉ်များအဖြစ် ဆက်လက်ကျင်းပခဲ့ရာ**(ယာပုံ)** အမျိုးသား Team Class 3 ပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်းတို့က ပူးတွဲတတိယဆုတို့ကိုလည်းကောင်း၊ အမျိုးသား Team Class 4 ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမရွှေတံဆိပ်၊ ဖိလစ်ပိုင်အသင်းက ဒုတိယငွေတံဆိပ်၊ စင်ကာပူအသင်းက တတိယကြေးတံဆိပ်တို့ကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

သတင်း - ဖြိုးစန္ဒာ
ဓာတ်ပုံ - ခင်မောင်ဝင်း

စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ကျင်းပခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်ညနေပိုင်းက မြန်မာနိုင်ငံကိုယ်စားပြု စားပွဲတင်တင်းနစ်အသင်းအနေဖြင့် Men Open Singles Class 1-5 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မင်းမင်းဖြိုးက တတိယကြေးတံဆိပ်ဆုကို လည်းကောင်း၊ စောပေးထူးနှင့် တင်မောင်ညွန့်တို့က Men Doubles Class 9 ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိခဲ့ကြကြောင်း သိရသည်။

အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲ မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

သတင်း - ဖြိုးစန္ဒာ

ဘီးတပ်ဘတ်စကက်ဘော ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ ထိုင်းနှင့် ဖိလစ်ပိုင် ဗိုလ်စွဲ

နေပြည်တော် ဇန်နဝါရီ ၁၉

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားစားကွင်းကြီး၌ အားကစားနည်း ၁၂ မျိုးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့တွင် နောက်ဆုံးနေ့ပွဲစဉ်များကို ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းအားကစားနည်းများအနက် တစ်မျိုးအပါအဝင်ဖြစ်သည့် ဘီးတပ်ဘတ်စကက်ဘောအားကစားနည်း၏ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၉ ရက်မွန်းလွဲ ၁ နာရီမှစတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပခဲ့ရာ တတိယနေရာလုပွဲအဖြစ် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို ၈၁-၃၉ ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက မလေးရှားအသင်းကို ၆၂-၃၉ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စာရေးသူ၏ သားသမီးများ၊ မြေးများသည် နေပြည်တော်တွင်ကျင်းပခဲ့သည့် SEA GAMES ပြိုင်ပွဲကြီးကို ကြည့်ရှုခွင့်ရခဲ့ကြသည်။ ရန်ကုန်တွင်နေသော သားကြီးနှင့်သမီး၏ မိသားစုများရော ပျဉ်းမနားတွင်နေသော သားငယ်၏ မိသားစုပါ စာရေးသူတို့နေထိုင်ရာ ဇမ္ဗူသီရိ အိမ်တွင် အားလုံးဆုံခဲ့ကြပါသည်။ SEA GAMES ဖွင့်ပွဲ၊ ပိတ်ပွဲသာမက အားကစားပြိုင်ပွဲများကိုလည်း ကြည့်ရှုအားပေးခဲ့ကြပါသည်။

မြန်မာဟေ့ – မြန်မာ

ဝင်းချစ်(အမျိုးသားစာပေဆုရ)

သူငယ်တန်းတက်နေတဲ့ စာရေးသူရဲ့ မြေးမအငယ်က ကစားရင် ဇာတ်လမ်း ဇာတ်ကွက်နဲ့ ကစားလေ့ရှိပါတယ်။ သူက ဒါရိုက်တာလုပ်ပြီး အဖေက ဘာ(ဇာတ်ကောင်) လုပ်၊ အမေကဘာလုပ်၊ သူက ဘာလုပ်မယ် ဆိုပြီး သူပြောတဲ့အတိုင်း လိုက်လုပ်ကြရပါတယ်။ အစ်မဝမ်းကွဲ၊ အစ်ကိုဝမ်းကွဲနဲ့ သူငယ်ချင်းတွေနဲ့ ကစားရင်လည်း အဲဒီလိုပဲ ကစားတတ်ပါတယ်။ သူကတော့ အမြဲတမ်းလိုလို ကောင်းတဲ့ဇာတ်ကောင်နေရာကို ယူလေ့ရှိပါတယ်။ သူက ဆရာမလုပ်ရင် သူ့အဖေနဲ့ အမေက ကျောင်းသားလုပ်ရပြီး သူသင်ပေးတာတွေကို လိုက်ဆိုရပြီး မှားရင်မတ်တတ်ရပ်ခိုင်းပါတယ်။

SEA GAMES ပြီးလို့ ရန်ကုန်ပြန်ရောက်တော့ အခုသူကစားနည်းတစ်မျိုးပြောင်းကစားကြောင်း၊ သူ့အဖေကို ဒိုင်လူကြီးလုပ်ခိုင်း၊ သူ့အမေကို ဗီယက်နမ်လက်ဝှေ့သမားလုပ်ခိုင်းပြီး သူကတော့ မြန်မာလက်ဝှေ့သမားလုပ်ပါသတဲ့။ သူက တစ်ဖက်သတ်အတင်းလိုက်ထိုးလိုက်တဲ့အခါ သူ့အမေက လဲကျသွားပြီး မထနိုင်တော့ ဒိုင်လူကြီးက သူ့လက်ကိုမြှောက်ပြီး အနိုင်ပေးတဲ့အခါ သူက " မြန်မာဟေ့--- မြန်မာ"---" မြန်မာဟေ့-မြန်မာ"လို့ အလံကိုကိုင်ပြီး လှည့်ပတ်အော်ပါတယ်တဲ့။ မြေးတွေကြည့်ခဲ့တဲ့ လက်ဝှေ့ပွဲတွေမှာ မြန်မာတွေကနိုင်ပြီး "မြန်မာဟေ့ မြန်မာ" လို့ ဝိုင်းအော်ကြတဲ့ အသံတွေက သူတို့ရင်ထဲ၊ အသည်းထဲမှာစွဲသွားပါပြီ။ ငါတို့မြန်မာဆိုတာ ဒီလိုနိုင်တာ၊ ဒီလိုတော်တာဆိုပြီး သူတို့ မြန်မာဖြစ်တာကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဂုဏ်ယူတတ်ကြပါပြီ။ တိုက်ဆိုင်တယ်လို့ပဲ ပြောရမလား၊ ကံကောင်းတယ်လို့ပဲ ပြောရမလား။ မြေးတွေကြည့်ခဲ့တဲ့ ပွဲတွေ တော်တော်များများမှာ စာရေးသူတို့ မြန်မာတွေနိုင်ကြပါတယ်။ မြေးသုံးယောက်က မျက်နှာမှာ စတစ်ကာတွေကပ်၊ ခေါင်းမှာ အလံတွေစိုက်ပြီး တစ်နေကုန်တစ်နေခန်း တက်တက်ကြွကြွ အားပေးခဲ့ကြပါတယ်။

ပြိုင်ပွဲနောက်ဆုံးနေ့က ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ ဆီမီးဖိုင်နယ်ပွဲမှာ မြန်မာအသင်းက ပထမပွဲမှာ အင်ဒိုနီးရှားကို ရှုံးပြီး ဒုတိယပွဲ အသည်းအသန်ဖြစ်နေချိန်မှာ နေပြည်တော်က အားကစားဝါသနာအိုး လုပ်ငန်းရှင်တွေ စုပေါင်းစီစဉ်ထားတဲ့ အားပေးတဲ့အဖွဲ့ရောက်လာပါတယ်။ အဲဒီအဖွဲ့က ဘင်၊ ဗုံတိုနဲ့ လင်ကွင်းတွေကိုတီးပြီး "ဒိုး-ဒိုး - ဒိုးဒိုးဒိုး - ဒိုးဒိုး - ဒိုးဒိုး - မြန်မာ" ဆိုပြီးအော်တော့ အစကနည်းနည်းငြိမ်နေတဲ့ ပရိသတ်က တစ်ခါတည်း "မြန်မာ-မြန်မာ" နဲ့လိုက်အော်ကြတာ အားကစားရုံကြီးတစ်ခုလုံး ဟိန်းထွက်သွားတာပဲ။ မြေးတွေမပြောနဲ့ စာရေးသူလို အသက်(၇၀)အဘိုးကြီးရဲ့ အူထဲအသည်းထဲတောင်လာပြီး ရိုက်ခတ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း မြန်မာလို့ လိုက်အော်မိပါတယ်။ မြန်မာအားကစားသမားတွေ တစ်ခါတည်းအားတက်လာကြပြီး ဒုတိယပွဲကို နိုင်ရုံတင်မကဘဲ တတိယပွဲကိုပါ အပြတ်နိုင်ခဲ့ပါတယ်။ ဖိုင်နယ်ပွဲမှာလည်း လာအိုအသင်းကိုနှစ်ပွဲပြတ်နိုင်ပြီး ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ လုပ်ငန်းရှင်တွေရဲ့ အဖွဲ့ရောက်လာပြီး လှုံ့ဆော်တာကောင်းလို့ ရှုံးရာကနေ နိုင်သွားခဲ့တဲ့ အားကစားပွဲတွေအများကြီး ရှိတယ်လို့ သိရပါတယ်။

မြေးတွေရဲ့အဖြစ်ကို ပီတိဖြစ်ရင်း တစ်ဆက်တည်းမှာပဲ စာရေးသူတို့ငယ်ငယ်က ဘောလုံးကန်တဲ့အခါ ကန်လိုက်တဲ့ကန်ချက် ပြင်းသွားတဲ့အခါမျိုးမှာ အုန်းသွင်ကြီးကွ၊ စိန်လှကြီးကွလို့ လူကြီးတွေက အားပေးရင် သိပ်သဘောကျပြီး ပိုပြီးကြိုးစားကန်ခဲ့တာတွေကို သတိရမိပါတယ်။ (ဦး)အုန်းသွင်နဲ့ (ဦး)စိန်လှက အဲဒီအချိန်တုန်းက ပြည်ထောင်စုဒိုင်းကြီးကို အကြိမ်ကြိမ်ရခဲ့တဲ့ မန္တလေးတိုင်းဘောလုံးအသင်းက အုတ်တံတိုင်းကြီးတွေလို့ တင်စားခံရတဲ့နာမည်ကြီး နောက်တန်း လူနှစ်ယောက်ပါ။ (ဦး)အုန်းသွင်က မိတ္ထီလာသား၊ (ဦး)စိန်လှက တောင်မြို့(အမရပူရသား)။ ဟိုခေတ်က ဘောလုံးအသင်းတွေ ကစားတဲ့ပုံစံက 2-3-5 တစ်ခုတည်း ရှိပါတယ်။ 4-2-4 က နောက်ကျမှ ပေါ်လာတာ။ ဒီလိုပဲ ရှေ့တန်းမှာကစားတဲ့အခါကျရင် ဘပုကွ၊ မောင်ဖုန်းကွလို့အားပေးရင် အားတက်ပြီး ပိုကြိုးစားပါတယ်။ တောင်မြို့သားများဖြစ်ကြတဲ့ အလိမ်အခေါက်အဆွဲကောင်းတဲ့ ရှေ့တန်းလူ(ဦး)ဘပုနဲ့ (ဦး)မောင်ဖုန်းတို့က နောက်ကျတော့ ရန်ကုန်ပုလိပ်ကြီး ဘောလုံးအသင်းမှာ ပြောင်းကစားကြပါတယ်။

ဘယ်သူမဆို ကိုယ်အားကျတဲ့ နာမည်ကျော် တစ်ဦးဦးနဲ့တူတယ်လို့ အပြောခံရရင် ပီတိဖြစ်ပြီး ပိုကြိုးစားချင်ကြတာ ထုံးစံပါ။ တိုးတက်ဖို့ဆိုရင် ယှဉ်ပြိုင်မှုတွေရှိရပါမယ်။ အားကျမှုတွေရှိရပါမယ်။ စာရေးသူ မန်းတက္ကသိုလ် ကျောင်းသားဘဝတုန်းက ဘာသာရပ်အသင်းတွေ ယှဉ်ပြိုင်ကြတဲ့အခါ ကိုယ့်ရူပဗေဒအသင်းပဲ နိုင်စေချင်ပါတယ်။ တက္ကသိုလ်ချင်းယှဉ်ပြိုင်တဲ့ အခါကျတော့ ကိုယ့်မန်းတက္ကသိုလ်အသင်းကို နိုင်စေချင်ပါတယ်။ တိုင်းချင်းပြိုင်ရင်တော့ ကိုယ့်မန္တလေးတိုင်းပဲနိုင်စေချင်သလို နိုင်ငံချင်းပြိုင်ရင်တော့ ကိုယ့်မြန်မာနိုင်ငံနိုင်စေချင်တာပေါ့။ ဒါကြောင့် လူတိုင်းလူတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့စိတ်၊ ဂုဏ်ယူတဲ့စိတ်၊ ဆွေမျိုးကို ချစ်တဲ့စိတ်၊ ဂုဏ်ယူတဲ့စိတ်၊ ကိုယ့်ကျောင်းကို ချစ်တဲ့စိတ်၊ ဂုဏ်ယူတဲ့စိတ်၊ ကိုယ့်ရပ်ရွာကို ချစ်တဲ့စိတ်၊ဂုဏ်ယူတဲ့စိတ်ကနေ တစ်ဆင့်ပြီးတစ်ဆင့် ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်တဲ့စိတ်၊ ဂုဏ်ယူတဲ့စိတ်တွေ ပေါက်ဖွားလာအောင် လူငယ်တွေကို ငယ်ရွယ်စဉ်အချိန်ကစပြီး ပျိုးထောင်ပေးဖို့ သိပ်အရေးကြီးပါတယ်။

စာရေးသူရဲ့သမီးက "သူ့သမီးကို ငယ်ငယ်ရွယ်ရွယ်နဲ့ကိုယ့်အမျိုးကို ချစ်တတ်တဲ့စိတ်၊ ဂုဏ်ယူတတ်တဲ့စိတ်၊ အားကျတတ်တဲ့စိတ်တွေ ကိန်းအောင်းလာအောင် SEA GAMES ကြည့်ရှုခွင့်ရအောင် စီစဉ်ပေးတဲ့ အဖေနဲ့အမေကို သိပ်ကျေးဇူးတင်ပါတယ်" လို့ပြောပါတယ်။ စာရေးသူကလည်း "မြန်မာလူငယ်တွေကို ကိုယ့်အမျိုးကို ချစ်တတ်တဲ့စိတ်၊ ကိုယ့်အမျိုးကို ဂုဏ်ယူတတ်တဲ့စိတ်တွေ ရင်ထဲအသည်းထဲမှာ သန္ဓေတည်လာအောင် SEA GAMES ပြိုင်ပွဲကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုကျေးဇူးတင်ကြောင်း" ဖော်ပြအပ်ပါသည်။ ။

ဉာဏ်ရည်မဖွံ့ဖြိုး(မသန်စွမ်း)သော်လည်း စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည်

စာမျက်နှာ ၄ မှ

ဉာဏ်ရည်မဖွံ့ဖြိုးမသန်စွမ်းအားကစားသမားများအတွက် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ ကျင်းပပေးသည့် ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲများ၊ ပြည်ပဖိတ်ခေါ်အားကစားပြိုင်ပွဲများ၊ စပယ်ရှယ်အိုလံပစ်ပြိုင်ပွဲများတွင် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာတွင်သြစတြေးလျနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှပစိဖိတ်ဂိမ်းပြိုင်ပွဲတွင် ဉာဏ်ရည်မဖွံ့ဖြိုး မသန်စွမ်းအားကစားသမားများသည် အမိမြန်မာနိုင်ငံတော်ကြီး၏ဂုဏ်ကို မြှင့်တင်နိုင်ရန် ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် သုံးခုတို့ကို ဆွတ်ခူးပေးခဲ့သည်။

ထူးချွန်မသန်စွမ်းအားကစားသမားတစ်ဦးဖြစ်လာစေရန်မှာ အုပ်ထိန်းသူမိဘများ၊ ပတ်ဝန်းကျင်အခြေအနေ၊ သင်ကြားပေးမည့် သင်တန်းများ၊ နည်းပြများသည်များစွာ အရေးပါလှပေသည်။အထူးသဖြင့် ဉာဏ်ရည်မဖွံ့ဖြိုး မသန်စွမ်းကလေးများအတွက် အခြားသူ၏ ထောက်ပံ့ကူညီမှုသည် အမြဲတမ်းလိုအပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရကလည်း မသန်စွမ်းကလေးများအတွက် သက်ဆိုင်ရာသင်တန်းကျောင်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဦးစီး၍ ဖွင့်လှစ်ကာသင်ကြားမှုများ ပြုလုပ်နိုင်ရန် ထောက်ပံ့ပေးလျက်ရှိသည်။

သို့ပါ၍ ဉာဏ်ရည်မဖွံ့ဖြိုး (Autism) ကလေးငယ်များ၏ မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ကလေးငယ်များအတွက် စိတ်ဓာတ်ကျစရာမလိုဘဲ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးမည်ဆိုပါက နိုင်ငံ့ဂုဏ်ဆောင် အခြားမသန်စွမ်းအားကစားသမားများနည်းတူ မိမိတို့၏ ကလေးငယ်များသည်လည်း ဉာဏ်ရည်မဖွံ့ဖြိုးသော်လည်း နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် ထူးချွန်မသန်စွမ်းအားကစားသမားများဖြစ်လာနိုင်ပါကြောင်းနှင့် ယခု ကျင်းပလျက်ရှိသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် မသန်စွမ်းအားကစားသမားများအားလုံးသည် အမိမြေပေါ်မှာ ယှဉ်ပြိုင်ရင်း အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကို ဆောင်နိုင်သည့် ဆုတံဆိပ်ပေါင်းမြောက်မြားစွာကို ဆွတ်ခူးရရှိကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ကော့သောင်းမြို့အထက (၂) ပညာရေးစုံညီပွဲတော် ကျင်းပ

ကော့သောင်း ဇန်နဝါရီ ၁၉

ကော့သောင်းမြို့ အထက(၂)ပညာရည်ချွန်ဆုနှင်းသဘင်နှင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက အထက(၂) ကျောင်းခန်းမ၌ ကျင်းပသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များ၊ တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်ကို ဆက်လက်ကျင်းပရာ ကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားမိဘများအား ကျောင်းသား ကျောင်းသူများ၏ အကပဒေသာများ၊ တေးသရုပ်ဖော်များ၊ တေးဂီတဖျော်ဖြေမှုအစီအစဉ်များဖြင့် ကပြသီဆိုဖျော်ဖြေခဲ့သည်။ **ကျော်စိုး(ကော့သောင်း)**

မန္တလေး၌ တစ်ကိုယ်တော်ပန်းချီပြပွဲများ ကျင်းပ

အောင်မြေသာစံ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(၂၁)လမ်း၊ (၆၂×၆၃) လမ်းကြားတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပထမအကြိမ် ခြူးဝေငြိမ်း Speed (အရှိန်) တစ်ကိုယ်တော် ပန်းချီပြပွဲကို ကျင်းပခဲ့သည်။ 1st Solo Show ပထမအကြိမ် Speed(အရှိန်)ပန်းချီပြပွဲတွင် ပန်းချီကား ၂၀ ကျော် ပြသထားပြီး The Conqueror Academy of Education (CAE) က ကူညီပံ့ပိုးပေးထားခြင်းဖြစ်သည်။

ချမ်းအေးသာစံ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၃၄)လမ်း၊ (၈၀×၈၁) လမ်းကြားရှိ ရာပြည့် မန္တလေး(၂)ရှိ သီရိ ပန်းချီအနုပညာပြခန်းတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ရောင်စုံဖယောင်းများနှင့် နေဇော် တစ်ကိုယ်တော် ပန်းချီပြပွဲကို ကျင်းပလျက်ရှိသည်။ ပန်းချီပြပွဲတွင် ပြသထားသည့် ပန်းချီကားများတွင် ရှုမျှော်ခင်းများကို ဖယောင်းဖြင့် အဓိကရေးဆွဲထားပြီး ပန်းချီကား ၃၀ ခန့် ပြသထားသည်။

"ပထမအကြိမ် တစ်ကိုယ်တော် Solo Show ရောင်စုံဖယောင်းများနှင့် နေဇော်၊ ၂၀၁၄ သီရိပန်းချီအနုပညာပြခန်း၊ ၂၀၀၄ ခုနှစ်မှ ယနေ့အထိ စုပေါင်းပြပွဲ ၁၇ ပွဲ ပါဝင်ပြသထားပြီး တစ်ကိုယ်တော် ပန်းချီပြပွဲတွင် ပြသထားသည့် ပန်းချီကားတစ်ကားလျှင် ၈၀၀၀၀ ကျပ် သတ်မှတ်ထားကြောင်း" ပန်းချီနေဇော်က ပြောပြသည်။ **သီဟကိုကို(မန္တလေး)**

အာဆီယံမသန်စွမ်းပြိုင်ပွဲဂုဏ်ပြု သန့်ရှင်းရေးလုပ်အားပေး

ရေစကြို ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဟန် ဦးဆောင်ပါဝင်သော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိသားစုများနှင့် အမှတ်(၈)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များစုပေါင်း၍ ဂူကြီးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ချုံပုတ်၊ သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များလှည်းခြင်း၊ မီးရှူးသန့်စင်ခြင်းများကို ဇန်နဝါရီ ၁၈ ရက် နံနက်က တပျော်တပါး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ဖေထွက်းဇော်-ရေစကြို)**

ဉာဏ်ရည်မဖွံ့ဖြိုး(မသန်စွမ်း)သော်လည်း စနစ်တကျပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည်

သီ သီ မင်း

အားကစားသမားများ ပေါ်ထွက်လာစေရန် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ် (ASEAN Para Sport Federation -APSF) ၏ စည်းမျဉ်းများနှင့်အညီ ကျင်းပလျက်ရှိရာ အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ကျင်းပခွင့်ရခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ အာဆီယံ ၁၁ နိုင်ငံမှ မသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၁၂ မျိုးပါဝင်ပြီး ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အများအပြား ပေါ်ထွက်လာဦးမည်ဖြစ်သည်။

မသန်လေးမျိုးရှိသည့်အနက် ကိုယ်လက်အင်္ဂါချို့တဲ့သူ၊ နားမကြားသူ၊ မျက်စိမမြင်သူများသည် မှတ်ဉာဏ်၊ ဉာဏ်ရည်သွေးကောင်းမွန်သူများ ဖြစ်ကြ၍ သင်ကြားပြသပေးရာတွင်လည်းကောင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် လည်းကောင်း အဆင်ပြေကြသော်လည်း ဉာဏ်ရည်မဖွံ့ဖြိုးမသန်စွမ်း(Autism) အော်တစ်ဇင်များအတွက်မူ ကရိကထများခြင်း၊ အချိန်ပေးရခြင်း၊ လူပိုလိုက်ရခြင်းများကြောင့် မသန်စွမ်းအားကစားသမားများရွေးချယ်၍ ပါဝင်ယှဉ်ပြိုင်စေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ထွန်းက "ဉာဏ်ရည်မဖွံ့ဖြိုးတဲ့သူတွေကို သက်သက်ကျင်းပပေးတဲ့ Special Olympic ဆိုတာရှိတယ်။ ဒီပွဲမှာတော့ ကျွန်တော်က Special Olympic မှာသွားပြိုင်ထားတဲ့သူတွေကိုထည့်ထားတယ်။ ပြေးခုန်ပစ်နဲ့ အပြေးမှာပါ။ အထူးသဖြင့် အာဆီယံမသန်စွမ်းအဖွဲ့ချုပ်ကြီးရဲ့ စံနှုန်း၊ စည်းမျဉ်းတွေနဲ့ ကိုက်ညီသူတွေကို ရွေးထားတာ Autism (အော်တစ်ဇင်) ကိုအများကြီးထည့်ဖို့ကသိပ်မဖြစ်နိုင်ဘူး။ ဒါကြောင့် လူကောင်းနီးပါးလောက်ရှိတဲ့ သူတွေကိုထည့်ထားပါတယ်။ သူတို့က ထူးချွန်မှုလည်း ရှိပါတယ်"ဟု ရှင်းပြခဲ့သည်။

လူတစ်ဦး၏ ဘဝတစ်လျှောက်လုံးတွင် စွမ်းဆောင်ရည်အချို့ ဖွံ့ဖြိုးခြင်းများ ချို့ယွင်း၍ ဉာဏ်ရည်မဖွံ့ဖြိုးခြင်းကို အော်တစ်ဇင် (Autism) ဟုခေါ်သည်။ အော်တစ်ဇင်သည် မွေးရာပါ သို့မဟုတ် မွေးပြီး သုံးနှစ်အတွင်းတွင် လက္ခဏာများ စတင်ပေါ်ပေါက်လာနိုင်သည်။ အော်တစ်ဇင်သည် ဘဝပုံစံမရွေး၊ တိုင်းပြည်မရွေး၊ လူမျိုးမရွေး၊ ယဉ်ကျေးမှုမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ စွမ်းဆောင်ရည်အဆင့်မရွေး၊ ပညာမရွေးဖြစ်ပွားနိုင်ပါသည်။ ထိုသို့ အော်တစ်ဇင်(Autism)ဝေဒနာသည်တို့သည် ၎င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် ပြုစုစောင့်ရှောက်ပေးသူ၊ ထိန်းကျောင်းပေးသူရှိမှသာလျှင် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ အော်တစ်ဇင်(Autism) ကလေးများအား လေ့ကျင့်သင်ကြားပေးနေသည့် ဆရာဦးထွန်းထွန်းမြင့် (Behaviour Therapist/Autism Consultant) က "ကျွန်တော်က ကနေဒါမှာ (Autism) အော်တစ်ဇင်နဲ့ပတ်သက်တဲ့ သင်တန်းတက်ခဲ့ပါတယ်။ အခု မြန်မာပြည်ကို ပြန်လာပြီး အော်တစ်ဇင်ကို လေ့ကျင့်သင်ကြားပေးတဲ့သင်တန်းဖွင့်ထားပါတယ်။ အော်တစ်ဇင်ရှိသူတွေကို ရောဂါသည်လို့ သတ်မှတ်လို့မရဘူး၊ အော်တစ်ဇင်ထဲမှာတင် သုံးမျိုးလောက်ကွဲတယ်၊ သူတို့ရဲ့ နားလည်နိုင်မှုကိုကြည့်ပြီး အချိန်ပေးလေ့ကျင့်ပေးရင် တိုးတက်မှုရှိလာတယ်။ ကနေဒါမှာဆို အော်တစ်ဇင်တွေက သာမန်လူတွေလိုပဲ ထုတ်လုပ်ရေးပိုင်းတွေမှာ အလုပ်ဝင်နေကြတာတွေ့ခဲ့ရတယ်။ သူတို့က တစ်ခုခုကိုမှတ်ထားပြီးရင် ပြန်လုပ်ခိုင်းရင် ပုံစံတကျ ပြန်လုပ်နိုင်ကြတယ်။ သူတို့ကိုသင်ကြားပေးတဲ့အခါ သင်ထောက်ကူပစ္စည်းလေးတွေသုံးရတယ်၊ ရုပ်ပုံလေးတွေ၊ အတုံးကလေးတွေနဲ့ သင်ရတယ်" ဟု ပြောသည်။

"အော်တစ်ဇင်သည် ဘဝပုံစံမရွေး၊ တိုင်းပြည်မရွေး၊ လူမျိုးမရွေး၊ ယဉ်ကျေးမှုမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ စွမ်းဆောင်ရည်အဆင့်မရွေး၊ ပညာမရွေးဖြစ်ပွားနိုင်။

ထို့အပြင် အဆိုပါ(Autism) အော်တစ်ဇင်ကလေးငယ်များအား ရန်ကုန်မြို့၌ သုဝဏ္ဏအားကစားကွင်း၊ အင်းစိန်နှင့် အောင်ဆန်းအားကစားကွင်းများတွင် အားကစားဝန်ကြီးဌာနမှ ပံ့ပိုးပေးပြီး ကျွမ်းကျင်နည်းပြများ၊ သီးသန့်လုပ်အားပေးများ၊ မိဘအုပ်ထိန်းသူများပူးပေါင်းကာ စနေ၊ တနင်္လာ၊ ဗုဒ္ဓဟူးနေ့များတွင် လေ့ကျင့်သင်ကြားပေးမှုများ ပြုလုပ်ပေးနေကြောင်းသိရသည်။ သုဝဏ္ဏအားကစားကွင်းတွင် အပတ်စဉ်အမြဲမပြတ်လာရောက်လေ့ကျင့်သည့် Special Olympic ဘောလုံးပစ် (boccee) ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် မအေးကြည်သာ၏ မိခင်က "ကျွန်မသမီးလေးက ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာကျင်းပခဲ့တဲ့ စပယ်ရှယ်အိုလံပစ်ပြိုင်ပွဲ ဘောလုံးပစ်မှာ တစ်ဦးချင်း စတုတ္ထနဲ့ Double မှာ ရွှေရခဲ့ပါတယ်။ ဩစတြေးလျက ဖိတ်တာပါ။ တကယ်လာပြိုင်တာ နိုင်ငံပေါင်း ၃၀ ပါ၊ ပြည်တွင်းမှာလည်း ဆုတံဆိပ်တွေ အများကြီးရခဲ့ပါတယ်၊ ဒီ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းပွဲမှာ မပါပါဘူး၊ ဒါပေမယ့် နေပြည်တော်ထိသွားပြီး အားပေးမှာပါ"ဟု ပြောသည်။

အင်းစိန်မြို့နယ်မှ ဒေါ်ခင်မြတ်စိုးကလည်း "ကျွန်မက ကိုယ့်ကလေးကိုယ်ထိန်းရင်းနဲ့ အခု စေတနာ့ဝန်ထမ်းတစ်ပိုင်း ဖြစ်လာတာပေါ့၊ ကျွန်မတို့သားသမီးတွေက ကိုယ်ခန္ဓာသန်စွမ်းပေမယ့် ဉာဏ်ရည်ကမမီတော့ ဟိုဟာလုပ်၊ ဒီဟာလုပ် ပြောလို့မရဘူး၊ ပြောလည်းမှတ်ချင်မှ မှတ်တာ၊ သူတို့ကိုအချိန်ပေးပြီး ပြန်စောင့်ရတယ်၊ ဒီလိုကလေးတွေထဲကမှ အာဆီယံမသန်စွမ်းရဲ့စံချိန်ကို မီတဲ့ကလေးတွေရှိတယ်။ အဲဒီကလေးတွေထည့်ထားတယ်ကြားတယ်။ ဝမ်းသာပါတယ်။ ကိုယ့်သားသမီးမပါပေမယ့် တခြားကလေးတွေကို အားပေးဖို့အသင့်ပါပဲ"ဟု ပြောသည်။

Montessori (Autism) ကျောင်းမှ မောင်မိုးမြင့်အောင်နိုင်၏မိခင် ဒေါ်ရွှေဝါသန်းနိုင်ကလည်း မိခင်တစ်ယောက်၏ ခံစားချက်ကို ရှင်းပြခဲ့သည်။

"ကျွန်မကလေးက အော်တစ်ဇင်ဆိုတော့ သူများတွေလို မဟုတ်ဘူး။ စိတ်ရှည်ရှည်နဲ့ သင်ရတယ်။ သားသားက အခုဆို ရေကူးတော်တော်ရနေပြီ။ နောက်ဆို ပြည်တွင်း၊ ပြည်ပပွဲတွေမှာ ယှဉ်နိုင်အောင် လေ့ကျင့်ဖို့အထိ ရည်ရွယ်ထားတယ်။

ကျွန်မတို့လို Autism ကလေးမျိုးတွေ မွေးထားတဲ့ မိဘတွေအနေနဲ့ ကလေးရဲ့ အနာဂတ်မှာ မျှော်လင့်စရာဘာမှမရှိဘူး။ ငါ့သားလေးကြီးလာရင် ဘာလုပ်ပေးမယ်။ ဘာဖြစ်ရမယ်စသည်ပေါ့။ ပထမတုန်းကတော့ စိတ်ဓာတ်ကျမိတယ်။ နောက်ပိုင်း ဘယ်လိုရှေ့လျှောက်သွားရမလဲလို့ တွေးမိတာနဲ့ မသန်စွမ်းကျောင်းတွေနဲ့ချိတ်ဆက်ပြီး အားကစားနဲ့ပတ်သက်တဲ့လမ်းကြောင်းတွေရှာ၊ ကိုယ်ကိုယ်တိုင်သင်တန်းတက်ပြီး ကလေးကို လမ်းကြောင်းတည့်မတ်ဖို့ ကြိုးစားနေတယ်။ အခု အစ်မတို့သေသွားရင်တောင် သားလေးအတွက် အသေမဖြောင့်နိုင်ပါဘူး"ဟု ပြောပြခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ထွန်းက "ဉာဏ်ရည်မဖွံ့ဖြိုး (Autism) ကလေးတွေကို အိမ်မှာ ဒီအတိုင်းထားမယ့်အစား အားကစားထဲရောက်တာကောင်းတယ်လို့ထင်တယ်။ အားကစားထဲရောက်တော့ စိတ်ဓာတ်တွေကြံ့ခိုင်တယ်။ နဂိုထက်ပိုပြီး အခြေအနေတိုးတက်လာမယ်လို့ ထင်တယ်။ အခုဆိုရင် ထူးချွန်တဲ့အားကစားသမားတွေတောင် ပေါ်ထွက်လာနေပါပြီ"ဟု ပြောသည်။

စာမျက်နှာ ၃ သို့

အားကစားရာသီဖြစ်သောကြောင့် မဟာဗန္ဓုလပန်းခြံတွင် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်သူများဖြင့် စည်ကား

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့လယ်ကောင်၏ အများပြည်သူများအပန်းဖြေစရာနေရာတစ်ခုဖြစ်သော မဟာဗန္ဓုလပန်းခြံတွင် ယခုအခါ အားကစားရာသီဖြစ်သောကြောင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တွေ့မြင်ခဲ့ရသည်။ အဆိုပါ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်သူများ အနေဖြင့် သွေးပူလေ့ကျင့်ခန်းသက်သက်ကိုသာ ပြုလုပ်နေကြခြင်း၊ လမ်းလျှောက်အားကစားများ ပြုလုပ်နေကြခြင်း၊ အပြေးလေ့ကျင့်ခန်းများပြုလုပ်နေကြခြင်းများအပြင် အချို့အမျိုးသမီးများမှာ ယခုအခါ တေးသီချင်းများဖွင့်ကာ အေရိုးဗစ်အကလေ့ကျင့်ခန်းအားကစားနည်းများ ဆော့ကစားကြခြင်းနှင့် ယခုအခါ ကိုယ်ခံပညာရပ် သင်တန်းကျောင်းများမှ သင်တန်းသားများပါ လာရောက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒ

မင်္ဂလာပါ။

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ ဇီဝဗေဒဘာသာရပ် အထောက်အကူပြု လမ်းညွှန်ပေးသွားမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ အဓိကသဘောပေါက်နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါဝင်တဲ့ Chapter I to XII ရဲ့ အကြောင်းအရာအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး သိရှိရမယ့်အချက်များကို အခန်းလိုက်ပြဌာန်းထားတာဖြစ်တဲ့အတွက် ကျေညက်အောင်သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့ (၁)ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံး၏ အခန်းတိုင်းမှာပါဝင်သော အကြောင်းအရာ၊ အချက်အလက်များကို ကျေညက်စွာနားလည်အောင် လေ့လာကျက်မှတ်ရန်၊ (၂)Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွဆိုလိုရင်း အဓိပ္ပာယ်များကိုပါသိရှိ ကျက်မှတ်ထားရန်နှင့် (၃)သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့ စာတွေဘယ်လောက်ရပြီလဲဆိုတာ ပြန်လည်ဆန်းစစ်၊ ခန့်မှန်းနိုင်ဖို့အတွက် မေးခွန်းဟောင်းများကို လေ့လာပြီး ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှသာ မေးခွန်းရဲ့သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်မေးတာမျိုးတွေရှိသလို၊ ဆက်စပ်တွေးတော ဖြေဆိုရမယ့် မေးခွန်းတွေပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာကို နားလည်မှာ မဟုတ်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲ (ဇီဝဗေဒဘာသာရပ်) မေးခွန်းလွှာမှာ- True / False အတွက် ၂၀ မှတ်၊ Completion အတွက် ၂၀ မှတ်၊ (၂) မှတ်တန် Short Questions (2 Marks each) အတွက် ၁၂ မှတ်၊ (၄) မှတ်တန် Short Questions (4 Marks each) အတွက် ၁၆ မှတ်၊ (၈)မှတ်တန် Long Questions (8 Marks each) အတွက် ၃၂ မှတ်ဆိုပြီး စုစုပေါင်း ၁၀၀ မှတ် သတ်မှတ်ထားပါသည်။

မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ No. 3 မှာကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် ပုဒ်ခွဲ d, e, f တို့မှာ (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 နဲ့ 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေ ပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိပါတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများအဖို့တော့ အမှတ်ပြည့်ထက်ပိုတဲ့ ရွေးစရာတွေ ရှိပါတယ်။ Chapter ရွေးပြီး ကျက်တဲ့သူများအဖို့တော့ True / False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာနဲ့တိုးမှသာ ဖြေနိုင်မှာဖြစ်ပါတယ်။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို နားလည်သဘောပေါက်အောင် ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter (၁၂ ခု) လုံးကို စေ့စပ်စွာခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter (၁၂ ခု) မှာ မိမိအတွက်လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (၁၂ ခု)မှ အကြောင်းအရာများကို ဘယ်လိုခွဲဝေပြီး မေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် True / False Statements များကို Chapter (၁၂ ခု) လုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှ အပ ကျန် Chapter များမှ Statements (၂) ခုစီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (၈ ခု) မှ Statements (၂ ခု)စီ $(2 \times 8 = 16)$, Chapter (၄ ခု) မှ Statement (၁ ခု)စီ $(1 \times 4 = 4)$၊ စုစုပေါင်း (20 marks) အနေနဲ့ Chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာကို တွေ့ကြပါလိမ့် မယ်။

Question No. 1 ရဲ့ TRUE/ FALSE နဲ့ပတ်သက်လို့ ဆင့်ပွားမေးခွန်းငယ် ၂၀ ကို **Chapter** အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။ **Chapter I** မှ မေးခွန်းငယ် **i, ii, (2 statements), Chapter II** မှ မေးခွန်းငယ် **iii, iv (2 statements), Chapter III** မှ မေးခွန်းငယ် **v (1 statement), Chapter IV** မှ မေးခွန်းငယ် **vi, vii(2 statements), Chapter V** မှ မေးခွန်းငယ် **viii, ix (2 statements), Chapter VI** မှ မေးခွန်းငယ် **x, xi (2 statements), Chapter VII** မှ မေးခွန်းငယ် **xii (1 statement), Chapter VIII** မှ မေးခွန်းငယ် **xiii, xiv(2 statements), Chapter IX**မှ မေးခွန်းငယ် **xv, xvi (2 statements), Chapter X**မှ မေးခွန်းငယ် **xvii (1 statement), Chapter XI**မှ မေးခွန်းငယ် **xviii, xix (2 statements)** နဲ့ **Chapter XII** မှ မေးခွန်းငယ် **xx (1 statement)** တို့ဖြစ်တယ်။

မေးခွန်းနံပါတ် (1) True / False Statements များကို ဖြေဆိုဖို့ အတွက်ကတော့ ပေးထားသော Statement များကို သေချာစွာဖတ်ရပါမယ်။ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို၊ ကိုယ်ပိုင်ဝါကျတည်ဆောက်ပြီး မေးထားတဲ့ Statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True / False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True / False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးပြီး မေးထားပါတယ်။ ဥပမာ-Plants which live for two years are biennials လို့ မေးတဲ့အခါ two growing seasons ကို two years နဲ့ ပြောင်းလိုက်တဲ့အခါ ကျောင်းသား/သူ အတော်များများ မှားကြပါတယ်။ သိထားရမှာက Biology မေးခွန်းတွေဟာ နားလည်မှုကို အခြေခံပြီး စစ်ဆေးတဲ့ Conceptual မေးခွန်းတွေ ဖြစ်တယ်ဆိုတာပါပဲ။ ဥပမာ Rabbits live in group and are frequently breeding two times a year ဆိုတဲ့ ဝါကျမှာ သုံးပိုင်း ပါပါတယ်။ Statement မှာ ပါတဲ့ ၃ ပိုင်းကတော့ (Rabbits live in group အပိုင်း frequently breeding အပိုင်းနဲ့ two times a year ဆိုတဲ့အပိုင်းမှာ တစ်ပိုင်းပိုင်းကို False ဖြစ်သွားအောင် လုပ်တတ်ပါတယ်။ four times နေရာမှာ two times နဲ့လွဲလိုက်တာပါပဲ။ အဲဒီလိုအမှားမျိုးတွေ မရှိအောင် statement ရဲ့ sentence တွေကို သေသေချာချာဖတ်ပါလို့ အကြံပြုလိုပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ နောက်ထပ်မှာကြားလိုတာကတော့ မဖြေနိုင်လို့ Statement များအားလုံးကို False (သို့မဟုတ်) True လို့ အားလုံးရေးသားဖြေဆိုခဲ့ရင်တော့ မိမိရရှိမယ့် အမှတ်များရရှိနိုင်မှာ မဟုတ်ပါဘူး။ အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။

Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမဲ (Bold) နဲ့ ဖော်ပြထားတဲ့ စကားလုံးတွေကို သေသေချာချာ လေ့လာရမယ့်အပြင် အခြေခံသိရှိနားလည်ရမယ့် အကြောင်းအရာများကိုလည်း သိရှိရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (2) Completion အမျိုးအစားကလည်း နားလည်သဘောပေါက်မှုကို အခြေခံတဲ့ Conceptual မေးခွန်းဖြစ်ပါတယ်။ နံပါတ်တစ်မေးခွန်းလို statement တွေကို ဝါကျတည်ဆောက်တဲ့အခါ ကွက်လပ်ဖြည့်တွေချန်ပြီး ဖော်ပြထားတာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့က နားလည်မှုအပြင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့် စကားလုံးကို စာလုံးပေါင်းကို မှန်မှန်ကန်ကန်ဖြည့်ရပါမယ်။ သိပ္ပံအမည်တွေကို ဖြည့်ရမယ်ဆိုရင်တော့ underline ပါတားပေးမှ အမှတ်ပြည့်ရပါလိမ့်မယ်။

Word form ဖြစ်တဲ့ (noun, verb နဲ့ adjective) ကိုလည်း ဂရုစိုက်ထည့်ပေးပါ။ ဥပမာ Insects pollinate flowers are ———————— flowers. ဆိုရင်တော့ အဲဒီအဖြေက (entomophilous) ဖြစ်ပါတယ်။ အလားတူပဲ Pollination brought about by insect is ————————. ဆိုရင်တော့ အဲဒီအဖြေက (entomophily) ဖြစ်ပါတယ်။ အဲဒီလိုပဲ Entomophilous flowers are pollinated by ————————. ဆိုရင်တော့ အဖြေက (insects) ဖြစ်ပါတယ်။

True / False နဲ့ Completion အမျိုးအစားမှာပါတဲ့ Statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်ပါတယ်။ အခန်း (၃) ခန်းလောက် လွှတ်ပြီးကျက်လိုက်တာနဲ့ True/False ရွေးချယ်မှုနဲ့ Completion မေးခွန်းတွေအတွက် (၁၀) မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

No. 3 Answer All Questions (12) Marks လို့ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ a, b, c, d, e, f ရယ်လို့ ပုဒ်ခွဲငယ်(၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ် အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ No. 3 မှာ ANSWER ALL QUESTIONS ဆိုပြီး a to f (၆)ပုဒ် မေးထားတယ် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ Chapter အလိုက် မေးခွန်း ခွဲဝေမှုကတော့ a. ကို Chapter I to IV မှ (1) ပုဒ်၊ b. ကို Chapter V မှ (1) ပုဒ်၊ c. ကို Chapter VI မှ (1) ပုဒ်၊ d. ကို Chapter VII မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ (1) ပုဒ်၊ e. ကို Chapter IX မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ (1) ပုဒ်၊ f. ကို Chapter XI မှ (1) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (1) ပုဒ် တို့ဖြစ်တယ်။

ဒီ ၂ မှတ်တန်မေးခွန်းတို short question မေးတဲ့အခါ တိုက်ရိုက်သူ့ခေါင်းစဉ်နဲ့အတူ စာအုပ်ထဲကလည်း ထုတ်နုတ်ပြီး ဖြေခိုင်းတဲ့ မေးခွန်းမျိုးလည်းရှိတယ်။ ဥပမာ- Describe the ventricles in the brain of rabbit ဆိုရင် ventricles ဆိုတဲ့ခေါင်းစဉ်ပါတဲ့ စာကိုဖြေရမယ်။ ဒီလိုပဲ Describe briefly about peristalsis နဲ့ State the purpose of water acting as solvent တွေဟာ တိုက်ရိုက်မေးထားတာဖြစ်တယ်။ ဒါပေမယ့် Briefly state how the food is gathered in Paramecium လို့မေးခဲ့ရင်တော့ Feeding method in protozoan ခေါင်းစဉ်အောက်က စာထဲကနေထုတ်နုတ်ပြီး ဖြေရပါမယ်။ ဖြေရမယ့်အပိုင်းကတော့ Two bands of penniculus, fused cilia gather the food at the posterior end of the cytopharynx in a vacuole of water လို့ထုတ်နုတ်ပြီးဖြေရမယ်။ State how the food vacuole is formed in Paramecium ဆိုရင်လည်း အထက်ပါအဖြေအတိုင်းပဲ ဖြစ်တယ်။ ဒါကြောင့်မို့ အဖြေတစ်ခုတည်းရဲ့ မေးခွန်းတွေဟာ မေးခွန်းထုတ်တဲ့သူအပေါ် မူတည်ပြီး ကွဲသွားနိုင်ပါတယ်။ ဒါပေမယ့် အဓိပ္ပာယ်ကတော့ အတူတူပဲဖြစ်ပါတယ်။ အရေးကြီးတာကတော့ မဆိုင်တဲ့အဖြေကို မရေးမိဖို့ အဓိကပဲဖြစ်ပါတယ်။ အဲဒီလို မဖြစ်အောင် မေးခွန်းဟောင်းတွေကို လေ့လာစေချင်တယ်။

Question No. 4 (4) marks each မေးခွန်းကို Answer ANY FOUR QUESTIONS အနေနဲ့ a to e အထိ(၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ a. ကို Chapter I-IVမှ (၁) ပုဒ်၊ b. ကို Chapter V မှ (၁) ပုဒ်၊ c. ကို Chapter VI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VII မှ (၁) ပုဒ်၊ d. ကို Chapter VIII မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter IX မှ (၁) ပုဒ်၊ e. ကို Chapter X မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (၁) ပုဒ် တို့ဖြစ်တယ်။

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှုမပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှု ပေးထားပါတယ်။

Question No. 5 Long Question (8 marks each) ပေးထားတဲ့ အမျိုးအစားမှာ Answer ANY FOUR QUESTIONS ကိုဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတယ်။ Chapter VII နဲ့ သူ့ရဲ့ နောက်ပိုင်းအခန်းတွေရဲ့ မေးခွန်းတွေမှာ OR ခံထားတော့ ရွေးချယ်ပိုင်ခွင့်တွေ တော်တော်များများရှိပါတယ်။ မေးခွန်းမှာ Biology Text Book ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ a. ကို Chapter I-IV မှ (၁) ပုဒ်၊ b. ကို Chapter V မှ (၁) ပုဒ်၊ c. ကို Chapter VI မှ (၁) ပုဒ်၊ d.ကို Chapter VIIမှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter VIII မှ (၁) ပုဒ်၊ e. ကို Chapter IX မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter X မှ (၁) ပုဒ်၊ f. ကို Chapter XI မှ (၁) ပုဒ်၊ ၎င်းကို OR ခံပြီး Chapter XII မှ (၁) ပုဒ်မေးလေ့ရှိပါတယ်။ သို့သော် ဆက်စပ်မှုရှိသော အကြောင်းအရာများအတွက် သင်ကြားသော သင်ခန်းစာကို ဆက်စပ်၍ နားလည်စွမ်း ရှိ၊ မရှိကိုလည်း မေးလေ့ရှိကြောင်း မေးခွန်းဟောင်းများတွင် လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် သင်ရိုးကုန်ကျက်မှတ်ထားသော ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ကြားသော အကြောင်းအရာများကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်မည်ဖြစ်ပြီး မေးခွန်းများကိုလည်း ဆက်စပ်တွေးခေါ်ပြီး ဖြေဆိုနိုင်ကြမည်ဖြစ်ပါသည်။

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းပိုများတာ တွေ့ရပါလိမ့်မယ်။ အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်။

စာမျက်နှာ (၂) သို့ »»

»» စာမျက်နှာ (၁) မှ

မေးခွန်းနံပါတ် **1. True/False** နှင့် မေးခွန်းနံပါတ် **2. Completion** မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် အမှတ် (**i.** မှ **x.**) ကို အပေါ်မှအောက်သို့ လည်းကောင်း၊ ဆင့်ပွားမေးခွန်းငယ် **xi.** ကို **i.** ၏ ဘေးစာမျက်နှာအလယ်မှရေးပြီး အောက်သို့ဆက်တိုက် **xx.** ထိ အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။ ဒီလို ရေးခြင်းအားဖြင့် နံပါတ်မှားတပ်ခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။

ဒီလိုရေးချပြီးမှ Statement များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေဖြင့် သေချာသောအဖြေများကို သက်ဆိုင်ရာ နံပါတ်ရဲ့ဘေးမှာ ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကိုချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

Question No 3, 4 နှင့် 5 များမှာ (a, b, c, d, e, f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများဖြေဆိုတဲ့အခါ (a, b, c, d, e, f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကို အရင်ဆုံးစဖြေပါ။ အဖြေနံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန် လိုပါတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ အဲဒီလိုပဲ (a)ဖြေထား ပြီးရင်လည်း (c) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့ မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေး မမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State / Define / Explain / Describe / Clarify / Name / List / Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီးမေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းဘဲ သီးသန့်တပ်ခိုင်းတဲ့ မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့ မေးလေ့ရှိပြီး Provide labels to the given diagram and state လို့ မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပက်သက်ပြီးတော့လည်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့်အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labelled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာကြားလိုတာကတော့ မတွေဝေပါနဲ့၊ မလျှမ်းပါနဲ့၊ စာမရလွန်းတဲ့ ကလေးတွေက မှားဖြေတတ်သလို စာရလွန်းတဲ့ကလေးတွေကလည်း လျှမ်းတတ်တယ်။ ဥပမာ Epigyny, Perigyny, Hypogyny နှင့် Hypogeal နဲ့ Epigeal germination မှားတတ်သလို Aerobic နဲ့ Anaerobic Respiration, Lymphocyte နဲ့ Monocyte, Abscissin နဲ့ Ethylene စသည်တို့ ရောထွေးသွားတတ်တယ်။ သိပ္ပံအမည်များကို Grade 11 Biology စာအုပ်ထဲမှာ Itallic လို့ခေါ်တဲ့ (စာလုံးစောင်း) နဲ့ ရေးပေးထားတယ်။ အဲဒီစာလုံးတွေကို ဖြေတဲ့အခါ Underline လုပ်ပေးဖို့ လိုပါတယ်။ ဥပမာ ယုန်ရဲ့ သိပ္ပံအမည်ဖြစ်တဲ့ Lepus cuniculus ဖြေမယ်ဆိုရင်တော့ Underline လုပ်ပေးရပါမယ်။

စာမေးပွဲခန်းအတွင်းမှာ ကျောင်းသားများ ခုံနံပါတ်ကို (မြို့နယ်သင်္ကေတ အပါအဝင်) မှန်ကန်စွာနှင့် ပီပီပြင်ပြင် ရေးသားရန်လိုအပ်ပါသည်။ ကျောင်းသားအချို့သည် မေးခွန်းနံပါတ်များကို မှန်ကန်စွာတပ်ခြင်း မရှိသည့်အပြင် အချို့အဖြေလွှာများတွင် ၎င်းတို့ဖြေဆိုသော အဖြေ၏ နံပါတ်များရေးသားထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

စာဖြေရာတွင် တတ်နိုင်သမျှ မင်ကိုတစ်ရောင်တည်း၊ ဘောပင်အမျိုးအစား တစ်မျိုးတည်းသာ သုံးသင့်ပါသည်။ အခုဆွေးနွေးထားတာတွေကို လိုက်နာပြီး ကျက်မှတ်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များများရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာ သိကောင်းစရာဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

KMD
Computer Centre
Centre-II
20%
Discount

NELC
Nelson English Language Centre
Native Speaker
Pre-School (Age 3 to 5)
* Intro, Level - 1, 2, 3
* Listening /Speaking 1,2
* IELTS (Foundation)
Opening in January

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ်OBD-II (၂လ)သင်တန်း
Scan Tools
Engine Doctor Engineering

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများနှင့် ကွန်ကရစ်ဇလီဖားစက်ရုံများတွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ၊ မီးထိုးဆီ(ဖားပေါင်းဆီ)များအား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနများမှ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်နှင့် စက်ရုံများသို့ လစဉ်သယ်ယူလိုပါသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၇-၁-၂၀၁၄ရက်(တနင်္လာနေ့)၊ ၁၂:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊

ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၈၅၊ ၂၉၁၉၉၄

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ဖော်ပြပါ အကြမ်းဖက်မှု သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ၊ ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ကျူးလွန်ခံရသည့် အကြမ်းဖက်မှု၊

(ခ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော် အစိုးရအဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဂ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော သို့မဟုတ် ကျူးလွန်ရန် ရည်ရွယ်ချက်ရှိသော အကြမ်းဖက်သမား တစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာ ရောက်သော အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၊

(ဃ) ပြည်ပတွင် မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့် နိုင်ငံခြားသားကဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ယင်းတို့တစ်ဦးဦးအပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(င) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ်စက်ကိရိယာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်သို့မဟုတ် လေယာဉ်အပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်ပမှ စင်းလုံးငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် စက်တပ်ယာဉ် တစ်ခုခုပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်း နေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာ ပြည်ပနိုင်ငံ သို့မဟုတ် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်အပေါ် ခွင့်မပြုသည့်အခါ ထိုသူက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှုများ၊

(ဋ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ် နယ်နိမိတ်ကို ကျော်လွန်၍ ပင်လယ်ရေပြင်အတွင်းသို့ဖြစ်စေ၊ အဆိုပါရေပြင်မှဖြစ်စေ၊ အဆိုပါရေပြင်ကို ဖြတ်သန်းလျက် ဖြစ်စေ ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ယင်းသို့သွားလာရန် ခရီးစဉ်သတ်မှတ်ခုတ်မောင်းလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သော ပြစ်မှုများ၊

(ဌ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(ဍ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့်ပြုလုပ်မှုများ၊

(ဎ) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေရန် သော်လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန် သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(ဏ) အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများ၊

(တ) အကြမ်းဖက် အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်း အလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်းရန် ပြုလုပ်မှုများ၊

(ထ) အကြမ်းဖက်အုပ်စု ဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(ဒ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ သိလျက်နှင့် ခိုလှုံခွင့်ပေးရန်၊ ပုန်းအောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဝှက်ထားရန် ပြုလုပ်မှုများ၊

(ဓ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေး ပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(န) အကြမ်းဖက်မှုဟုနိုင်ငံတော်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာသော ပြစ်မှုများ၊

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အကြမ်းဖက်မှု**ဆိုရာတွင် အောက်ဖော်ပြပါပြုလုပ်မှုနှင့် ပြုလုပ်ရန် ပျက်ကွက်မှုများ ပါဝင်သည်-

(၁) **မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့အား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေအခန်း(၄) တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့အား ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုအသီးသီးကို ဆိုသည်။

(၂) **အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း(၅)တွင် ပြဋ္ဌာန်းထားသော သံတမန်ကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်သည့် ပြုလုပ်မှုအသီးသီး ကို ဆိုသည်။

(၃) **ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု** ဆိုသည်မှာ ဤဥပဒေ အခန်း(၆) တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြုလုပ်မှုအသီးသီးကို ဆိုသည်။

(၄) **နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံဆိုင်ရာပြစ်မှု** ဆိုသည်မှာ ဤဥပဒေ အခန်း(၇)တွင် ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယို သတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှုအသီးသီးကို ဆိုသည်။

(၅) **ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေ အခန်း(၈)တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုအသီးသီးကို ဆိုသည်။

(၆) **ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေမဲ့ပြုလုပ်မှု** ဆိုသည်မှာ ဤဥပဒေအခန်း (၉)တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက် သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေ ရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှုအသီးသီးကို ဆိုသည်။

(၇) **အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှု** ဆိုသည်မှာ ဤဥပဒေ အခန်း(၁၀) တွင် ပြဋ္ဌာန်းထားသော အမှတ်အသား ပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုအသီးသီးကို ဆိုသည်။

(၈) **အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုဆိုင်ရာပြစ်မှု** ဆိုသည်မှာ ဤဥပဒေ အခန်း(၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု နှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှုအသီးသီးကို ဆိုသည်။

(၉) **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု** ဆိုသည်မှာ ဤဥပဒေအခန်း(၁၂)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်မှုကို ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုနှင့်သက်ဆိုင်သည့်ပြစ်မှုအသီးသီး ကို ဆိုသည်။

(၁၀) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ် ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီး သော အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ကိုဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရ အဆောက်အအုံ နှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံး စေရန် ပြုလုပ်မှုများ၊

(၁၁) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ်စက်ကိရိယာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာ ရုံးများကိုလည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(၁၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါး သည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(၁၃) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင် ကို ဖြစ်စေ လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက် ပစ္စည်းများ သို့မဟုတ် နျူကလီးယား ဒြပ်ပစ္စည်းများကို ထုတ်လုပ် ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့် ပြုလုပ်မှုများ၊

(၁၄) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေရန် သော်လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည် ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရ မည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန် သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်း မရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(၁၅) အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ် မှုများ၊

(၁၆) အကြမ်းဖက် အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်း များ ဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်းအလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်းရန် ပြုလုပ်မှုများ၊

(၁၇) အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့်ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လှုပ်ရှား ဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(၁၈) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင် ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ သိလျက်နှင့် ခိုလှုံခွင့်ပေးရန်၊ ပုန်း အောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဝှက်ထားရန် ပြုလုပ်မှုများ၊

(၁၉) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင် ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေး ပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ် ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဂ) **ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံ** ဆိုသည်မှာ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး သို့မဟုတ် ထုတ်ယူအသုံးပြုရေးအတွက် ဖြစ်စေ၊ အခြားစီးပွားရေး အတွက် ဖြစ်စေ ရည်ရွယ်၍ ပင်လယ်ကြမ်းပြင်တွင် အခိုင်အမာတပ်ဆင် ဆောက်လုပ်ထားသော ဖန်တီးထားသည့် ကျွန်းအတု သို့မဟုတ် နေရာ အဆောက်အအုံကို ဆိုသည်။

(ဃ) **အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများ** ဆိုသည်မှာ အကြမ်းဖက်မှု ကျူးလွန် ရာမှ ရရှိသည့် အကျိုးအမြတ်များ၊ အကြမ်းဖက်မှုတစ်ရပ်ကို ကျူးလွန် ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံး ပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုက အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေး နှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်စု သို့မဟုတ် အဆိုပါအုပ်စု၏ကိုယ်စား အခြားသူတစ်ဦးတစ်ယောက်က ပိုင်ဆိုင်ထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ငွေကြေးနှင့် ပစ္စည်း များ၊ အကြမ်းဖက်အုပ်စုတစ်ခုအား ထောက်ပံ့ရန် သို့မဟုတ် အကြမ်း ဖက်မှုတစ်ခုအား ရန်ပုံငွေထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခဲ့ သည့် ငွေကြေးနှင့်ပစ္စည်းများနှင့် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများမှ ဆင့်ပွားဆင်းသက်လာသည့် ငွေကြေးနှင့်အကျိုးအမြတ်များကို ဆိုသည်။

(င) **လေယာဉ်ဝန်ဆောင်မှုပေးချိန်** ဆိုသည်မှာ မြေပြင်မှ လေယာဉ်မထွက်ခွာမီ အမှုထမ်းများ လေယာဉ်ပျံသန်းရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်း များ စတင်ဆောင်ရွက်ချိန်မှစ၍ လေယာဉ်ဆင်းသက်ပြီး ၂၄ နာရီ ကြာသည်အထိ ဝန်ဆောင်မှုပေးနေသော အချိန်ကာလကိုဆိုသည်။ ယင်းစကားရပ်တွင် လေယာဉ်ပျံသန်းချိန်တစ်လျှောက်လုံး ဝန်ဆောင်မှု ပေးနေသည့် အချိန်ကာလလည်း ပါဝင်သည်။

(စ) **အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ အများ ပြည်သူအကျိုးငှာ အများပြည်သူပိုင်အနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင် အနေဖြင့်ဖြစ်စေ အသုံးပြုသော၊ ရယူထားသော၊ ဖြည့်ဆည်းထောက်ပံ့ပေး သော သို့မဟုတ် ဖြန့်ဖြူးပေးသော ရေ၊ မိလ္လာ အညစ်အကြေး၊ စွမ်းအင်၊ လောင်စာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ တံတား၊ လေဆိပ် သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး စသည့် အသုံး အဆောင်ပစ္စည်းများကို ဆိုသည်။

(ဆ) **နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရ အဆောက်အအုံနှင့်၊ ယာဉ်စက် ကိရိယာ အသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ကိုယ်စား လှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေး အဖွဲ့ဝင်များ၊ နိုင်ငံတော်၏ အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် အခြား အစိုးရအာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများ သို့မဟုတ် အစိုးရ ဌာနချင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း များအတွက် ယင်းတို့၏ တရားဝင်တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သော အဆောက်အအုံ သို့မဟုတ် အသုံးပြုသောအသုံးအဆောင်ပစ္စည်းနှင့် ယာဉ်တို့ကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်** ဆိုသည်မှာ နိုင်ငံတော်အတွင်းသို့ ပြည်ပနိုင်ငံတစ်ခုခုမှ မည်သည့်အချိန်အခါ၌မဆို ရောက်ရှိနေသည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်-

(၁) သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏ အကြီး အကဲ၊ နိုင်ငံ၏အကြီးအကဲကဲ့သို့ လုပ်ငန်းတာဝန်များကို ဆောင် ရွက်သောအဖွဲ့၏ အဖွဲ့ဝင်၊ အစိုးရအဖွဲ့အကြီးအကဲ၊ နိုင်ငံခြား ရေးဝန်ကြီးနှင့် သံတမန်များ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ ပုဂ္ဂိုလ်နှင့်အတူလိုက်ပါသော ယင်းတို့၏ မိသားစု ဝင်များ၊

(၃) ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်ခန္ဓာကိုဖြစ်စေ၊ တရားဝင်ပရိဝုဏ်ကို ဖြစ်စေ၊ ကိုယ်ပိုင်နေထိုင်ရာ အဆောက်အအုံကိုဖြစ်စေ၊ ယင်း၏ ခရီးသွားလာသည့် ယာဉ်ကိုဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသည့်

စာမျက်နှာ (၄)သို့

စာမျက်နှာ (၃)မှ

အချိန်နှင့်နေရာတွင် ထိုပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာ၊ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ ထိုပုဂ္ဂိုလ်၏ အိမ်ထောင်စုဝင်များအပေါ်တွင် သော်လည်းကောင်း တိုက်ခိုက်ခံရမှုအား အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အထူးအကာအကွယ် ရထိုက်ခွင့်ရှိသော သံတမန်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားလှယ်၊ အရာရှိတစ်ဦးဦး သို့မဟုတ် အစိုးရချင်း ဖွဲ့စည်းထားသည့် သဏ္ဌာန်ရှိသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် အခြားကိုယ်စားလှယ်။

(ဈ) **ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်** ဆိုသည်မှာ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်တို့ကို ဆိုသည်။

(ည) **ဇီဝလက်နက်များ** ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာ တစ်မျိုးမျိုးကို ဆိုသည်-

(၁) ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးအတွက်ဖြစ်စေ၊ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ဖြစ်စေ၊ အခြားငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ မှန်ကန်ကြောင်း ထင်ရှားပြသမှုမရှိဘဲ မူလအနေအထား သို့မဟုတ် ထုတ်လုပ်မှုနည်းလမ်းအရ မည်သည့်ပုံသဏ္ဌာန်၊ မည်သည့်အရေအတွက်မဆိုရှိသည့် အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်းနှင့် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ၊

(၂) ရန်လိုသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများအတွက်ဖြစ်စေ အဆိုပါ အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ အသုံးပြုရန် ဒီဇိုင်းပုံစံရေးဆွဲပြုလုပ်ထားသော လက်နက်များ၊ ပစ္စည်းကိရိယာများ သို့မဟုတ် သယ်ဆောင်သည့်ပစ္စည်းများ။

(ဋ) **ဓာတုလက်နက်** ဆိုသည်မှာ အောက်ပါ အဆိပ်အတောက်ဓာတုပစ္စည်းများ၊ လက်နက်ပစ္စည်းကိရိယာများ အတူတကွရှိသည်ဖြစ်စေ၊ တစ်သီးတခြားစီ ရှိသည်ဖြစ်စေ ယင်းဓာတုလက်နက်ပစ္စည်းများကို ဆိုသည်-

(၁) စက်မှု၊ စိုက်ပျိုးရေး၊ သုတေသန၊ ဆေးဝါးဆိုင်ရာ သို့မဟုတ် အခြားငြိမ်းချမ်းစွာ အသုံးချရေးအတွက်သော်လည်းကောင်း၊ အဆိပ်အတောက် ဓာတုပစ္စည်းများနှင့်ဓာတုလက်နက်များအား တိုက်ရိုက်ကာကွယ်ရေးအတွက် သော်လည်းကောင်း၊ ဓာတု အဆိပ်အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့် စစ်ရေးကိစ္စများအတွက်သော်လည်းကောင်း၊ ပြည်တွင်း ဆူပူအုံကြွမှုများအား နှိမ်နင်းရေးအတွက်သော်လည်းကောင်း မရည်ရွယ်သည့် အဆိပ်အတောက်ဓာတုပစ္စည်းများ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ အဆိပ်အတောက်ဓာတုပစ္စည်းများဖြင့် လူကိုသေစေရန် သို့မဟုတ် ဘေးဥပဒ်ဖြစ်စေရန် အထူးစီမံထုတ်လုပ်ထားသည့် လက်နက်ပစ္စည်းများနှင့် ကိရိယာများ၊

(၃) ပုဒ်မခွဲငယ်(၂)ပါ လက်နက်ပစ္စည်းများ၊ ကိရိယာများကို တိုက်ရိုက်အသုံးပြုရေးအတွက် အထူးစီမံထုတ်လုပ်ထားသည့် အခြားပစ္စည်းကိရိယာများ။

(ဌ) **နျူကလီးယားဒြပ်ပစ္စည်း**ဟု ဆိုရာတွင် ပလူတိုနီယံ-၂၃၈ တွင် အိုင်ဆိုတုပ် စုစည်းပါဝင်မှု ၈၀% ထက် ကျော်လွန်မှုမရှိသော ပလူတိုနီယံ၊ ယူရေနီယံ-၂၃၃၊ ယူရေနီယံအိုင်ဆိုတုပ်-၂၃၃ သို့မဟုတ် ၂၃၅ တို့အား ပါဝင်ကိန်းမြှင့်တင်ထားသော ယူရေနီယံ၊ သတ္တုရိုင်း သို့မဟုတ် ကြွင်းကျန်သတ္တုရိုင်းမှအပ သဘာဝအလျောက်ဖြစ်ပွားလာသည့် ယူရေနီယံပါဝင်သည့် အိုင်ဆိုတုပ်အရောများ၊ ဖော်ပြပါဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ပါဝင်သော မည်သည့် ဒြပ်ပစ္စည်းများကိုမဆို ဆိုသည်။

(ဍ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့် ရုတ်ခြည်းပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယပ်များပါဝင်သည့် ရေဒီယိုသတ္တိကြွအရာဝတ္ထုများ (ယင်းဖြစ်စဉ်တွင် တစ်ခု သို့မဟုတ် တစ်ခုထက်မကပိုသော အိုင်းယွန်းဖြစ် ဓာတ်ရောင်ခြည် - အယ်လဖာ၊ ဘီတာ၊ နယူထရွန်အမှုန်နှင့် ဂမ္မာရောင်ခြည်များ ထွက်ရှိပြီး) နှင့် ၎င်းတို့၏ ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲကြေနိုင်သောဂုဏ်သတ္တိများကြောင့် သေဆုံးစေနိုင်ခြင်း၊ ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်းဖြစ်စေနိုင်သောပစ္စည်းများကို ဆိုသည်။

(ဎ) **နျူကလီးယားအဆောက်အအုံ**ဟု ဆိုရာတွင်-

(၁) ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် သို့မဟုတ် အာကာသယာဉ် တစ်မျိုးမျိုးပေါ်တွင် အဆိုပါယာဉ်များ ရွေ့လျားနိုင်ရေးအတွက် စွမ်းအင် ပင်ရင်းအဖြစ်အသုံးပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် အသုံးချရန် တပ်ဆင်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုအပါအဝင် မည်သည့်နျူကလီးယားဓာတ်ပေါင်းဖိုကို မဆို။

(၂) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်ဆင့် ပြုပြင်စီရင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းတို့အတွက် အသုံးပြုသည့် မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ အဆောက်အအုံကို မဆို။

(၃) နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့် မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ အဆောက်အအုံကိုမဆို ဆိုသည်။ ယင်းအဆောက်အအုံကို ပျက်စီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်စေပါက သိသာများပြားသော ပမာဏရှိသည့် ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယို သတ္တိကြွဒြပ်ပစ္စည်းများ ထွက်ရှိ ထုတ်လွှတ်စေနိုင်သည်။

(ဏ) **အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှု** ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဎ)(၁)ပါ နျူကလီးယားအဆောက်အအုံကိုဖြစ်စေ၊ မည်သို့သော နည်းလမ်းဖြင့်မဆို စတင်တင်ပို့ရာနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ ပို့ဆောင်ရန်အလို့ငှာ ထိုနိုင်ငံမှ ကုန်တင်ပို့သူ၏ အဆောက်အအုံတစ်ခုခုမှ ထွက်ခွာမှုဖြင့် စတင်ပြီး အဆုံးသတ်အသုံးချမည့်နိုင်ငံရှိ ကုန်လက်ခံသူ၏ အဆောက်အအုံတစ်ခုခုသို့ ရောက်ရှိမှုဖြင့် အဆုံးသတ်ခြင်းကို ဆိုသည်။

(တ) **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း** ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာ တစ်ခုခုကို ဆိုသည်-

(၁) သူတစ်ဦးဦးအားသေစေရန် သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိစေရန် သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ထိထိရောက်ရောက် ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲတတ်သော သို့မဟုတ် မီးလောင်စေတတ်သော လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊

(၂) အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ အဏုမြူဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ထုတ်လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေရန် သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ထိထိရောက်ရောက် ပျက်စီးဆုံးရှုံးစေရန် သော်လည်းကောင်း ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။

(ထ) **ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်း** ဆိုသည်မှာ ပျော့ပျောင်းသော သို့မဟုတ် ဆွဲဆန့်လျှင် ရှုန်းတတ်သော အချပ်အပြားပုံသဏ္ဌာန်ရှိသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ် ဝတ္ထုပစ္စည်းများအား စုံစမ်းထောက်လှမ်း ရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဖြစ်သည်ဟု သတ်မှတ်သော အခြားအရာဝတ္ထုပစ္စည်း တစ်ခုခုလည်း ပါဝင်သည်။

(ဒ) **သင်္ဘော** ဆိုသည်မှာ စွမ်းအင်တစ်မျိုးမျိုးဖြင့် မောင်းနှင်သောရေယာဉ်၊ ရေအောက်ငုပ်လျှိုးမောင်းနှင်နိုင်သော ရေယာဉ် သို့မဟုတ် ရေပြင်ပေါ်တွင် ရွေ့လျားသွားလာနိုင်သော အခြားရေယာဉ်တစ်မျိုးမျိုး အပါအဝင် ပင်လယ်ကြမ်းပြင်နှင့် အမြဲစွဲကပ်ထားခြင်းမရှိသော မည်သည့်ရေယာဉ်မျိုးကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ရွေ့လျားနိုင်သော ကမ်းလွန်သယံဇာတ တူးဖော်ရေးစင်နှင့် ရှပ်ပြေးအမြန်ယာဉ်များ ပါဝင်သည်။

(ဓ) **အကြမ်းဖက်သမား** ဆိုသည်မှာ ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါအဖြစ်ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကို သော်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကို သော်လည်းကောင်း ဆိုသည်။

(န) **အကြမ်းဖက်အုပ်စု** ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုကိုကျူးလွန်ရန် ရုတ်ခြည်း အလျဉ်းသင့်သလို ဖွဲ့စည်းထားသည့် သဏ္ဌာန်မျိုးမဟုတ်ဘဲ အကြမ်းဖက်မှု ကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ လူနှစ်ဦးနှင့်အထက် ပါဝင်လျက် သတ်သတ်မှတ်မှတ် ဖွဲ့စည်းတည်ထောင်ထားပြီး အဖွဲ့ဝင်များ၏အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံကို နည်းလမ်းတကျ သတ်မှတ်ထားခြင်း မရှိသောအုပ်စု သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။

(ပ) **လှုံ့ဆော်မှု** ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်စေမည့် အကြမ်းဖက်မှုတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ကျူးလွန်ရေးအတွက် လှုံ့ဆော်ရန် ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်ကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဖြန့်ဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြားမြင်သိရှိစေခြင်းကို ဆိုသည်။

(ဖ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

(ဗ) **အများပြည်သူ အသုံးပြုသည့်နေရာ** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစိုးရဆိုင်ရာ ကိစ္စ၊ ဖျော်ဖြေမှု၊ အပန်းဖြေမှု စသည့်ကိစ္စများအတွက် အချိန်ကာလအပိုင်းအခြားတစ်ခုခုအတွက်ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ၊ အချိန်တစ်ဆက်တည်းဖြစ်စေ အများပြည်သူဝင်ထွက်ခွင့်၊ အသုံးပြုခွင့်ရှိသော အဆောက်အအုံ၊ မြေနေရာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်း သို့မဟုတ် အလားတူ အခြားနေရာ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဘ) **ရန်ပုံငွေ** ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ တစ်နည်းနည်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ ငွေရေး ကြေးရေးပိုင်ဆိုင်မှုများနှင့် စီးပွားရေးအရင်းအမြစ်များ၊

(၂) ဘဏ်အပ်နှံငွေများ၊ ခရီးသွားချက်လက်မှတ်များ၊ ဘဏ်ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အစုရှယ်ယာများ၊ ငွေချေး သက်သေခံလက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ဘဏ်ငွေလွှဲလွှာများနှင့် ငွေထုတ်ပေးခွင့်စာများ အပါအဝင် မည်သည့် အီလက်ထရွန်နစ် သို့မဟုတ် ဒစ်ဂျစ်တယ် နည်းလမ်းဖြင့်မဆို ရှိသည့် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးအမြတ်များအတွက် အထောက်အထားဖြစ်သော တရားဝင်စာတမ်းအမှတ်အသားများ သို့မဟုတ် စာချုပ်စာတမ်းများ။

(မ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ယ) **တပ်ဖွဲ့ဝင်များ** ဆိုသည်မှာ အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်း သိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် အရေးယူရေးတို့အတွက် ဤဥပဒေအရ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့များ၏ အရာရှိများအပါအဝင် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လူသားတို့၏ အသက်နှင့်ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း အကြမ်းဖက်မှုကျူးလွန်ခြင်းအား တားဆီးကာကွယ်ရန်၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နည်းလမ်းမျိုးစုံ အသုံးပြု၍ အကြမ်းဖက်မှုကျူးလွန်ခြင်းမှ ကာကွယ်ရန်၊

(ဂ) အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများ၊ ယင်းတို့၏ လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား ဖော်ထုတ်၍ ကာကွယ်တားဆီးအရေးယူရန်၊

(ဃ) အကြမ်းဖက်မှုများအား ကာကွယ်ရေးနှင့်တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အာဆီယံ ကွန်ဗင်းရှင်းတို့နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်။

အခန်း (၃)
ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များ ချမှတ်ခြင်း၊

(ခ) လိုအပ်သော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန အဖွဲ့အစည်းများအား ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုအား အကြမ်းဖက်အုပ်စုအဖြစ် လည်းကောင်း၊သူတစ်ဦးဦးအားအကြမ်းဖက်သမားအဖြစ် လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေ အခန်း(၁၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေ အခန်း(၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများအား အပြန်အလှန် လွှဲပြောင်းပေးရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဇ) ဤဥပဒေအခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေအား စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊

(ဈ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရာတွင်ပါဝင်ပြီး ရဲရဲရင့်ရင့် ရှုပ်ရှုပ်ချွံချွံထိရောက်စွာ တားဆီးနှိမ်နင်းသည့်တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ည) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဋ) ပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာသည့်အခါ ယင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဌ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ အထက်အပိုဒ်(ဋ)ပါ ပစ္စည်းနှင့်ရန်ပုံငွေများအပေါ် ထိန်းချုပ်

စာမျက်နှာ (၅)သို့

စာမျက်နှာ (၄)မှ

ခြင်းအမိန့်အား ပယ်ဖျက်ခြင်း၊

(ဍ) သဘောရိုးဖြင့် ဆောင်ရွက်ပေးသော အမှန်တကယ်ကြားလူ၏အကျိုးစီးပွားကို မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(ဎ) အထက်အပိုဒ် (ဋ) မှ (ဍ) ထိ လုပ်ငန်းစဉ်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်၍ တာဝန်ယူဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှုကို လမ်းညွှန်ကွပ်ကဲခြင်း၊

(ဏ) အကြမ်းဖက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ငွေကြေး ထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများအား အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေး ထောက်ပံ့ရာလမ်းကြောင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမပြုနိုင်စေရန် လိုအပ်သောလမ်းညွှန်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(တ) အကြမ်းဖက်မှုအား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများ၊ အစိုးရဌာန အဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(ထ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း (၄)
မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး

၇။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ အောက်ပါတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့အား ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုဖြစ်သည်-

(က) သူတစ်ဦးဦးက လေယာဉ်ပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို ဆန့်ကျင် ဖောက်ဖျက်ကျူးလွန်မှု၊

(ခ) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေတန်ရာအောင် လေယာဉ်ပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် အတင်းအဓမ္မပြုလုပ်မှု၊

(ဃ) လေယာဉ်ပေါ်ရှိ ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ သို့မဟုတ် ပစ္စည်းများကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(င) လေယာဉ်ပေါ်တွင် အစီအစဉ်တကျရှိမှုနှင့် စည်းကမ်းသေဝပ်မှုကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(စ) လေယာဉ်ပေါ်တွင် လိုက်ပါသူက လေယာဉ်မှူးအား အင်အားသုံး၍ဖြစ်စေ၊ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်၍ ဖြစ်စေ လေယာဉ်ပျံသန်းမောင်းနှင်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ အတင်းအဓမ္မ ဖမ်းဆီးမှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ဥပဒေနှင့်မညီဘဲ ကြီးကြပ်ထိန်းကျောင်း မောင်းနှင်ပျံသန်းစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ (စ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခု ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၈။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို တမင်ပြုလုပ်လျှင် လေယာဉ်ကို ဥပဒေမဲ့ သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်ရာ ရောက်သည်-

(က) အတင်းအဓမ္မ အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မတိုက်တွန်း၍ဖြစ်စေ၊ အခြားသောနည်းလမ်းတစ်ခုခုဖြင့် ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လှန့်၍ဖြစ်စေ၊ အခြားခေတ်မီနည်းပညာတစ်ခုခုဖြင့်ဖြစ်စေ လေယာဉ်ကိုသိမ်းပိုက်မှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ပျံသန်းမှုကို ထိန်းချုပ်မှု၊

(ခ) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန် သော်လည်းကောင်း၊ ပစ္စည်းကိုဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိသော လေယာဉ်ကို အသုံးပြုမှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်အား ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကျူးလွန်ရန် ခြိမ်းခြောက်မှု သို့မဟုတ် အခြေအနေအရ ယုံကြည်ရသည့် ထိုခြိမ်းခြောက်မှုကို သူတစ်ဦးဦးအား လက်ခံစေမှု၊

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံ ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ သို့မဟုတ် နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရ အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည့် သို့မဟုတ် ထိုသို့ဖြစ်စေတန်ရာနိုင်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် အလားတူ ကိရိယာ သို့မဟုတ် အရာဝတ္ထုဖြင့် လေယာဉ်ကို ထိခိုက်ပျက်စီးစေမှု၊ ထိုလေယာဉ်ပေါ်တွင် အသုံးပြုမှု သို့မဟုတ် ထိုကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ပေါ်မှ စွန့်ပစ်မှု သို့မဟုတ် ပစ်ချမှု၊

(င) ပုဒ်မခွဲ (ဃ) ပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ထိုပစ္စည်းများ ထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုရာတွင် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဝဲများ သို့မဟုတ် အလားတူကိရိယာ သို့မဟုတ် အရာဝတ္ထုကိုလေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှု၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော ဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၉။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုဖြစ်သည်-

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေတန်ရာအောင် လေယာဉ်ပေါ်ရှိသူတစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊

(ခ) လေယာဉ်ကိုပျက်စီးစေရန်သော်လည်းကောင်း၊ လေယာဉ်ကို ပျံသန်းခြင်းမပြုနိုင်စေရန် သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ်ဘေးအန္တရာယ်ဖြစ်ပေါ် စေတန်ရာအောင် သော်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့် လေယာဉ်အား ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ချထားမှု သို့မဟုတ် ထားရှိစေမှု၊

(ဂ) လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေး အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန်လုပ်ငန်း ဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဃ) လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်ပေးပို့မှု၊

(င) ပုဒ်မခွဲ (က) မှ (ဃ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၁၀။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ပြုလုပ်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်သည့် ပြစ်မှုဖြစ်သည်-

(က) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသူတစ်ဦးဦးအား အပြင်းအထန် နာကျင်စေခြင်း သို့မဟုတ် သေဆုံးစေခြင်းကိုဖြစ်စေ၊ ယင်းသို့ ဖြစ်စေတန်ရာသော အတင်းအဓမ္မပြုလုပ်မှု တစ်ခုခုကိုဖြစ်စေ လုပ်ဆောင်မှု၊

(ခ) လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ ဖြစ်ပေါ်စေတန်ရာအောင် သော်လည်းကောင်း မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေကြောင်းပျံသန်းရေးဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို သော်လည်းကောင်း၊ လေဆိပ်တွင်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းမလုပ်ကိုင်ဘဲ ရပ်နားနေသော လေယာဉ်ကိုသော်လည်းကောင်း ဖျက်ဆီးမှု သို့မဟုတ် လေဆိပ်ဝန်ဆောင်မှုများကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဂ) ပျံသန်းနေသောလေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် မြို့ပြလေကြောင်းပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုပေးနေသော လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ ဝန်ဆောင်မှုပေးသူတစ်ဦးဦးအား ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုကို မပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအကျပ် ပြုလုပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်လုပ်ဆောင်မှု။

လေယာဉ်မှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၁။ နိုင်ငံတော်၏လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသွားသည့် လေယာဉ် သို့မဟုတ် နိုင်ငံတော်၏လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်ခဲ့သည်ဟုသော်လည်းကောင်း သို့မဟုတ် ကျူးလွန်တော့မည်ဟုသော် လည်းကောင်း ယုံကြည်ရပြီး လေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူများ၊ ပစ္စည်းများအား ဘေးအန္တရာယ်မဖြစ်စေရန် ကာကွယ်ရေးအတွက်လည်းကောင်း၊ လေယာဉ်ပေါ်တွင် စည်းကမ်းထိန်းသိမ်းရေးအတွက် လည်းကောင်း ချက်ချင်းအရေးပေါ် ဆောင်ရွက်ရန် လိုအပ်သည့်အခါ-

(က) ထိုကျူးလွန်သူအား ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာန ဆိုင်ရာ တာဝန်ရှိသူထံသို့ အပ်နှံရန်ဖြစ်စေ၊ လေယာဉ်ပေါ်မှ ဆင်းစေရန် ဖြစ်စေ ထိုသူကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ယင်းသို့ ဖမ်းဆီးထိန်းသိမ်းရေး အတွက် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ၏ အကူအညီကို ရယူခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းစေရန် အခွင့်အာဏာပေးခြင်း အပါအဝင် အခြားသင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုနိုင်သည်။

(ခ) ဥပဒေနှင့်မညီဘဲ သိမ်းပိုက်ခံရသည့် လေယာဉ်အား နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံ တစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့မဆင်းသက်မီ လေယာဉ်ပေါ်ရှိ အခြေအနေ အရပ်ရပ်အား မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းအကြောင်းကြားရမည်။

၁၂။ (က) နိုင်ငံတော်၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် ပုဒ်မ ၁၁ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်တွင်ဖြစ်စေ၊ အခြား နိုင်ငံတစ်ခုတွင်ဖြစ်စေ မှတ်ပုံတင်ထားသည့်လေယာဉ်၏ လေယာဉ်မှူးကို ထိုဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လေယာဉ်ပေါ်မှဆင်းစေရန် ခွင့်ပြုရမည်။

(ခ) လေယာဉ်မှူးသည် နိုင်ငံတော်၏ လေဆိပ်သို့ဖြစ်စေ၊ အခြားနိုင်ငံ တစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့ဖြစ်စေ လေယာဉ်ဆင်းသက်ပြီးသည့်အခါ ဤအခန်းပါ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာန ဆိုင်ရာ တာဝန်ရှိသူထံသို့ သက်သေခံအထောက်အထားများနှင့်အတူ ဖြစ်နိုင်သမျှ ဆောလျင်စွာ လွှဲအပ်နိုင်သည်။

(ဂ) ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူသည် ပုဒ်မခွဲ(ဂ)အရ လွှဲအပ်ပေးသောဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လက်ခံပြီးနောက် ဤဥပဒေအခန်း(၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်အရဆောင်ရွက်ရသောပုဂ္ဂိုလ်များက လိုအပ်သလို အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်များအား ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၃။ လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့်ပြစ်မှု ကျူးလွန်ခဲ့ပြီးဖြစ်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း ရရှိသည့် သတင်းအချက်အလက်မှာ ယုံကြည်ရသော အထောက်အထားရှိသည့်အခါ ဗဟိုအဖွဲ့ကဖြစ်စေ၊ ဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတို့ကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်-

(က) လေယာဉ်ကို အန္တရာယ်ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ လေယာဉ်မှူးက ပြန်လည်ကြီးကြပ်ထိန်းကျောင်း၍ မောင်းနှင်နိုင်ရေး၊

(ခ) လေယာဉ်မှူးက နိုင်ငံတော်၏ လေဆိပ်တစ်ခုခုတွင် ဆင်းသက်ခွင့်တောင်းခြင်း၊ ထိုလေယာဉ်ပေါ်မှ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား ဆင်းစေပြီး လွှဲပြောင်းအပ်နှံခြင်းတို့ကို လက်ခံခွင့်ပြုရေး၊

(ဂ) လေယာဉ်ကိုဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးထိန်းသိမ်းရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးရေး၊

(ဃ) လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ ယင်းတို့၏ လိုရာခရီးသို့ ဆက်လက် ထွက်ခွာနိုင်ရေး။

၁၄။ ဤအခန်းပါ လေယာဉ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် တပ်မတော်၊ စစ်ရေးစစ်ရာကိစ္စ၊ အကောက်ခွန်နှင့် ရဲတပ်ဖွဲ့တို့၏ လုပ်ငန်းများတွင် အသုံးပြုသော လေယာဉ်များနှင့် မသက်ဆိုင်စေရ။

အခန်း (၅)
အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများအား တားဆီးနှိမ်နင်းရေး

၁၅။ မည်သူမဆို အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်အပေါ် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် ပြစ်မှုဖြစ်သည်-

(က) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အပေါ် လူသတ်မှု၊ လူပြန်ပေးမှု သို့မဟုတ် ယင်း၏ခန္ဓာကိုယ်ကို အခြားနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် လွတ်လပ်ခွင့်ကို ထိခိုက်နစ်နာစေမှု၊

(ခ) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကို ဖြစ်စေ၊ လွတ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေအောင် ယင်း၏ တရားဝင် ပရိဝုဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့်ယာဉ်ကို ပြင်းထန်စွာ ထိခိုက်နစ်နာစေမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၁၆။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအပေါ် အကြမ်းဖက်ကျူးလွန်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၆)
ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများအား တားဆီးနှိမ်နင်းရေး

၁၇။ မည်သူမဆို-

(က) သူတစ်ဦးအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြု၍ အခြားသူတစ်ဦးက ဖြစ်စေ၊ နိုင်ငံတော်ကဖြစ်စေ၊ အစိုးရချင်းဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့က ဖြစ်စေ၊ လူတစ်စုကဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန် တောင်းဆိုပြီး ယင်းတောင်းဆိုချက်ကို ငြင်းပယ်လျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားသူကို သေစေမည်၊ အပြင်းအထန် နာကျင်စေမည် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားမည်ဟု သော်လည်းကောင်း၊ ထိုတောင်းဆိုချက်ကို ငြင်းပယ်ခြင်း မပြုပါက ဓားစာခံအဖြစ် ထိန်းသိမ်းထားသူကို ပြန်လွှတ်ပေးမည်ဟု သော်လည်းကောင်း စည်းကမ်းချက်ထား၍ ခြိမ်းခြောက်မှုပြုလျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်ရာ ရောက်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေး ကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင် ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှု ကျူးလွန်ရာရောက်သည်။

၁၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်း ဖက်ကျူးလွန်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၇)
နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များအား တားဆီးနှိမ်နင်းရေး

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်ဆိုင်ရာ ပြစ်မှုများ ဖြစ်သည်-

(က) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်သော် လည်းကောင်း၊ သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရစေရန် သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေအောင် သို့မဟုတ် ထိုသို့တစ်စုံတစ်ရာ ဖြစ်စေတန်ရာအောင် သော်လည်းကောင်း နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက် များကို တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊

စာမျက်နှာ (၆)သို့

စာမျက်နှာ (၅)မှ

ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှု၊

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ခိုးယူမှု သို့မဟုတ် လုယက်မှု၊

(ဂ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို အလွဲသုံးစားပြုမှု၊

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တုပလိမ်လည်မှု၊

(င) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှု၊

(စ) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်အလို့ငှာ ပုဒ်မခွဲ (က) မှ (ဃ) အထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဆ) ခြိမ်းခြောက်၍ ဖြစ်စေ၊ အတင်းအဓမ္မအင်အားအသုံးပြု၍ ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ခြိမ်းခြောက်၍ဖြစ်စေ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို တောင်းဆိုမှု၊

(ဇ) ပုဒ်မခွဲ (က) မှ (ဆ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် နျူကလီးယား အဆောက်အအုံဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) နိုင်ငံတော်၏ နယ်နိမိတ်အတွင်းရှိ နျူကလီးယားအဆောက်အအုံကို တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်းမပြုဘဲ သူတစ်ဦးဦးကို သေစေရန်၊ ပြင်းထန်စွာဒဏ်ရာရစေရန်၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့တစ်စုံတစ်ရာ ဖြစ်စေတန်ရာအောင် ရည်ရွယ်၍သော်လည်းကောင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား သိလျက်နှင့် ထုတ်လွှတ်ခြင်း သို့မဟုတ် ထုတ်လွှင့်စေခြင်းဖြင့် နျူကလီးယားအဆောက်အအုံများကို ဖြစ်စေ၊ ယင်းအဆောက်အအုံများ၏ လည်ပတ်ဆောင်ရွက်မှုများကို ဖြစ်စေ ထိခိုက်စေသည့် ညွှန်ကြားမှု၊

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဂ) ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မ အင်အားအသုံးပြု၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ကြောက်ရွံ့အောင် ခြိမ်းခြောက်၍ဖြစ်စေ နျူကလီးယား အဆောက်အအုံကို တောင်းဆိုမှု၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၁။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် သီးခြားသတ်မှတ်ထားသည့် ပလူတိုနီယံအပါအဝင် နျူကလီးယားဒြပ်ပစ္စည်းများနှင့် နည်းပညာတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားသိုခြင်း၊ ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့်သတ်မှတ်၍ လိုအပ်သောအစီအမံများချမှတ်ပြီး ယင်းလုံခြုံမှုအစီအမံများနှင့်အညီဖြစ်စေရန် ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းချုပ်ရမည်။

၂၂။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှု ပြုနေစဉ်ကာလအတွင်း ပုဒ်မ ၂၁ အရ သတ်မှတ်ထားသော အမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှုအစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှအာမခံချက်များ မရရှိလျှင် နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယား အဆောက်အအုံများကို-

(က) ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ခ) ပြည်ပမှတင်သွင်းရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကို သော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်မှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

၂၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် တမင်ကျူးလွန်လျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံကို ပုဒ်မ ၂၁ အရ သတ်မှတ်သည့် ဘေးကင်းလုံခြုံမှုအစီအစဉ်များနှင့် မကိုက်ညီဘဲ ပြည်တွင်းသို့ တင်သွင်းမှု၊ ပြည်ပသို့ တင်ပို့မှု၊ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်မှု၊ နိုင်ငံတော်ကိုဖြတ်သန်း၍ သို့မဟုတ် နိုင်ငံတော်မှတစ်ဆင့် သယ်ယူပို့ဆောင်မှု၊

(ခ) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အဏုမြူအန္တရာယ် တိုးမြင့်ကာကွယ်ထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် မဟုတ်ဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကို လည်းကောင်း၊ နျူကလီးယား ဆိုင်ရာ နည်းပညာကိုလည်းကောင်း လွှဲပြောင်းပေးမှု။

၂၄။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) သူတစ်ဦးဦးကို သေဆုံးစေရန် သို့မဟုတ် အပြင်းအထန် ဒဏ်ရာရစေရန် သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာအောင် သော် လည်းကောင်း ရည်ရွယ်၍-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာကိုအသုံးပြု၍ တစ်နည်းနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုမှု၊ လက်ဝယ်ထားမှု သို့မဟုတ် ပြုလုပ်မှု၊

(၂) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ နျူကလီးယားအဆောက်အအုံကို အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လွှင့်မှု သို့မဟုတ် အဏုမြူဓာတ်ရောင်ခြည်များပျံ့လွင့်စေမှု၊

(ခ) သူတစ်ဦးကိုဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဖြစ်စေ၊ နိုင်ငံတော်ကို ဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သောဆောင်ရွက်မှုကို မပြုနိုင်စေရန် အတင်းအဓမ္မပြုလုပ်၍ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ နျူကလီးယားအဆောက်အအုံကို အသုံးပြုမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါ အဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၅။ (က) သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ နျူကလီးယား သယ်ယူပို့ဆောင်မှုပြုရာတွင် အောက်ပါကိစ္စရပ်များအတွက် ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အဖွဲ့အစည်းမှ တစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်ရမည်-

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယား အဆောက်အအုံများအား လုံခြုံမှုအစီအမံများနှင့် စနစ်များထားရှိရေး နှင့် အကာအကွယ်ပေးရေး၊

(၂) နျူကလီးယား ဒြပ်ပစ္စည်းဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန်နှင့် နျူကလီးယား အဆောက်အအုံများအား နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှုအစီအမံများ ပြုလုပ်ရေး၊

(၃) အကယ်၍ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက ရေဒီယိုသတ္တိကြွမှုများ လျော့နည်းနိုင်သမျှလျော့နည်းစေရန် စီမံထားရှိရေး၊

(၄) နျူကလီးယားဒြပ် ပစ္စည်းတစ်မျိုးမျိုး ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ထိုပစ္စည်းကို ပြန်လည်ရရှိရေး။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို လည်းကောင်း၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ ရရှိသော သတင်းအချက်အလက်များကိုလည်းကောင်း၊ ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှားဆောင်ရွက်မှုများကို လည်းကောင်း လုံခြုံမှုအဆင့်အတန်း သတ်မှတ် ထိန်းသိမ်းဆောင်ရွက်ရမည်။

၂၆။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည်-

(က) ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယားဒြပ်ပစ္စည်းများ နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများကို အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းတို့အပေါ်တွင်လည်း သက်ရောက်သည်။

(ခ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အသုံးပြုသည့် နျူကလီးယား ဒြပ်ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယား အဆောက်အအုံကိုဖြစ်စေ အတင်းအဓမ္မအင်အားသုံး၍ အသုံးပြုခြင်းကို လည်းကောင်း၊ ထိုသို့အသုံးပြုရန် ခြိမ်းခြောက်ခြင်းကိုလည်းကောင်း ဥပဒေ နှင့်အညီခွင့်ပြုသည်ဟု အဓိပ္ပာယ်မကောက်ယူရ။

(ဂ) ငြိမ်းချမ်းရေး ရည်ရွယ်ချက်အတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း နှင့်အညီ တိုးမြှင့်ကာကွယ်ထိန်းသိမ်းရေးအလို့ငှာ နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယား အဆောက်အအုံများနှင့် နျူကလီးယားနည်းပညာလွှဲပြောင်းခြင်းကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယားအဆောက်အအုံများကို ပြည်တွင်းရှိနေရာ တစ်ခုခုမှ နိုင်ငံတကာရေပြင် သို့မဟုတ် လေထုကိုဖြတ်သန်း၍ ပြည်တွင်းရှိ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဝင်ထွက်ပေါက် သို့မဟုတ် အခြားနေရာ တစ်ခုခုသို့ ကုန်းလမ်း၊ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်း ဖြင့်ဖြစ်စေ ထိုဆိပ်ကမ်း၊ လေဆိပ်၊ ဂိတ် သို့မဟုတ် အခြားနေရာတစ်ခုခုမှ တစ်ဆင့်ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းအပေါ်တွင်လည်း သက်ရောက် သည်။

(င) အပြည်ပြည်ဆိုင်ရာဥပဒေ အထူးသဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင်ပါရှိသော နိုင်ငံအသီးသီးနှင့် ပုဂ္ဂလိကတို့၏ အခွင့် အရေးများနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

(စ) လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေစဉ်အတောအတွင်း နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့်အညီ စစ်ပွဲအတွင်း လက်နက်ကိုင် တိုက်ခိုက်မှုများအပေါ်တွင်လည်းကောင်း၊ တပ်မတော်က အပြည်ပြည် ဆိုင်ရာ စည်းမျဉ်း ဥပဒေများနှင့်အညီ တာဝန်ယူဆောင်ရွက်မှုများ အပေါ်တွင်လည်းကောင်း သက်ရောက်ခြင်းမရှိစေရ။

(ဆ) စစ်ရေးကိစ္စအတွက် နျူကလီးယားဒြပ်ပစ္စည်းကို ဖြစ်စေ၊ နျူကလီးယား အဆောက်အအုံတွင် ပါဝင်သည့် ပစ္စည်းကိရိယာကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ကိုင်စွဲခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းအပေါ်တွင် သက်ရောက်ခြင်း မရှိစေရ။

အခန်း(၈)

ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး

၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကို ဥပဒေ နှင့်မညီဘဲ တမင်ကျူးလွန်လျှင် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေ သည့် ဥပဒေမဲ့ပြုလုပ်သည့် ပြစ်မှုဖြစ်သည်-

(က) အတင်းအဓမ္မအင်အားသုံး၍ ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ သင်္ဘောကို ဖမ်းဆီး သိမ်းပိုက်မှု သို့မဟုတ် သင်္ဘောသွားလာရေးကို ထိန်းချုပ်မှု၊

(ခ) သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေတန်ရာသော ပြုလုပ်မှုဖြင့် သင်္ဘောပေါ်ရှိသူအား အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) သင်္ဘောကို ဖျက်ဆီးမှု သို့မဟုတ် သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေအောင် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်စည်များကို ဖြစ်စေ ဖျက်ဆီးမှု သို့မဟုတ် ထိခိုက်ပျက်စီးစေမှု၊

(ဃ) သင်္ဘောကိုပျက်စီးစေရန် သော်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေး ကို ဘေးအန္တရာယ်ဖြစ်စေရန် သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ပျက်စီးစေရန် သော် လည်းကောင်း ဖျက်ဆီးနိုင်သည့် သို့မဟုတ် ပျက်စီးစေနိုင်သည့်ကိရိယာ သို့မဟုတ် အရာဝတ္ထုကို သင်္ဘောပေါ်တွင်ထားရှိမှု သို့မဟုတ် ထားရှိစေမှု၊

(င) ရေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များ၊ ဆက်သွယ်ရေး အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဖျက်ဆီးမှု၊ ဆိုးရွားစွာ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ထိုအဆောက်အအုံစနစ်များနှင့် ဝန်ဆောင်မှုများကို ဆိုးရွားစွာဝင်ရောက် နှောင့်ယှက်ခြင်းဖြင့် သင်္ဘော ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြုလုပ်မှု၊

(စ) သင်္ဘော၏ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်း သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်အကြောင်း ကြားမှု၊

(ဆ) သူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘော ပေါ်တွင်ဖြစ်စေ၊ ထိုသင်္ဘောပေါ်မှဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်ပစ္စည်းများ သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေး အန္တရာယ်ဖြစ်စေသော ပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(ဇ) ပုဒ်မခွဲ (ဆ) တွင် ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယို သတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ အလားတူ ပစ္စည်းကိရိယာ၊ အခြားအရင်းအမြစ်ပစ္စည်း၊ အလိုအလျောက် အထူး ပြုကွဲနိုင်သည့် ပစ္စည်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အထူးပုံစံထုတ် ပြုလုပ်ထားသော သို့မဟုတ် ပြုပြင်ထားသောပစ္စည်းကိရိယာများကို သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဈ) သူတစ်ဦးဦးကို တစ်နည်းနည်းဖြင့် သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာ ရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင် ပစ္စည်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန် သင်္ဘောကိုအသုံးပြုမှု၊

(ည) ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပြီးသည့် အကြမ်းဖက် သမားအား သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဋ) ပုဒ်မခွဲ (က) မှ (ည) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းကမ်းချက်ဖြင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ ခြိမ်းခြောက်မှု၊

(ဌ) ပုဒ်မခွဲ (က) မှ (ဋ)အထိ ဖော်ပြထားသော ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ သူတစ်ဦးဦးကို ထိခိုက် ဒဏ်ရာရစေမှု သို့မဟုတ် သေဆုံးစေမှု၊

(ဍ) ပုဒ်မခွဲ (က) မှ (ဌ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန် ရာတွင် ကြံရာပါ အဖြစ် ပါဝင်ဆောင်ရွက်မှု။

သင်္ဘောများနှင့် ဆိပ်ကမ်းများ လုံခြုံရေး

၂၈။ (က) သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန်စီမံထားရှိ သော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေ မည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီတောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ အတွက် နိုးနိုးကြားကြားသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်၍ လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးနှင့် သတင်းအချက် အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်း အာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်း ကိုယ်စားလှယ်များအား ညွှန်ကြားရမည်။

(ခ) သင်္ဘောကုမ္ပဏီများသည် ဤအခန်းပါ သက်ဆိုင်ရာလိုအပ်ချက်များကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းလွယ်ကူ အဆင်ပြေရေး အသုံးအဆောင်ပစ္စည်းများ လုံခြုံရေးဥပဒေပါလမ်းညွှန် ချက်များကိုလည်းကောင်း အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်မှူးသည် နိုင်ငံတော်၏ဆိပ်ကမ်းတစ်ခုခုကို ဝင်ရောက်ဆိုက်ကပ် ခြင်း မပြုမီသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပင်လယ်ပြင်၌ အသက် ဘေးအန္တရာယ်ကင်းရှင်းရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင် နိုင်ငံ တစ်ခုခု၏ ဆိပ်ကမ်းတွင် ရှိနေလျှင်သော်လည်းကောင်း သတ်မှတ်ထား သည့် လုံခြုံမှုအဆင့်အလိုက် လိုအပ်ချက်များကို လိုက်နာဆောင်ရွက် ရမည်။

၂၉။ ရေယာဉ်မှူးသည်-

(က) သင်္ဘောများအား ဘေးအန္တရာယ်ဖြစ်စေသည့် ခြိမ်းခြောက်မှုများနှင့် ထိပါး တိုက်ခိုက်မှုများ၏အန္တရာယ်မှ ကင်းဝေးစေရန် လိုအပ်သော ကာကွယ်တားဆီးမှုများနှင့် နှိမ်နင်းမှုများကို ပြုလုပ်နိုင်သည်။

(ခ) သင်္ဘော၏ ဘေးကင်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရန် လိုအပ်လျှင် ကုန်စည်၊ ကုန်သေတ္တာ သို့မဟုတ် အခြားအလုံပိတ် ကုန်စည်သယ်ယူပို့ဆောင်ရန် သင်္ဘောပေါ် အတင်အချပြုလုပ်မှုကို ငြင်းဆိုခြင်းအပါအဝင် ရေယာဉ်မှူး ၏ ရေကြောင်းပို့ဆောင်ရေး အတွေ့အကြုံ ကျွမ်းကျင်မှုဖြင့်ဆုံးဖြတ်၍ ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ကို သင်္ဘောကုမ္ပဏီ၊ သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် အခြားသူတို့က တားဆီးချုပ်ချယ်ခွင့်မရှိစေရ။

၃၀။ (က) ဤအခန်းပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူ အား မိမိသင်္ဘော မှတ်ပုံတင်ထားသော နိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာ

စာမျက်နှာ (၇)သို့

စာမျက်နှာ (၆)မှ

တာဝန်ရှိသူထံသို့လည်းကောင်း၊ ဆိုက်ရောက်ရာ နိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း၊ ဖြစ်နိုင်သမျှ ကြိုတင်အကြောင်းကြားပြီး အတည်ပြုချက်ရယူလျက် သက်သေခံအထောက်အထားများနှင့်အတူ ဆိုက်ရောက်ရာ နိုင်ငံ၏ ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ လွှဲအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လွှဲအပ်သည့် အကြမ်းဖက်သမားအား လက်ခံရရှိသော ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူသည် ထိုအကြမ်းဖက်သမားအား ဤဥပဒေအခန်း(၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

၃၁။ ဤအခန်းပါ ရေကြောင်းပို့ဆောင်ရေးကို အန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည်။

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွင်း တွေ့ရှိရသော ပုဒ်မ ၂၇ ပါ ပြစ်မှုကျူးလွန်သူ သို့မဟုတ် ထိုပြစ်မှုဖြင့် စွပ်စွဲခံရသူနှင့်လည်း သက်ဆိုင်စေရမည်။

၃၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါသင်္ဘောများနှင့် မသက်ဆိုင်-

(က) စစ်သင်္ဘော၊

(ခ) နိုင်ငံတစ်နိုင်ငံက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် ရေတပ်အကူအဖြစ်သုံးသော သင်္ဘော သို့မဟုတ် အကောက်ခွန်အတွက်ဖြစ်စေ၊ ရဲတပ်ဖွဲ့အတွက်ဖြစ်စေ သုံးသောသင်္ဘော၊

(ဂ) ရေကြောင်းသွားလာခြင်းမှ ရုပ်သိမ်းထားသည့် သို့မဟုတ် လုပ်ငန်းရပ်နားထားသည့် သင်္ဘော၊

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်း မဟုတ်ဘဲ အစိုးရကပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် သင်္ဘောများနှင့် အစိုးရကိစ္စအတွက်သာ အသုံးပြုသည့် အခြားသင်္ဘောများ။

အခန်း (၉)
ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက ရေအောက် သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ ပြစ်မှုဖြစ်သည်-

(က) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် ထိန်းချုပ်၍ အသုံးချဆောင်ရွက်မှု၊

(ခ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံကို ဖျက်ဆီးမှု သို့မဟုတ် ပျက်စီးစေမှု၊

(ဃ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ ပျက်စီးစေအောင် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် တစ်နည်းနည်းဖြင့် ဖျက်ဆီးရေးကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ထိုအဆောက်အအုံပေါ်တွင် ချထားမှု သို့မဟုတ် ချထားစေမှု၊

(င) သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန် သော်လည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်တွင်ဖြစ်စေ၊ ထိုအဆောက်အအုံမှဖြစ်စေ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ပစ္စည်း သို့မဟုတ် ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသော ကိရိယာ သို့မဟုတ် အရာဝတ္ထု၊ အဆိပ်အတောက်ဖြစ်စေသော ကိရိယာ သို့မဟုတ် အရာဝတ္ထုကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ အများပြည်သူကို ခြိမ်းခြောက်မှု၊ သူတစ်ဦးဦးကို ဒဏ်ရာရစေမှု သို့မဟုတ် သေစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ (စ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၃၄။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်မှဖြစ်စေ ပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်တွင် သော်လည်းကောင်း၊ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းတွင် သော်လည်းကောင်း၊ မည်သူမျှ ပြစ်မှုကျူးလွန်နိုင်ခြင်း မရှိစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအားဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၀)
စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးနှင့် အမှတ်အသား ပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၅။ မည်သူမဆို-

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်း မရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ် ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင် ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှု ကျူးလွန်ရာရောက်သည်။

၃၆။ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များသည် အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်ကလုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်က ဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ လုပ်ငန်းတာဝန်အရ ဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

၃၈။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တပ်မတော်မှအာဏာပိုင်များ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်-

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်မညီညွတ်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှ ဆောလျင်စွာ ဖျက်ဆီးရမည်။

အခန်း (၁၁)
အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၉။ မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှုကြီးမားစွာဖြစ်စေတန်ရာအောင် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေရန် သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှု ဖြစ်သည်-

(က) အများပြည်သူ အသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အစိုးရ အသုံးအဆောင် အထောက်အကူပြုပစ္စည်းတစ်ခုခုတွင် ဖြစ်စေ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကိုဖျက်ဆီးမှု၊

(ခ) ပုဒ်မခွဲ (က) ၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊

(ဂ) အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၄၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၁၂)
အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၄၁။ မည်သူမဆို အကြမ်းဖက်မှုတစ်ခုခု ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ ယင်းပြစ်မှုဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်နိုင်စေရန် အလို့ငှာ အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာ ရောက်သည်-

(က) တရားဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ တရားမဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ ယင်းနည်းလမ်းနှစ်မျိုးလုံးဖြင့်ဖြစ်စေ ရရှိသည့် ရန်ပုံငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမား တစ်ဦးဦး သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုခုက အသုံးပြုရန်ရည်ရွယ်၍ သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် တမင်ကောက်ခံခြင်း သို့မဟုတ် လက်ခံခြင်း သို့မဟုတ် ထောက်ပံ့ခြင်း သို့မဟုတ် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး သို့မဟုတ် အကြမ်းဖက် အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ရည်ရွယ်၍ သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိနိုင်ရန်အကြောင်းရှိလျက်နှင့် သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုကဖြစ်စေ၊ အကြမ်းဖက်သမားကဖြစ်စေ၊ ယင်းတို့၏ ကိုယ်စား အခြားသူတစ်ဦးဦးကဖြစ်စေ သိုမှီးထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့်ပစ္စည်းဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိနိုင်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းပစ္စည်းကို ဖုံးကွယ်ခြင်း၊ ပြည်ပသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် အခြားသူ၏အမည်သို့ လွှဲပြောင်းခြင်း၊

(ဃ) အထက် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှုပြုခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကိုညွှန်ကြားခြင်း သို့မဟုတ် ထိုပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

၄၂။ မည်သူမဆိုသိလျက်နှင့် အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်-

(က) မည်သည့် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင် ပစ္စည်းကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် အရောင်းအဝယ်လုပ်ငန်း တစ်စုံတစ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခြင်း သို့မဟုတ် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုတစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေရန် သို့မဟုတ် ယင်းတို့၏ စီမံညွှန်ကြားမှုအရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် ငွေကြေးဝန်ဆောင်မှု သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ခြင်း၊

(ဃ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းဟု သိရှိသောပစ္စည်းကို မိမိလက်ဝယ်ထားရှိခြင်း သို့မဟုတ် ထိန်းချုပ်မှုအောက်တွင် ရှိနေခြင်း၊

(င) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ခြင်း၊

(စ) အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ခြင်း။

၄၃။ (က) မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်လျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှင် သို့မဟုတ် လွှဲပြောင်းရန်အားထုတ်လျှင် သော်လည်းကောင်း၊ ထိုသို့ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်လျှင် သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ခ) ပုဒ်မခွဲ(က)အရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင် ပစ္စည်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို သဘောရိုးဖြင့် ဖွင့်ဟပြောဆိုသည့် သူတစ်ဦးတစ်ယောက်အား တရားမကြောင်းဖြင့် ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့် ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၄၄။ ဤအခန်းပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတစ်ခုခု မပေါ်ပေါက်စေကာမူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုမပြုစေကာမူ သို့မဟုတ် ကောက်ခံရရှိသော ရန်ပုံငွေကို အကြမ်းဖက်မှုကျူးလွန်ရာတွင် အမှန်တကယ် မသုံးစွဲစေကာမူ သို့မဟုတ် ကောက်ခံထားသော သို့မဟုတ် ထောက်ပံ့ပေးသော ရန်ပုံငွေသည် အကြမ်းဖက်လုပ်ရပ် တစ်ခုခုနှင့် ဆက်စပ်မှုမရှိစေကာမူ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။ ဤသို့ဆိုရာတွင် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေအတွင်း အကြမ်းဖက်ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း သို့မဟုတ် ကျူးလွန်ဖြစ်ပွားခြင်းကို သော်လည်းကောင်း၊ အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားသည် ဤအခန်းပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦး တစ်ယောက်နှင့် နိုင်ငံ သို့မဟုတ် နယ်မြေတစ်ခုအတွင်း အတူတကွ သို့မဟုတ် ခြားနားသော နိုင်ငံ သို့မဟုတ် နယ်မြေများတွင် သီးခြားစီတည်ရှိနေခြင်းကို သော်လည်းကောင်း ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၄၅။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

အခန်း (၁၃)
စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၄၆။ ဗဟိုအဖွဲ့သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်ခြင်း သို့မဟုတ် ထိုသို့သော အမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအား လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် တားမြစ်မိန့်၊ ချိပ်ပိတ်အမိန့်နှင့်ပြောင်းလဲသည့်အခြေအနေအရ ထိုအမိန့်တို့ကို ရုပ်သိမ်းသည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံ ထုတ်ဆင့်သည့် အမိန့်။

၄၇။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည်-

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့်ပစ္စည်းများအား အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများထံ ရောက်ရှိမသွားစေရေးအတွက် လည်းကောင်း၊ ယင်းအဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက် အုပ်စုတို့က ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရေးအတွက် လည်းကောင်း၊ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးမပြုနိုင်စေရေးအတွက်လည်းကောင်း လိုအပ်သော စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများ ချမှတ်ခြင်းများပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) အကြမ်းဖက်သမားပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့်

စာမျက်နှာ (၈)သို့

စာမျက်နှာ (၇)မှ

တရားစွဲတင်နိုင်ရေးတို့အတွက် လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ သို့မဟုတ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုထုတ်နုတ်၍ဖြစ်စေ တာဝန်ပေးအပ်၍ ဆောင်ရွက်စေရမည်။

(ဂ) အကြမ်းဖက်မှုကျူးလွန်ရန်ထောက်ပံ့သောအဖွဲ့အစည်းများကို လည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို လည်းကောင်း အသုံးပြု၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ဃ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား အရေးယူစေခြင်းနှင့် သက်သေခံငွေကြေးနှင့်ပစ္စည်းများကို ပြည်ထောင်စုဘဏ္ဍာအဖြစ် သက်ဆိုင်ရာတရားရုံးက သိမ်းယူနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လိုအပ်သလို စီစဉ်ညွှန်ကြားရမည်။

(င) နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်လိုအပ်ပါက အကြမ်းဖက် အုပ်စုများနှင့် အကြမ်းဖက်သမားများ၏ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်ဖမ်းယူခွင့်အမိန့်ထုတ်ဆင့်နိုင်သည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်ပေးထားသော တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီကဖြစ်စေ ပေးအပ်သော လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သမျှ တည်ဆဲပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း (၁၄)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို အောက်ပါ အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်-

(က) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၁)၊ (၁၂) နှင့် (၁၃) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၇ ပါ လေယာဉ်ဝန်ဆောင်မှုပေးချိန် ဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်တွင် ကျူးလွန်သည့်ပြစ်မှု၊

(ဂ) ပုဒ်မ ၈ ပါ လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်မှု၊

(ဃ) ပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(င) ပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်တွင် ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်မှု။

၅၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ဆယ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်ဆယ်နှစ်အထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲငယ် (၁၀)၊ (၁၄) နှင့် (၁၅) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု၊

(ဂ) ပုဒ်မ ၁၉ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ အခြားရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ ပြစ်မှု၊

(ဃ) ပုဒ်မ ၂၀ ပါ နျူကလီးယား အဆောက်အအုံဆိုင်ရာ ပြစ်မှု၊

(င) ပုဒ်မ ၂၃ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ)(၁) ပါ နျူကလီးယားအဆောက်အအုံဆိုင်ရာ ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာပြစ်မှု၊

(စ) ပုဒ်မ ၂၄ ပါ နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာပြစ်မှု၊

(ဆ) ပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဇ) ပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဈ) ပုဒ်မ ၃၉ (က) နှင့် (ခ) ပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှု၊

(ည) ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) မှ (ဃ) အထိ ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု။

၅၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၅ ပါ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များကို ကျူးလွန်သည့် ပြစ်မှု၊

(ခ) ပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှု၊

(ဂ) ပုဒ်မ ၃၉ (ဂ) ပါ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၅၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးနှစ်မှ အများဆုံးထောင်ဒဏ် ခုနစ်နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပုဒ်မ ၃ ၊ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၆) မှ (၁၉) အထိ ပါရှိသော ပြုလုပ်မှု၊

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (င) နှင့် (စ) တွင် ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု၊

(ဂ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ သတင်းအချက်အလက်များကို ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်မှု။

၅၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉၊ ၅၀ နှင့် ၅၁ တို့တွင် ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ သေဆုံးစေလျှင် သို့မဟုတ် အပြင်းအထန် နာကျင်စေလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် နှစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၅။ ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၆။ တရားရုံးသည်-

(က) ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားသော အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်။

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများအား ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်းအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

အခန်း (၁၅)
နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်း မပြုနိုင်အောင် ကာကွယ်တားဆီးခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းကို ကာကွယ်တားဆီးခြင်း၊

(ဃ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာန ထူထောင်ရန် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၅၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့်စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

အခန်း (၁၆)
အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း

၅၉။ (က) ဤဥပဒေပါ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေး စာချုပ်ရှိဘိသကဲ့သို့ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ဖော်ပြထားသည့် တရားခံလွှဲပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်ပါအတိုင်း တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခံရသည့် နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်နှင့်ဆက်သွယ်ညှိနှိုင်းပြီး အကြမ်းဖက်သမား တရားခံအား လွှဲပြောင်းပေးခြင်း သို့မဟုတ် လက်ခံခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်စေရမည်။

၆၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ အကြမ်းဖက် ပြစ်မှုတစ်ရပ်ရပ်ကို နိုင်ငံတော်တွင်း၌ကျူးလွန်သည့် တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍-

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့် ဆက်နွယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့် ပြစ်မှုဟု မှတ်ယူခြင်းမပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင်ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေး ရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက် တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

အခန်း (၁၇)
အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံရေး

၆၁။ မည်သူမဆို ဤဥပဒေအရ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများရရှိစေရေးတို့အတွက် အာမခံချက်ရရှိစေရမည်။

၆၂။ မည်သူမဆို အကြမ်းဖက်မှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခံရလျှင် ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ထိုသူ၏နိုင်ငံသားအဖြစ်ခံယူထားသည့် နိုင်ငံမှ အနီးစပ်ဆုံး သင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

အခန်း (၁၈)
အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ

၆၃။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါရငွေနှင့် ပစ္စည်းများဖြင့် ထူထောင်ရမည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသည့် နိုင်ငံ့ဘဏ္ဍာမှ ထောက်ပံ့ငွေ၊

(ခ) တရားရုံးက လွှဲပြောင်းပေးသွင်းသည့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသော ငွေကြေးနှင့်ပစ္စည်းများ၊ ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ။

၆၄။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်ခွင့်ပြုခြင်းနှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုခြင်း ပြုနိုင်သည်-

(က) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ဆောင်ရွက်ရာ၌ လိုအပ်သော ကုန်ကျစရိတ်များ၊

(ခ) အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်သည့် ကိစ္စများ၊

(ဂ) အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်မှုများနှင့် အရေးယူဆောင်ရွက်သည့် ကိစ္စများ၊

(ဃ) အကြမ်းဖက်မှုကြောင့် ဘေးဒဏ်သင့်သူများအား သင့်လျော်သော ကူညီထောက်ပံ့မှုများ၊

(င) အကြမ်းဖက်သမားများအား ခံယူချက်ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများ၊

(စ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ။

အခန်း (၁၉)
အထွေထွေ

၆၅။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် ဆက်စပ်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ အခြားသူတစ်ဦးဦးက ထိုငွေကြေးနှင့်ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ထိုသူ၏အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း မရှိစေရ။

၆၆။ ဗဟိုအဖွဲ့သည် လူ့အခွင့်အရေးအရ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံလာခြင်းနှင့် စပ်လျဉ်း၍ ထိုသို့ ခိုလှုံခွင့်တောင်းခံလာသူမှာ အကြမ်းဖက်မှုကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိနှင့် ထိုအကြမ်းဖက်မှုကို ကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု၊ ပူးပေါင်းကြံစည်မှု ကျူးလွန်ခြင်းရှိ၊ မရှိ တို့ကို သေချာစွာစိစစ်စေပြီး အကြမ်းဖက်မှုကျူးလွန်ခဲ့ကြောင်းကို သော်လည်းကောင်း၊ ထိုအကြမ်းဖက်မှုကိုကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ပူးပေါင်းကြံစည်မှု ကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း တွေ့ရှိပါက ထိုသူအား ဤဥပဒေအရ ထိုက်သင့်သလို အရေးယူဆောင်ရွက်ရမည်။

၆၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အကြမ်းဖက်မှုတစ်ခုခုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၆၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့နှင့် ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကိုဖွဲ့စည်း၍ ရုံးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်။

၆၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၀။ ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသည့် သူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးအပေါ် ယင်းတို့၏လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်မှုအတွက် တရားမကြောင်းအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ADVERTISEMENT

EEC

European Standard Degree for Myanmar Students

- **Executive MBA in Myanmar**
- **International Business Relations (HND) Diploma**
- **Business English Advanced Diploma**
- **International Business Relations B.A Degree in Europe & MBA in USA**
- **Quality Program Certificates**

January Intake

SWPS www.eecmyanmar.com 09-250233662 facebook.com/eecmyanmar

ဂွတ်ချည်ဆေးတိုက်

YOUR INDUSTRY DIRECTORY

သင့် လုပ် ငန်း အ တွက် အ ကောင်း ဆုံး လမ်း ညွှန်

2014-15 အတွက်

သင့်လုပ်ငန်းများ

နေရာယူနိုင်ပါပြီ။

09 - 44800 1654
09 - 44800 1655
09 - 44800 1658
09 - 44800 1663

373254 , 245358 (Ext 810-819) Email - ydg.adv@gmail.com

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်၊ ပိတောက်လမ်းနေ **ဦးဌေးမြင့်** (ACE ဆောက်လုပ်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ)၊ (Road to Ayeyarwaddy Co.,Ltd & Life Ayar Purified Drinking Water -ဥက္ကဋ္ဌ)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/ ၂၀၁၄)ဖြင့် နိုင်ငံတော်မှ ချီးမြှင့်သော **"သုဓမ္မပဏီဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း အသက်ရှည်၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နိုင်ငံအကျိုး၊ ဘာသာသာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သအပ်ပါသည်။

ချစ်သောဇနီး ဒေါ်ညိုညိုဝင်း(MD)
Life Ayar Purified Drinking Water Co.,Ltd. နှင့်
ချစ်သော ညီအစ်ကိုမောင်နှမများ
ချစ်လှစွာသော တူ၊ တူမများ
ချစ်မြေးများ

FORWARD

Service Guide

Air-Con Bus

27000/-

01-579831 , 095089800 , 09731723300 , 095087409

INJYNN DEVELOPMENT CO., LTD [illegible] **INJYNN CAPTAIN** [illegible] **NEWCRUZ SHIPBUILDING & ENGINEERING PTE LTD** [illegible]

[illegible] **Newcruz Shipbuilding & Engineering Pte Ltd.** (21), Tuas Crescent, Singapore [illegible] **INJYNN DEVELOPMENT CO. LTD** [illegible] **SWIBER OFFSHORE MARINE PTE LTD** [illegible] **SWIBER CAPTAIN** [illegible] **INJYNN DEVELOPMENT CO., LTD** [illegible]

[illegible] **INJYNN DEVELOPMENT CO., LTD** [illegible] **SWIBER CAPTAIN** [illegible] **Newcruz Shipbuilding & Engineering Pte Ltd.** [illegible] **INJYNN DEVELOPMENT CO., LTD** [illegible]

(၁) [illegible] Newcruz Shipbuilding & Engineering Pte Ltd [illegible]

(၂) [illegible] Newcruz Shipbuilding & Engineering Pte Ltd. [illegible]

(၃) [illegible] Swiber Offshore Marine Pte Ltd [illegible]

(၄) [illegible] Newcruz Shipbuilding & Engineering Pte Ltd. [illegible]

[illegible] Newcruz Shipbuilding & Engineering Pte Ltd. [illegible] **INJYNN DEVELOPMENT CO. LTD** [illegible] **INJYNN DEVELOPMENT CO. LTD** [illegible] Newcruz Shipbuilding & Engineering Pte. Ltd. [illegible] **INJYNN DEVELOPMENT CO. LTD** [illegible]

[illegible] **INJYNN DEVELOPMENT CO. LTD** [illegible] Newcruz Shipbuilding & Engineering Pte Ltd. [illegible]

[illegible]

E-mail: [illegible]

Tel: [illegible], Mobile: [illegible], G.P.O Box [illegible], Yangon, Myanmar

တန်ဆောင်တိုင်နှင့် Happy New Year အကြို
Oramin-G ၏ ကျန်းမာရေးလက်ဆောင်
Promotion
31st Jan, 2014
Oramin-G
Aquatabs
MOSAWAY
Medilac-S
Oramin-G Medicine Box
DAEWON PHARM. CO., LTD.

CEO
"Work Smart & Work Hard"
Speaker
UMFCCI
Sponsored by

PUN HLAING HOSPITAL
(Arthroscopy)
(Hip & Knee Joint Replacement)
Ilizarov